www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


မိတ်ဆက်စကား ၁

၁။ တစ္ဆေအတူဖြစ်ရသည့် ချစ်သူနှစ်ဦး ၅

၂။ သားသမီးတွေ ငိုယိုကြဖြစ်ခဲ့ရ ပြိတ္တာတစ္ဆေ ၁၆

၃။ ပစ္စည်းစွဲသေသော ငါပစ္စည်းပြန်ပေးတစ္ဆေ ၂၆

၄။ ဘာပဲစွဲစွဲ သရဲဖြစ်ရမှာက ကိုယ် ၃၉

၅။ ကိုယ်လုံးတီး ပြိတ္တာဖြစ်ရခြင်းအကြောင်းမှာ ၄၉

၆။ ပစ္စည်းချစ် ဥစ္စာစောင့်ဖြစ် ၆၂

၇။ ကုန်တော့အတူတူ မြူစွတော့ ပြိတ္တာဖြစ် ၇၁

၈။ ကောင်းကင်သာယံ့ရ ဘဝတ ပြိတ္တာတစ္ဆေ ၈၂

၉။ သရဲနှင့်လူ မိတ်ဆွေဖြစ်ကြပြီ ၈၉

၁၀။ နှောင်းမှ နောင်တ အသုံးမကျ ၁၀၇

၁၁။ နောက်ဆက်တွဲ (ပြိတ္တာခေါ် တစ္ဆေ၊ မြေဘုတ်၊ အစိမ်းသရဲ စသည်အကြောင်း ရှင်းလင်းချက်) ၁၂၄

၁၂။ လူသေလျှင် သရဏဂုံ တင်ရခြင်းကိစ္စ ၁၄၂

၁၃။ ၇-ရက်လည်မှ သေသူက အိမ်က ထွက်သလား ၁၄၇

၁၄။ တစ္ဆေသရဲ ရှိပါသည်။ သို့သော် ၁၅၄

၁၅။ မကျွေးတတ်၍ မစားထိုက်သလော ၁၆၂

၁၆။ ထေရဝါဒနှင့် စုန်း၊ နတ်ပေဒင် ၁၇၂

၁၇။ ယမမင်းနှင့်တွေ့စုံပါသလော ၁၇၉

၁၈။ မေ့မျောနေချိန်မှာ ၁၈၇

၁၉။ ပစ္စုပ္ပန်သံသရာ မနစ်နာကြစေဖို့ ၁၉၄

၂၀။ လက်စွပ်လေးတစ်ကွင်း ၂၀၂


www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဆက်စကား

ပြိတ္တာတစ္ဆေဟူသည် ဘုရားရှင်လက်ထက်မှာဖြစ်စေ၊ အခြားခေတ်အခါမှာဖြစ်စေ မလွဲမသွေ ရှိနေမည်သာဖြစ်၏။ ထိုပြိတ္တာတစ္ဆေဘဝသို့ စာရေးသူလည်း ရောက်ချင်ရောက်နိုင်၏၊ စာဖတ်သူလည်း ရောက်ချင်ရောက်နိုင်၏။ သောတာပန် အရိယာ မဖြစ်သေးသမျှ မည်သူမျှ ဂတိမမြဲနိုင်ပေ။

ယခုအခါ နေလိုလလို သာသနာတော်ကြီး ထွန်းကားနေချိန်ဝယ် ဒါန၊ သီလ၊ သမထတို့ကိုလည်း လုပ်သင့်၏။ ထို့ထက် ဝိပဿနာကို ပို၍လုပ်သင့်ကြသည်။ ဒါန၊ သီလ၊ သမထတရားတို့ဆိုသည်ကား ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ၊ ရှိသဖြင့် လူဖြစ်လာလျှင် ကြုံနိုင်သေး၏။ ဝိပဿနာကား၊ ဘုရားတစ်ဆူ တစ်ဆူပွင့်မှသာ ပေါ်ပေါက်လာ

မိတ်ဆွေ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရသော တရားတော်ဖြစ်သည်။

အဆိုပါဝိပဿနာသည် ဘုရားရှင် ပွင့်မှပေါ်သော်လည်း မိမိတို့က ထိုအချိန်လူလာမဖြစ်လျှင်လည်း ကျင့်ကြံကြိုးကုတ် အားမထုတ်နိုင်ပေ။ လူလာဖြစ်သော်လည်း ဘုရားရှင် သာသနာနှင့် မကြုံရဘဲ သာသနာပခေတ်ကြီး၌သာ လူဖြစ်လာပါမူ၊ မည်မျှ နိဗ္ဗာန်လိုချင်၍ ဝိပဿနာ တရားအားထုတ်လိုသော်လည်း နည်းပေးလမ်းပြသည့် ဆရာသမားမရှိပါက လုံးဝအားထုတ်နိုင်မည် မဟုတ်ပေ၊ ဒါန၊ သီလ၊ သမထဟုဆိုအပ်သော သာသနာပတရားမျိုးနှင့်သာ ကြုံရပြီး သံသရာကျင်လည်ကြရပေဦးမည်။

ယခုအခါ သာသနာတော်ကြီးနှင့်လည်း ကြုံနေပြီး၊ မိမိတို့လည်း လူလာဖြစ်နေပြီ၊ ဗုဒ္ဓဘာသာတစ်ယောက်အဖြစ်သည်း ခံယူထားပေပြီ။ သူတော်ကောင်းတရားလည်း နာကြားခွင့်ရပေပြီ၊ ဆရာကောင်းများလည်း ရိပ်သာတွေမှာ ရှိနေပြီ။ မိမိတို့လိုအပ်သည်မှာ "သဒ္ဓါသမ္ပတ္တိဘာဝေါဒုလ္လဘော" ဟု ဆိုအပ်သော ယုံကြည်သော သဒ္ဓါတရားသာ ရှိဖို့လို၏။ သဒ္ဓါတရားရှိလျှင် နည်းနာနိဿယတရား အားထုတ်နည်းများကို ဆရာတောင်းထံ ခံယူလျက် မိမိအိမ်၌သော်လည်း အားထုတ်သင့်ကြပေသည်။





သို့မှသာ သောတာပန် မဖြစ်သော်လည်း ကလျာဏပုထုဇဉ် ဘဝဖြင့် သေလျှင် ကောင်းရာသုဂတိရောက်နိုင်ပေမည်။

အကယ်၍များ(လယ်တီဆရာတော်ဘုရားကြီး၏ စကားအတိုင်းဆိုရသော်) ခွင့်သာခိုက်မှ မလိုက်ကြလျှင် စာရေးသူတို့အဖို့ များစွာ နစ်နာသွားနိုင်ပေသည်။

များသောအားဖြင့် စာရေးသူတို့သည် အပါယ်လေးပါးစာသော အလုပ်များခဲ့ကြသည်။ အပါယ်လေးပါးလွတ်ရန် အလုပ်ကိုမူ ဆင်ခြေဆင်လက်ဖြင့် ရှောင်နေကြသည်။ အပါယ်လေးပါး လွတ်နိုင်သော အလုပ်ကို လုပ်ရန် ရှောင်နေကြသော်လည်း အပါယ်လေးပါးသို့ ရောက်သော် ရှောင်ကွင်း၍ရမည်မဟုတ်ပေ။

ငရဲရောက်ရခြင်း၊ ပြိတ္တာဖြစ်ရခြင်း၊ တိရစ္ဆာန်ဖြစ်ရခြင်းတို့သည် လွန်စွာလည်း ဆင်းရဲ၏။ ရောက်သွားက ရှောင်တွင်း၍လည်း မရနိုင်ပေ။ ပရဒတ္တူပဇီဝ ပြိတ္တာဖြစ်လျှင် အခြားအပါယ်သတ္တဝါများထက် တော်နေသေး၏ဟု ဆိုသည်။ (အသူရကာယ်ကို ပြိတ္တာ၌ ယူပါ)

သို့သော်လည်း အပါယ်ဒုဂ္ဂတိသို့ ရောက်ရခြင်းသည် မည်သည့်နည်းနှင့်မျှ မကောင်းပါ။ အပါယ်တစ်ခါရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



က သုဂတိဘုံများသို့ရောက်ရန် လွန်စွာ ခက်လှပါသည်။

အမြင့်မှ အောက်သို့ တစ်ဖြည်းဖြည်းဆင်းရန် လွယ်ကူသလောက်အောက်မှ အမြင့်သို့ တက်ရန်ကား အလွန် ခဲယဉ်း၏။

ထို့အတူ အပါယ်တစ်ဘုံမှ အခြားအပါယ်တစ်ဘုံသို့ ကူးရန်လွယ်ကူသော်လည်း သုဂတိတစ်ဘုံမှ သုဂတိတစ်ဘုံသို့ ကူးရန်ကား အလွန့်အလွန် ခဲယဉ်းလှပါသည်။

ထို့ကြောင့် အပါယ်ဒုဂ္ဂတိ ပြိတ္တာ တစ္ဆေ စသော ဘဝတို့မှ ကင်းဝေးကြရန် ဝိပဿနာတရားကို အမြဲတန်းဖြစ်စေ၊ အမြဲတန်းမတတ်နိုင်က အခါအားလျော်စွာ ဖြစ်စေ အားထုတ်သင့်ကြပါသည်။

အကယ်၍ ဤစာအုပ်ဖတ်ပြီး သံဝေဂပွား၊ သတိတရားရကာ ဝိပဿနာလုပ်ခဲ့သော် စာရေးသူ ဝမ်းသာရမည်ဖြစ်ပါသည်။

အထူးအားဖြင့် ဤစာအုပ်ရေးရန် ခဏခဏတိုက်တွန်းအားပေးသော စာရေးဆရာ သုတေသီ ဘုန်းမြင့်သွေးနှင့် ဝတ္ထုကြောင်းများ ပြောသူတို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

* * * * *



## တစ္ဆေအတူဖြစ်ရသည့် ချစ်သူနှစ်ဦး

မေတ္တာစစ်တို့မည်သည် ဖြောင့်ဖြူးခြင်းမရှိ ဟူသောဆိုရိုးစကားတစ်ခုရှိသည်။

ချစ်သူနှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး အသက်ပေးချစ်လျက် ဘဝကြင်ဖော်များအဖြစ် နေကြမည်ဟု ဆုံးဖြတ်ကြသော် အနှောင့်အယှက် အခက်အခဲတို့မှာ တစ်ခုမဟုတ်တစ်ခုဆိုသလို ပေါ်လာတတ်လေသည်။

တစ်ဦးနှင့်တစ်ဦး ငွေကြေးဥစ္စာ ကြွယ်ဝမှုနှင့် ဆင်းရဲမွဲတေမှု ပြဿနာများ၊ ပညာတတ်နှင့် ပညာမဲ့မှုပြဿနာများ၊ ဆွေမျိုးအသိုင်းအဝိုင်းတောင့်တင်းခိုင်မာမှုနှင့် ဆွေမျိုးအသိုင်းအဝိုင်းအားနည်းပျော့ညံ့မှုများ၊ အရာရှိ အသိုင်းအဝိုင်းနှင့် သာမန်အဆင့်မျှ ရှိမှုများ၊ ပစ္စည်းဥစ္စာတူ ဂုဏ်တူသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



စီးပွားပြိုင်ဘက်၊ ရာထူးပြိုင်ဘက် စသည် အမှတ်စွများ ရှုပ်ထွေးလာလျှင် လူငယ်တို့သည် ကွဲနှစ်ကောင်ခတ်ရာ မြေစာပင်ဖြစ်ရလေတော့သည်။

အဆိုပါ အကြောင်းပေါင်းများစွာရှိသည့်အနက် မောင်တင့်ဇော်၊ မခင်လေးတို့ လူငယ်ဘဝချစ်ကြိုက်ရာ၌ မိဘတို့၏ စီးပွားပြိုင်ဘက်ရာထူးပြိုင်ဘက်ဖြစ်ကြသောကြောင့် လူငယ်ချင်းကွဲကွာရမည့် အခြေဆိုက်နေရသည်။

မောင်တင့်ဇော် အဖေ ဦးမောင်ကြီးနှင့် မခင်လေး၏ အဖေ ဦးဘိုတို့သည် အိမ်ခြေတစ်ထောင်ခန့်ရှိသော ကျေးရွာကြီးတစ်ရွာတွင် ဩဇာတိက္ကမ အလွန်ရှိသူများဖြစ်ကြ၏။ ငွေကြေးဥစ္စာလည်း နှစ်ဦးစလုံးရှိကြသူများ ဖြစ်ကြသည်၊ သို့သော်လည်း ဦးမောင်ကြီးနှင့် ဦးဘိုတို့သည် စိန်နှင့် သံပရာကဲ့သို့ လုံးဝပေါင်းစည်းရောစပ်မရကြသူများ ဖြစ်လေသည်။

ရောစပ်မရခြင်းကား ရာထူး ပြဿနာဖြစ်သည်။ ခေတ်ကာလအချိန်က သူကြီးဟူသော ဂုဏ်ပုဒ်ကို လူအတော်များများ နှစ်သက်မက်မောကြ၏။ မက်မောစရာကောင်းလောက်အောင် သူကြီးဆိုသူတို့က အရာရောက်ကြသည်။ သူကြီးမဆိုထားနှင့် သူကြီးသားသည်ပင် အရာရောက်ကြသည့်ခေတ်ပင် ဖြစ်သည်၊ ထို့ကြောင့် သူကြီးရာထူးကို ထို





အချိန်က ရမည်ဆိုလျှင် လူတိုင်းနည်းပါးလိုချင်ကြသည်မှာ အဆန်းမဟုတ်ပေ။

ထိုသူကြီးဖြစ်လိုသူများထဲတွင် ဦးမောင်ကြီးနှင့် ဦးဘိုသည် ထိပ်ဆုံးမှ ပါဝင်ကြသူများဖြစ်၏။ သူတို့နှစ်ဦးသည် ယခင်က အလွန်ချစ်ခင်ကြသော သူငယ်ချင်းများဖြစ်ကြ၏။ ယခုအခါမှာ သူကြီးဟူသော ရာထူးတစ်နေရာကြောင့် တစ်ဦးနှင့်တစ်ဦး မတည့်ကြတော့ဘဲ သူကြီးအရွေးခံကြ၏။

တစ်ဦးနှင့်တစ်ဦး သူကြီးအရွေးခံရရေးအတွက် ကျေးရွာ လူအများကို နည်းအမျိုးမျိုးဖြင့် စည်းရုံးကြ၏။ ချော့သည်လည်းပါ၏၊ ခြောက်သည်လည်းပါ၏၊ ငွေကြေးဥစ္စာပေးမှုလည်းမကင်း၊ မသမာမှုရော အဓမ္မနည်းရောဆိုသလို မိမိဘက်က မဲရရှိရေးသာအဓိက ထားကြလေသည်၊

တစ်ဦး၏ ငယ်ကျိုးငယ်နာကို တစ်ဦးက တစ်တစ်ခွခွ ပြောဆိုကြ၏။ မည်သို့ဆိုစေ၊ အရှုံးနှင့် အနိုင်ဟူသည်မှာ ရှိစမြဲဖြစ်၏၊ နှစ်ဦးတည်းသာ ရွေးသောပွဲဖြစ်သဖြင့် တစ်ဦးနိုင်ရပေမည်၊ ထို့ကြောင့် သူကြီးရွေးပွဲတွင် ဦးမောင်ကြီးတမဲနိုင်၍ သူကြီးဖြစ်သွားသည်၊ ဦးဘိုကြီးက ရှုံးသွားသဖြင့် ဦးမောင်ကြီးအပေါ် မကျေနပ်အာဃာတထားလေသည်၊

ထိုမကျေနပ်မှုတို့သည် မောင်တင့်ဇော်နှင့် မခင်လေး



www.burmeseclassic.com

www.burmeseclassic.com



တို့အား လာရောက်ရိုက်ခတ်လေတော့သည်။

သားရှင် ဦးမောင်ကြီးဘက်က မည်သို့မျှ မပြောသော်လည်း သမီးရှင် ဦးဘိုသည်ကား မောင်ကြီးသားနှင့်ဆိုလျှင် သူ့သမီး လုံးဝ မပေးစားနိုင်ကြောင်း ဆိုလာသည်။

မိန်းကလေးရှင်ဘက်မှ ထိုအသံမျိုးကြားရသော ဦးမောင်ကြီးကလည်း သားရှင်ပီပီ သူကြီးဂုဏ်ကလည်း ရှိနေသဖြင့် သူ့ဘက်က မပေးစားလျှင်နေ တို့ဘက်ကလည်း ယောကျ်ားလေးပဲ အရှုံးမရှိဟု မာနတက် လက်မထောင်ပြလိုက်၏။

ထိုအခါ မောင်တင့်ဇော်နှင့် မခင်လေးတို့ ချစ်သူနှစ်ဦးသာ ကွဲကွာရမလို ဖြစ်နေလေသည်။

မောင်တင့်ဇော်ကလည်း လူကြီးတွေ ဘယ်လိုခွဲခွဲ မကွဲကြစတမ်းဟု ခံယူထားသလို မခင်လေးကလည်း မောင်ခေါ်မည်ဆို တိမ်ပေါ်အထိလိုက်မည်ဟု ဆိုလာသည်။

သူတို့နှစ်ဦး၏ အလွန်ခိုင်မြဲသော ဖွဲ့သတ္တိများကြောင့် နှစ်ဖက်မိဘတို့သည် အမြဲမပြတ် စောင့်ကြည့်လျက်ရှိကြသည်။ အထူးသဖြင့် မိန်းကလေးရှင်ဖြစ်သည့် မခင်လေး၏ မိဘများက သူတို့သမီးကို မျက်စိအောက်က အပျောက်မခံလောက်အောင် စောင့်ကြည့်ကြသည်။





သို့ရာတွင် မည်မျှပင် စောင့်ကြည့်သော်လည်း သတိဆိုသည်မှာ တစ်ချက်မဟုတ် တစ်ချက်လစ်တတ်သောကြောင့် တစ်ညတွင် မခင်လေးအိမ်က ပျောက်သွားလေသည်။ မခင်လေးအိမ်ကပျောက်သွားသည်ကို သိလျှင်သိခြင်း အိမ်ကလူများ ဗျာများလျက် မီးတုတ်၊ ဓာတ်မီးစသည်တို့ဖြင့် လိုက်ရှာကြလေသည်။

မောင်တင့်ဇော်နှင့် မခင်လေးတို့သည်လည်း လူကြီးတွေ အလစ်ကို ထွက်ပြေးခဲ့ရသဖြင့် နှစ်ဦးသား မောဟိုက်နေကြပြီ။

ထိုအခိုက် ဝိုင်းဟော့၊ လိုက်ဟော့၊ ဟိုမှာဟော့ ဟူသော နောက်မှအသံများကို ကြားနေရသော် နောက်က လူများမမီခင် ဟိုဘက်ကမ်းကူးမှဖြစ်ပေမည်။ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းသည် မြစ်ခြားနေ၏။ ထိုမြစ်ကို ကူးမှသာ နောက်ကလူများနှင့် ဝေးမည်ဖြစ်၏။

ထို့ကြောင့် မောင်တင့်ဇော်တို့သည် ဟိုဘက်ကမ်းသို့ကူးရန် လှေဆိပ်သို့လာကြ၏။ ကံအားလျော်စွာ လှေနှစ်စင်းကို တွေ့ရ၏။

နောက်က ဝိုင်းဟော့ လိုက်ဟော့ ဟူသော အသံများသည် တဖြည်းဖြည်းနီးကပ်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်တင့်ဇော်သည် နောက်က ညာသံပေးလိုက်ကြသော အသံများကြောင့် ကြောက်စိတ်နှင့် တုန်လှုပ်စိတ်တို့က ရောထွေးနေပြီး ဘာလုပ်ရမည်မသိဘဲ ဖြစ်နေ၏။

"ကိုဇော်၊ ကိုဇော် နောက်ကလာကြတော့မယ်လေ။ လှေမြန်မြန်ဖြုတ်ပါ"ဆိုသော မခင်လေး၏ အလောတကြီးပြောလိုက်မှ လှေကြိုးကို ဖြုတ်၍ နှစ်ဦးသား လှေပေါ်တက်ပြီး အမြန်လှော်ခတ်လေတော့သည်။

နောက်က လိုက်သူများလည်း ကမ်းစပ်သို့ရောက်လာကြသည်။ မောင်တင့်ဇော်တို့နောက်သို့ ကျန်ရှိသော လှေတစ်စင်းဖြင့် လူနှစ်ယောက်လိုက်ကြ၏။ ကျန်လူများက ကမ်းစပ်မှ စောင့်ကျန်ရစ်ကြသည်။

လရောင်မရှိသော ကြယ်ရောင်ဖျော့ဖျော့အောက်တွင် ကျယ်လွန်းသော မြစ်ရေပြင်ကို လှေလှော်မကျွမ်းသော မောင်တင့်ဇော်သည် မမြင်မကမ်းသာ လှော်နေရ၏။ ဘယ်ဆီဘယ်ဝယ်သို့ ရောက်မည်ကို မသိရပေ။

သို့သော် သိပ်မကြာပါ။ နောက်က လိုက်လာသော လှေက"ဟိုမှာ၊ ဟိုမှာ"ဟူသော အသံကို ကြားလိုက်ရသော မောင်တင့်ဇော်တို့ ချစ်သူနှစ်ဦးသည် အလန့်တကြားဖြစ်ကာ ယိမ်းယိုင်သွားပြီး လှေမှောက်လေတော့သည်။





ရေမကူးတတ်သော ချစ်သူနှစ်ဦးသည် တစ်ဦးနာမည်တစ်ဦးခေါ် လျက် လက်ချင်းတွဲကာ ရေအောက်မြုပ်သွားရှာသည်။ သူတို့၏ အသက်များကို မြစ်ရေက ဝါးမြိုသွားလေသည်။

မောင်တင့်ဇော်နှင့် မခင်လေးတို့ ရေနစ်သေကြပြီးနောက်တွင် ထိုလှေဆိပ်တွင် သူတို့နှစ်ဦးကို မကြာခဏ မြင်ရသူများ ရှိသည်ဟု ဆိုကြလေသည်။

နှစ်ဖက်မိဘက သူတို့ နှစ်ဦးအတွက် သပိတ်သွတ်အမျှဝေကြသော်လည်း မကျွတ်လွတ်ဘဲ ရှိနေကြသည်ဟု ဆို၏။

တစ်ခါသော် လရောင်သာသာဖြင့် လူတစ်ယောက်သည် အရေးကြီးကိစ္စဖြင့် ဟိုဘက်ကမ်းသို့ လှေဖြင့်ကူးရန် ရောက်လာလေသည်။

ထိုအခါ မောင်တင့်ဇော်နှင့် မခင်လေးတို့သည် သူတို့ပါ လိုက်လိုပါသည်ဟု ဟိုဘက်ကမ်းကူးမည့်သူအား ပြော၏။

ထိုသူသည် မောင်တင့်ဇော်တို့ ကိစ္စကို မေ့မေ့ပျောက်ပျောက် ထားသူဖြစ်၏ မောင်တင့်ဇော်နှင့် မခင်လေးတို့ဟုမထင်ဘဲ တကယ့်လူအစစ် ချစ်သူများဟု ထင်နေ၏။ ထို့ကြောင့် . . "မင်းတို့က ဘယ်သွားမှာလဲ ဘယ်သူတွေလဲ"ဟု



www.burmeseclassic.com

www.burmeseclassic.com



မေးရာ လူရွယ်က. . . "ကျွန်တော်က တင့်ဇော်ပါ၊ သူက ကျွန်တော့်ချစ်သူ မခင်လေးပါ၊ ဟိုဘက်ကမ်းလိုက်ပါရစေ"ဟု ဆိုမှ မောင်တင့်ဇော်တို့ မကျွတ်သေးကြောင်းကို သတိထားမိသည်ဟု ဆိုပါသည်။

"မင်းတို့ မကျွတ်သေးဘူးလား၊ ဘယ်လိုနေသလဲ" ဟိုဘက်ကမ်းကူးမည့်သူက မေး၏။

"ကျွန်တော်တို့ မကျွတ်သေးပါဘူးဗျာ၊ စားစရာက တော့် ဟိုမှာရှာစား ဒီမှာရှာစားနေရပါတယ်"

"မင်းတို့မိဘတွေက မင်းတို့သေတုန်းက သပိတ်သွတ်အမျှဝေတာ မင်းတို့ မရကြဘူးလား"

"မရကြဘူး. . . ကျွန်တော်တို့ မသိလိုက်တာပါ"

ဟိုဘက်ကမ်း ကူးမည့်သူသည် ထိုချစ်သူနှစ်ဦးကို အလွန်သနားသွား၏။

"ဒါဆိုရင်. . . ငါပြန်တော့ မင်းတို့မိဘတွေကို ပြောလိုက်မယ်၊ ကဲကဲသွားကြတော့၊ ငါ့နောက်လည်းမလိုက်နဲ့" ဟု ဆိုကာ ပြောပြောဆိုဆိုလှေကိုလှော်ထွက်သွားရာ မောင်တင့်ဇော်တို့လည်း ပျောက်ကွယ်သွားသည်ဟု ဆိုသည်။

ထို့နောက် ရွာရောက်သော် သက်ဆိုင်ရာမိဘတို့ကို ပြောပြ၏။ ထိုအဖြစ်ကို မိဘနှစ်ပါးစလုံးက လက်ခံကြလေ





သည်။ နှစ်ဦးနှစ်ဖက်လည်း သူတို့အမှားကို သိကြပြီး၊ သူကြီးခေတ်လည်းကုန်ခဲ့ပြီ၊ အသက်တွေလည်းကြီးလာသဖြင့် ယခင်က ရန်ငြိုးကိုလည်း ချေနိုင်ခဲ့၏။

ထို့ကြောင့် မောင်တင့်ဇော်နှင့် မခင်လေးတို့အတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုလုပ်သည်။ အမျှအတန်းဝေသည်။

အမျှအတန်းဝေစဉ် သာဓုခေါ်သံကိုကြားရသည်ဟု ဆိုပါသည်။ အချို့သူများက ချစ်သူနှစ်ဦး အဝတ်အစား တောက်တောက်ပြောင်ပြောင်နှင့် မထင်မရှား မြင်တွေ့ရသည်ဟုပင် ဆိုပါသည်။

## ထင်မြင်ချက်

ဤကလေးနှစ်ဦးတို့အဖို့ ပြိတ္တာတစ္ဆေဖြစ်ရခြင်းသည် မိဘတို့၏ ဂုဏ်လိုချင်မှုသည် အဓိကတရားခံဟု ဆိုလျှင် မမှားသော်လည်း တကယ့်တရားခံမှာ စွဲလမ်းသော တဏှာခေါ် လောဘ တရားသည်သာလျှင် ဖြစ်လေသည်။

ထိုကဲ့သို့ စွဲလမ်းသောကြောင့် အချို့ဘုရားလက်ထက်က အထက်နတ်ဘုံ၌ဖြစ်ရမည့်အစား၊ ဝေမာနိကပြိတ္တာများ ဖြစ်ကြရသည်တွေများစွာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အချစ်နှင့်ပတ်သက်လာလျှင် လူကြီးမိဘတို့သည် တစ်ယူသန် တစ်ဖွတ်ထိုးသမားမဖြစ်ရန် အထူးလိုအပ်၏။

ထို့အတူ လူငယ်များလည်း မိဘတို့က သဘောမတူလျှင် ဖွတ်အတင်းမပြုလုပ်သင့်ကြပေ။

အချစ်ဆိုသောအရာသည် မြင်ရသော အရာမဟုတ်ပေ။ ထာဝစဉ်ခိုင်မြဲသည်လည်းရှိ၏။မခိုင်မြဲသည်လည်းရှိတတ်လေသည်။

အဘယ်မျှပင် အသက်တမျှ ချစ်ပါသည်ဟု ဆိုစေဦး၊ မိမိကြိုက်လျှင် ခိုးပြေး၊ လိုက်ပြေးကြသော်လည်း နောင်အဆင်မပြေကြသဖြင့် ကွဲကွာကြသော မောင်နှံတွေ များစွာရှိလေသည်။

ဤသည်ကိုထောက်၍ မိဘ မကြည်ဖြူ မနှစ်သက်သူများကို ရှောင်သင့်က ရှောင်ရပေမည်။

လုံးဝရှောင်မရလျှင်လည်း မိဘများလက်ခံလာအောင် မိမိကိုယ်တိုင်ဖြစ်စေ၊ တစ်ဦးတစ်ယောက်ကိုဖြစ်စေ အပြောခိုင်းရပေမည်။

အချုပ်ဆိုရသော် မိဘလည်းနှစ်သက်၊ မိမိလည်း လိုလားသော ချစ်သူဖြစ်လျှင်ပို၍ ကောင်းပေမည်။





အိမ်ထောင်ဖက်ကို မိမိအကြိုက်၊ မိဘအကြိုက် ရွေးနိုင်ပြီး ပြိတ္တာတစ္ဆေဘဝမှ တင်းလွတ်ကြပါစေ။

(ယခင်သူကြီးတစ်ဦး၏ တူတစ်ယောက်ပြောသည်ကို ရေးသားခြင်းဖြစ်သည်။)

* * * * *



www.burmeseclassic.com

www.burmeseclassic.com

# သားသမီးတွေ ငိုယိုကြ ဖြစ်ခဲ့ရ ပြိတ္တာတစ္ဆေ

"ကျောင်းအမကြီး ပြိတ္တာတစ္ဆေဖြစ်နေသတဲ့"

ကြားရသည့်သတင်းမှာ "အရပ်ရပ်နေပြည်တော် ကြားလို့မှမလျော်" ဖြစ်သည်။

"မဖြစ်နိုင်ဘူး" "မဟုတ်နိုင်ဘူး"ဟု ဆိုသူက ဆိုကြသည်။ ကျောင်းအမကြီးသားသမီးများနှင့် ဆွေမျိုးများက လုံးဝလက်မခံနိုင်အောင်ဖြစ်နေ၏။

သို့သော်လည်း ပြောသူမှာ မိမိတို့ လေးစားကြည်ညိုနေသော၊ တိုးကွယ်ဆည်းကပ်နေသော ဆရာတော်ဖြစ်နေသည်။ ဆရာတော်က ပြောသည်ဟု ဆို၍သာ ငြိမ်နေလိုက်ရသည့်တိုင်"ဟုတ်နိုင်ပါ့မလား"ဟူသော သံသယစိတ်များက





မှ သားသမီးနှင့် ဆွေမျိုးတို့ ရင်ထဲဝယ် ရိုက်ခတ်လျက်ရှိသည်။

ဆရာတော် မဟုတ်ဘဲ အခြားသူ တစ်ဦးတစ်ယောက်ကသာပြောဆိုခဲ့လျှင် မဟုတ်မမှန် ပြောရမည်လားဟု အသရေဖျက်မှုနှင့် တရားစွဲကောင်းစွဲမည်ဖြစ်သည်။

မယုံနိုင်စရာလည်း တကယ်ကောင်းသည်။ ဤမြို့လေးတွင် ဦးတင်ဝ၊ ဒေါ်သောင်းတို့ လင်မယားမှာ တစ်မြို့လုံးက လေးစားအားထားရသော သူတော်ကောင်း သူဌေးလင်မယားဟု တင်စားကြသည်။

မှန်ပါသည်။ မည်သူ့အပေါ် မှ မတရားတာမလုပ်ခဲ့။ ကူညီစရာရှိလျှင်သာ ကူညီသည်။ မိမိအိမ်တွင် အလုပ်လုပ်သော အလုပ်သမားများကိုလည်း မိသားစုလို ဆက်ဆံသည်။ အလုပ်သမားဟု သဘောမထား။ အပေးအကမ်းလည်း ရက်ရောသူများဖြစ်ကြသည်။

အခြားသာရေး၊ နာရေး၊ လူမှုရေး၊ ဘာသာရေးစသည်တို့၌လည်း သူတို့ဇနီးမောင်နှံက ပါဝင်ကူညီဆောင်ရွက်သည်။

ဘာသာရေးဆိုလျှင် ကျောင်းဆောက်လှူဒါန်းခြင်း၊ ရဟန်းခံခြင်း၊ ကထိန်ခင်းခြင်း၊ မရှိဆင်းရဲသား ကလေးများအား ရှင်ပြုပေးခြင်းစသည့်တို့လည်း ပြုခဲ့ဖူးသူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ကျောင်းဒါယကာကြီး ဦးတင်ဝ ကွယ်လွန်သွားပြီးနောက်တွင် ဒေါ်သောင်းသည် မြို့၏ အဓိကကျသော နေရာအချို့မှာ သောက်ရေအိုးစင်များ တည်လျက် နံနက်တိုင်း သောက်ရေဖြည့်ထည့်သော ကျင့်ဝတ် အမြဲတမ်း ပြုလုပ်လေ့ရှိခြင်းဖြစ်သည်။

ထိုကျောင်းအမကြီး ဒေါ်သောင်းသည် အခြားအခြားသော ကောင်းမှုဒါနတွေ များစွာပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ကျောင်းအမ၊ ရဟန်းအမ စသည်တို့ ပျောက်ကာ ရေချမ်းစင်အဖွားကြီးဟုပင် အချို့က ခေါ်၏။

ထိုသို့ ကိုယ့်ကျင့်သီလကောင်းသော ဒေါ်သောင်း၊ အလှူအတန်းရက်ရောသော ဒေါ်သောင်း၊ ရေချမ်းစင်တွေ များစွာတည်ပြီး ရေကုသိုလ်ပြုခဲ့သော ဒေါ်သောင်းသည် သေသွားသောအခါ ကောင်းရာသုဂတိမရောက်ဘဲ ပြိတ္တာတစ္ဆေ ဖြစ်နေရသည်ကို လုံးဝမယုံကြည်နိုင်ကြပေ။

ထိုကျောင်းအမကြီး သေသွားသည်မှာ ရက်ပိုင်းမျှသာရှိသေးသည်။

အမိန့်ရှိသူက ဆရာတော်။ ဆရာတော်ကလည်း မဟုတ်ဘဲတော့ မပြောတန်ရာ။ ထို့ကြောင့် ကျောင်းအမကြီးဒေါ်သောင်း၏ သားသမီးများနှင့် ဆွေမျိုးအချို့သည် သူ





တို့ကိုးကွယ်သော ဆရာတော်ကျောင်းသို့ အတိအကျသိရန် သွားကြသည်။

ဆရာတော်ထံရောက်သောအခါ သားသမီးများက သူတို့အမေအကြောင်း မေးလျှောက်ကြသည်။

ဆရာတော်လည်း ဟုတ်တိုင်းမှန်ရာ အောက်ပါအတိုင်းမိန့်ဆိုပြောပြသည်။

ဆရာတော်သည် နေ့လယ်၌ ရဟန်း သာမဏေများကို စာချလေ့ရှိသည်။ ညနေငါးနာရီ၊ ခြောက်နာရီကျော်ခန့် အချိန်များတွင် အညောင်းအညာပြေစေရန် ကျောင်းဝင်း အပြင်ဘက်မှာ အမြဲတမ်း လမ်းထွက်လျှောက်သည်။

ထိုသို့ လမ်းလျှောက်နေစဉ် တစ်နေ့ဝယ် ဆရာတော် နောက်မှ. . . "ဆရာတော်ဘုရား၊ ဆရာတော်ဘုရား"ဟူသော အသံကိုကြားရသည်။

ဆရာတော်သည် ထိုအသံကို ကြားဖူးသည်ဟု ထင်မှတ်မိပြီး နောက်သို့ လှည့်ကြည့်မိသည်။ သို့သော်လည်း အသံသာကြားနေရသည်။

လူရိပ်ယောင်ကား လုံးဝမမြင်ရပေ။

"ဟဲ့ . . . ဒါ တို့ကျောင်းအမကြီး အသံပါလား"

"ဟုတ်ပါတယ်ဘုရား"ဟု ဆရာတော်ကို ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော်လည်း လူကိုတား မမြင်ရဟု ဆိုသည်။

"နေပါဦး အခုဘာဖြစ်နေတာတုန်း"

ဆရာတော်က မေးလိုက်၏။

"တပည့်တော် ပြိတ္တာတစ္ဆေ ဖြစ်နေပါတယ်ဘုရား"

လူမမြင်ရသော အသံရှင်၏ စကားကြောင့် ဆရာတော်အံ့ဩသွားသည်။

"ဟေ ဒါလောက် ကုသိုလ်ကောင်းမှုတွေ လုပ်တာတောင် အပါယ်ဘုံ ပြိတ္တာတစ္ဆေဖြစ်ရသလား"

"ဟုတ်တယ်ဘုရား။ တပည့်တော်မ သေခါနီးမှာ သားသမီးတွေက တပည့်တော်မအနားလာပြီး ငိုနေကြတာကိုး ဘုရား၊ အဲဒီ သားသမီးတွေ စွဲပြီးသေလို့ တပည့်တော်မ အခုလို ပြိတ္တာတစ္ဆေဖြစ်နေရတာပါဘုရား"ဟု ကျောင်းအမကြီးက ငိုသံပါနှင့် ဆရာတော်အား လျှောက်ထားသည်။

"အနို့ နေပါဦး၊ ကျောင်းအမကြီးရဲ့ သချိုင်းမှာ တစ်ခါ၊ ရက်လည်တော့ တစ်ခါ ကျောင်းအစ်မကြီးကို ရည်စူးပြီး ရေစက်ချ အမျှအတန်းဝေတာ သာဓုမခေါ်ဘူးလား"

ဆရာတော်က သိလိုသဖြင့် မေးလိုက်သည်။

"သချိုင်းမှာ လူကြုံတန်းကြုတုန်းက တပည့်တော်မ မသိလိုက်ပါဘုရား။ အဲဒီတုန်းက တပည့်တော်ရဲ့ အဖော်





ပြိတ္တာတစ္ဆေတွေက ရေတံခွန်တောင်ကို ခေါ်သွားလို့ပါဘုရား၊ သားသမီးတွေ ရက်လည်တဲ့အထိ ပြန်မရောက်သေးလို့ တပည့်တော် သာဓုမခေါ်ရတော့ မကျွတ်တာပါဘုရား"

"ကဲ. . . ကဲ. . . ဒါဖြင့် ကျောင်းအမကြီး ကျောင်းအမကြီးရဲ့ သားသမီးတွေလာရင် သပိတ်ထပ်သွတ်ဖို့ ပြောလိုက်မယ်၊ သင့်နေရာသင်ပြန်ပေတော့" ထိုသို့ ဆရာတော်က ပြောပြီး ကျောင်းဝင်းအတွင်းသို့ ကြွသွားသည်။

ညရောက်သော်. . . ရဟန်းသာမဏေများ သတိသံဝေဂ ရကြစေရန် ဆရာတော်က ထိုအကြောင်းကို ဩဝါဒထဲ၌ ထည့်သွင်းမိန့်ကြားသည်။

"မသေခင် ကုသိုလ်မည်မျှလုပ်လုပ် ပုထုဇဉ်ဘဝနှင့် သေလျှင် မကောင်းသော အကုသိုလ် အာသန္နကံဇောကြောင့် အပါယ်ဘဝသို့ ရောက်တတ်ကြောင်း၊ ကုသိုလ်လုပ်လျက် အပါယ်ဘဝ ရောက်နိုင်သေးက အကုသိုလ်မှုပြုလျှင် ဆိုဖွယ်ရာမရှိကြောင်း စသည်တို့ကို မိန့်ကြားသည်။

ထိုကျောင်းအမကြီးအကြောင်းကို ဩဝါဒ၌ ထည့်သွင်းမိန့်ကြားသဖြင့် ရဟန်းသာမဏေများမှ တစ်ဆင့် မြို့ထဲသို့ ကျောင်းအမကြီး ပြိတ္တာတစ္ဆေ ဖြစ်နေကြောင်း ပျံ့နှံ့သွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ဆင့် ကျောင်းအမကြီး ဒေါ်သောင်း၏ သားသမီးများသိသွားကာ ယခုကဲ့သို့ ဆရာတော်ထံ လာရောက်လျှောက်ကြခြင်းဖြစ်သည်။

"အရှင်ဘုရား ဒါဖြင့် တပည့်တော်တို့ နောက်ထပ်သပိတ်ထပ်သွတ်ရမလားဘုရား" သားသမီးများက မေးလျှောက်ကြသည်။

"အေး နောက်တစ်ခါထပ်ပြီး သပိတ်ထပ်သွတ်ကြပေါ့ကွာ"ဟု ဆရာတော်က မိန့်လိုက်သည်။

ကျောင်းအမကြီး သားသမီးများလည်း ပြန်သွားကြပြီး ဆရာတော်အမိန့်ရှိသည့်အတိုင်းပင် နောက်တစ်ခါ ထပ်ပြီး သပိတ်သွတ်ကြသည်။

ထိုသို့ ကျောင်းအမကြီးအား ရည်စူး၍ သပိတ်ထပ်မံသွတ်မှ ကျောင်းအမကြီးသည် ပြိတ္တာတစ္ဆေဘဝက ကျွတ်သွားသည်။

**ထိုသို့** ကျွတ်သွားကြောင်းကိုလည်း ဆရာတော်အား လာ**လျှောက်**ထားသေးကြောင်း ဆိုပါသည်။

ထင်မြင်ချက်

ကျောင်းအမကြီး ပြိတ္တာတစ္ဆေဖြစ်ရခြင်းသည် သား





သမီးဆွေမျိုးတို့မှာ အပြစ်မကင်းပေ။

များသောအားဖြင့် သားသမီး၊ ဆွေမျိုးစသည်တို့သည် လူနာသေခါနီးလျှင် ဝိုင်းအုံကြည့်တတ်ကြသည်။ သေမည့်လူနာ မသက်မသာ အသက်ထွက်ချိန်မှာ ဟိုသူကိုင်၊ သည်သူကိုင် လုပ်တတ်ကြသည်။

ထိုသို့ ဝိုင်းအုံခြင်းဖြင့် လူနာ၏ ရောဂါမှာ သက်သာသွားမည်မဟုတ်ပေ။ ထိုသားသမီး စသူတို့၏ အသံများကိုကြားရသဖြင့် လူနာအဖို့ အသေမဖြောင့်ဘဲ အပါယ်ဒုဂ္ဂတိသို့ မုချရောက်သွားနိုင်သည်။

ဖြစ်သင့်သည်မှာ မိဘဖြစ်စေ၊ ဦးကြီးဒေါ်ကြီး စသည်ဖြစ်စေ၊ သေခါနီး လူနာထံသွားရောက် ငိုနေမည့်အစား မသေခင်အတွင်း မိမိတို့ဝတ္တရား တာဝန်များကို ကျေပွန်စွာဆောင်ရွက်သင့်ကြ၏။

ပေးတန်ကပေး၊ ကျွေးတန်က ကျွေး၊ ပြုစုတန်က ပြုစုဖို့သာလိုပါသည်။ သေမည်ဆိုမှ ငိုနေရုံမျှဖြင့် လူနာသက်သာမလာနိုင်တော့ပေ။

အချို့မိဘ၊ ဦးကြီး ဒေါ်ကြီး စသည်တို့ကို စားနိုင်သည့်အချိန်မှာ မပေး၊ မကျွေးကြ၊ နာဖျားပြီး မကျန်းမမာဖြစ်နေချိန်မှ လူနာမေးရင်း မုန့်ကလေးဝယ်လာကြ၊ ငွေရှိရင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးဝယ်လာကြနှင့် ဖြစ်သည်။

တကယ့်လူနာ အသည်းအသန်ဖြစ်နေချိန်မှာ အစားအစာလည်း အဓိကမဟုတ်၊ လူနာအနီး ဝိုင်းအုံကြည့်ရှုနေခြင်းလည်း အဓိကမဟုတ်ပါ။

တစ်ဦးတစ်ယောက်က သူ၏ပြုခဲ့သော ကောင်းမှုများကို ပြောပြရန် အချို့က ဆိုကြ၏။ သို့သော် မိုးကုတ်ဆရာတော်ကြီးတမူ သေခါနီးလူနာအား သူ၏ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်များ ပြောပြသည်ကို မနှစ်သက်ပါ။ သံသရာလည် တရားဖြစ်သောကြောင့်ဟု ဆိုပါသည်။

တကယ်တမ်း လူနာအား သတိပေးရန်မှာ ရုပ်နာမ်တရားတို့ မမြဲပုံ၊ ဆင်းရဲပုံ ဖြစ်ပျက်မြင်ရန်ကိုသာ ပြောကြားသင့်ကြောင်း ဆိုပါသည်။

ထို့ကြောင့်

သေခါနီး အချိန်တွင် အလွန်မိတ်ဆွေကောင်းရှိဖို့ လိုအပ်ပါသည်။ ကလျာဏခေါ် မိတ်ဆွေကောင်းရှိဖို့လိုအပ်ပါသည်။

ကလျာဏခေါ် မိတ်ဆွေကောင်းနှင့်တွေ့မှ အာစိဏ္ဏကံတို့သည် အာသန္နကံဖြစ်သွားနိုင်ကြောင်း တင်ပြလိုက်ရပါသတည်း။





(ဆရာတော် အရှင်ဇနကာဘိဝံသ၏ မိန့်ဆိုတော်ကြားချက်ကို ဦးပဥ္စင်းတစ်ပါးထံမှ တစ်ဆင့်ကြားသိရသည်ကို တန်ဆာဆင် ရေးသားပါသည်။)

(ဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်းကျမ်း၌လည်း အထက်ပါအကြောင်းဖတ်ရှုရ၏။)

* * * * *



www.burmeseclassic.com

www.burmeseclassic.com

# ပစ္စည်းခွဲသေသော
# “ငါ့ပစ္စည်းပြန်ပေး”တစ္ဆေ

အချိန်ကားညနေ နေဝင်ရီတရောအချိန်ဖြစ်သည်။ အိမ်သားအားလုံးထမင်းစားပြီးစဖြစ်၍ တစ်ဦးတစ်ယောက်မှ စကားမပြောကြဘဲ ထမင်းလုံးစီငြိမ်သက်လျက်ရှိကြသည်။

“ငါ့ဥစ္စာတွေ ပြန်ပေး၊ ငါ့ဥစ္စာတွေပြန်ပေး” အမှတ်မထင် ဒေါ်သိန်းမေ၏ အပြောကြောင့် အိမ်သားအားလုံး ကြောင်သွားကြသည်။

“ဘာလဲမေမေ ဘာလဲ၊ ဘယ်ကဥစ္စာတွေ ပြန်ပေးရမှာလဲ”

သမီးကြီးဖြစ်သူ ခင်မြမေနှင့် သမီးငယ်ဖြစ်သူ ခင်လှ





မေတို့သည် မိခင်ကြီး အလန့်တကြား ပြောလိုက်သံကြောင့် မိခင်ကြီးထံ ရောက်လာက ပျာပျာသလဲ မေးကြ၏။

ဖခင်ဖြစ်သူ ဦးထွန်းပေါ်လည်း အိမ်ရှေ့ခန်းမှ ကြားရသဖြင့် ဇနီးသည် ဒေါ်သိန်းမေရှိရာ အိမ်ခန်းထဲသို့ ရောက်လာသည်။

“ငါ့ဥစ္စာတွေပြန်ပေး၊ ငါ့ဥစ္စာတွေပြန်ပေး”

ဒေါ်သိန်းမေသည် သမီးနှစ်ယောက် အမေးကို မဖြေဘဲ ပထမစကားကိုသာ ထပ်ဆင့်ပြောပြန်၏။

“မသိန်းမေ မသိန်းမေ သတိထားလေ၊ မင်း ဘာဖြစ်နေတာလဲ”

ဦးပေါ်ထွန်းက သူ့ဇနီးအား သတိပေးလိုက်၏။

သမီးနှစ်ယောက်ကမူ မိခင်ကို စူးစူးစိုက်စိုက်ကြည့်နေကြသည်။ မိခင်အနီးသို့လည်း မကပ်ရဲ၊ မိခင်လက်ထဲတွင် အဆင်သင့် ကိုင်ထားသည့် သနပ်ခါးတုံးကို ကြောက်သောကြောင့်ဖြစ်၏။

“မေမေ . . . သတိထားပါဦးမေမေရယ်။ မေမေဘာဖြစ်လို့လဲဟင်။”

ခင်မြမေက မေးလိုက်သည်။

“သွား၊ ငါ့ကိုလာပြီး မေမေမခေါ်နဲ့၊ နင်က ငါ့သမီးမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူး”။

မိခင်စကားကြောင့် ခင်မြမေကြောင်သွား၏။ သူ့အဖေကိုလည်း တစ်ချက်လှမ်းကြည့်လိုက်သည်။

ဦးထွန်းပေါ်နှင့် သမီးနှစ်ယောက်သည် ဒေါ်မြမေ ထိုသို့ တစ်ခါမှ မဖြစ်ဘူးသဖြင့် အံ့ဩနေသည်။ ယခုမည်သို့ ဖြစ်နေသည်ကို စဉ်းစားမရနိုင်အောင် ဖြစ်နေကြသည်။

“သမီးတို့ ဒါဟာ ညည်းအမေ မဟုတ်နိုင်ဘူး၊ ညည်းအမေ ဝင်ပူးတဲ့ နာမ္မာဘာဝ၊ ဝိနာဘာဝပဲ ဖြစ်လိမ့်မယ်ထင်တယ်။ ဒီတော့ ပယော်ဂ ဆရာကြီး ဦးလူမောင်ကို သွားပင့်ချေ။ အဲဒီတော့မှ အကျိုးအကြောင်းသိရမှာ”

သမီးနှစ်ယောက်သည် ဖခင်စကားကြောင့် မိခင်ကြီးအတွက် စိုးရိမ်ထိတ်လန့်သွား၏။ ကပျာကယာပင် ညီအစ်မနှစ်ယောက်စလုံး ဆရာပင့်ရန် ထွက်သွားကြသည်။

“ဒေါ်သိန်းမေ ထိုသို့ဖြစ်သတဲ့”ဟူသော အသံသည် တစ်မုဟုတ်ချင်း ပြန့်နှံ့သွားသဖြင့် ဦးထွန်းပေါ် အိမ်သို့ တဖြည်းဖြည်း လူများရောက်ရှိဝိုင်းအုံလာကြလေသည်။ ထိုအခိုက် တစ်ယောက်က. . .

“ဟော့ ဖယ်ကြ ဆရာလာပြီ”

ဆရာကြီးသည် ဝိုင်းအုံနေကြသော လူများကြားမှ





တိုးဝှေ့ဝင်ရောက်သွားရ၏။

ဆရာကြီး မရောက်ခင်ကပင် ဒေါ်သိန်းမေသည် အခန်းထဲမှ ထွက်ကာ ပစ္စည်းဟူသမျှကို ဟိုလှန်သည်လှန် လုပ်နေသည်။

သူလိုချင်သော ပစ္စည်းတို့ကို မတွေ့ရသောအခါ နေရာတကျ ထားသိုထားသော ပစ္စည်းတို့ကို တွန်းဖယ်လွှင့်ပစ်သည်။

ဦးထွန်းပေါ်ကမူ ဒေါ်သိန်းမေ လုပ်သမျှကို ဟန့်တားခြင်း မပြုဘဲ အသာငြိမ်ကြည့်နေသည်။

“ဟော့. . . လာ ဒီမှာထိုင်စမ်း”

ဆရာကြီးဦးလူမောင်က အမိန့်ပေးလိုက်သဖြင့် ဟိုဟိုသည်သည်လှန်လှော ရှာဖွေနေသော ဒေါ်သိန်းမေသည် ဆရာကြီးအား တစ်ချက်လှမ်းကြည့်ကာ ဆရာ့ အနီးလာ၍ ထိုင်သည်။ ဤမြို့လေးတွင် ဆရာကြီးသည် သီလ၊ သမာဓိနှင့်လည်း ပြည့်စုံ၍ ဘုရား၊ တရားကိုလည်း အလွန်ကြည်ညိုသူဖြစ်ရာ ဆရာကြီးအား တစ်ရွာလုံးက ရိုသေလေးစားကြလေသည်။

ဆရာကြီးသည် မျက်စိမှိတ်လျက် ဂုဏ်တော်များကို ပါးစပ်မှ တိုးတိုးရွတ်ဆိုပြီးသော် ဒေါ်သိန်းမေအား–



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘယ်သူလဲ၊ ဘာကိစ္စ မသိန်းမေတို့ကိုလာပြီး ဧနှောင့်ယှက်တာလဲပြောစမ်း"ဟု မေးလိုက်သည်။

"ကျုပ်က တခြားမဟုတ်ဘူး၊ အရင်က ဒီအိမ်ပိုင်ရှင်ပဲ၊ သူတို့က ကျုပ်ပစ္စည်းတွေ ယူထားလို့"

သူ့နာမည်ကိုတော့ မပြော၊ သို့မပြောသော်လည်း သူ ဘယ်သူဖြစ်သည်ကို ဆရာကြီးနှင့်တကွ ဦးထွန်းပေါ်တို့ မိသားစုရော လာရောက်ကြည့်ရှုကြသူများပါ အားလုံးသိလိုက်ကြသည်။

မှန်ပါသည်။ ဤအိမ်နှင့် ခြံဝင်းကို ဦးငွေရောင်နှင့် ဒေါ်(. . .)တို့ သေဆုံးသွားသောအခါ ကျန်ရှိသော သားသမီးများက အမွေခွဲဝေယူရန် ဦးထွန်းပေါ်တို့အား ရောင်းချလိုက်ခြင်းပင်ဖြစ်သည်။

ဦးထွန်းပေါ်သည် ဝန်ထမ်းအရာရှိတစ်ဦးဖြစ်၏။ ပင်စင်ယူရတော့မည်ဖြစ်၍ ဤမြို့လေးတွင် အခြေချနေထိုင်ရန် ခြံဝင်းကို ဝယ်ယူလိုက်ခြင်းဖြစ်သည်။

အိမ်ကြီးသည် ဟောင်းနွမ်းဆွေးမြည့်နေသော ရှေးအိမ်အိုကြီးတစ်လုံးဖြစ်သည်။ အိမ်ကြီးမှာ ဆက်နေရန် မဖြစ်တော့သဖြင့် အိမ်အိုကြီးကို ဖျက်၍ ဦးထွန်းပေါ်တို့က အိမ်သစ်ဆောက်ခြင်းဖြစ်သည်။





အိမ်သစ်ဆောက်၍ အိမ်တက်မင်္ဂလာ ဆွမ်းကျွေးပြီးသည်မှာ ရက်ပိုင်းမျှသာရှိသေးသည်။ အိမ်ဟောင်းဖျက်၊ အိမ်သစ်ဆောက်ကာ အိမ်တက်မင်္ဂလာဆွမ်းကျွေးပြီးသည်အထိ ဘာပြဿနာ ဘာအရေးကိစ္စမှ မရှိဘဲ ယခုမှ ထိုပြဿနာပေါ်လာခြင်း ဖြစ်သည်။

"နေပါဦး၊ နင့်ပစ္စည်းတွေ ဘယ်သူတွေက ယူထားတာလဲ။ ဒီခြံနဲ့ အိမ်ကို ဦးထွန်းပေါ်တို့က နင့်သားသမီးတွေကို တန်ရာကန်ဖိုးပေးပြီး ဝယ်ထားတယ်မဟုတ်လား"

ဒေါ်(. . .)သည် အိမ်နှင့်ခြံဝင်းကို တောင်းသည်ထင်၍ ဆရာကြီး ဦးလူမောင်က ပြောလိုက်ခြင်းဖြစ်သည်။

"အိုး. . .ဒီအိမ်နဲ့ ဒီခြံကိုပြောတာမဟုတ်ဘူး။ သူတို့ယူသွားတာ ငါ့ရဲ့ရတနာ ရွှေငွေတွေ"

ဒေါ်သိန်းမေသည် မျက်နှာကြီး သုန်မှုန်လျက် ဆရာကြီးအား ခပ်ဆတ်ဆတ် ပြောလိုက်သည်။

ဒေါ်သိန်းမေ စကားကြောင့် ဆရာကြီး ဦးလူမောင်သည် ဦးထွန်းပေါ်အား ဘယ်လိုလဲဟူသော သဘောဖြင့် လှမ်းကြည့်လိုက်သည်။

ဦးထွန်းပေါ်သည် ဆရာကြီးအား အမှန်အတိုင်းပြောရလျှင် ကောင်းမည်လားဟု စဉ်းစားလိုက်မိသည်။ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဘေးလူများလည်း ရှိ သမီးတို့ဆန္ဒလည်း မသိရသေးသောကြောင့် သမီးနှစ်ဦးထံ မျက်စိဝေ့ကြည့်လိုက်သည်။

သမီးများကလည်း ဖခင်ပြောလိုက်မည်ကို စိုးရိမ်သော မျက်နှာများဖြင့် ဦးထွန်းပေါ်အား လှမ်းကြည့်လိုက်သည်။

သားအဖများ၏ အရိပ်အကဲကို သိလိုက်ရသော ဆရာကြီးဦးလူမောင်သည် ရုတ်တရက် အကြံရကာ“ကဲ. . . ကဲ မဆိုင်တဲ့သူများ ဆရာကြီးတောင်းပန်ပါတယ်ကွယ်၊ ဒီမှာ ဝိုင်းကြည့်မနေပါနဲ့၊ အားလုံး အပြင်ထွက်ရှောင်ပေးကြပါ။ ဦးထွန်းပေါ် တစ်ယောက်သာ နေရစ်ပါ။ သမီးခင်မြမေတို့ ညီအစ်မပါ ဝေးရာသွားကြပါ။ အခု ပူးဝင်တဲ့ ဒေါ်(. . .)ကို အများမသိစေချင်တာတွေ မေးစရာရှိလို့”

ဆရာကြီးသည် အခြားသူများကိုသာ နှင်လိုက်သော်လည်း ခင်မြမေတို့ ရှိလည်း မထူးသဖြင့် အခြားလူများ အမြန်ထွက်သွားစေရန် လိမ္မာပါးနပ်စွာ ခင်မြမေတို့ ညီအစ်မပါ ရော၍ နှင်လိုက်သည်။

ဆရာ ဦးလူမောင်သည် သီလ သမာဓိနှင့် ဩဇာရှိသူဖြစ်၍ ပရိသတ်လည်း နှစ်ခါမပြောရပါ။ အလျှိုအလျှို ထွက်ခွါသွားကြ၏။





“ကဲ. . . ဆိုစမ်းပါဦး ဦးထွန်းပေါ်၊ ခင်ဗျား ကျွန်တော့်ကို မှန်မှန်ပြောပါနော်. ... ဘာတွေ သည်ခြံထဲက ရထားသလဲ” အားလုံးလူများစွာ ထွက်ခွာသွားသောအခါ ဆရာကြီး ဦးလူမောင်က ဦးထွန်းပေါ်အား ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။

ထိုအခါ ဦးထွန်းပေါ်ကလည်း အောက်ပါအတိုင်း အမှန်ပြောပြလေသည်။

တစ်နေ့သ၌ ဦးထွန်းပေါ်သည် အိမ်အိုကြီးမှ ကျန်ရစ်သော အုတ်လှေကားကြီးကို လူငှား၍ ရှင်းသည်။ အုတ်လှေကားကြီး ရှင်းပြီးသောအခါ လှေကားခုံခြေရင်းတွင် အိမ်ဟောင်းမှ ကျန်သော အိမ်တိုင်ငုတ်တိုတစ်ခုမှာ မနှုတ်ရသေးသဖြင့် ဦးထွန်းပေါ်သည် အလုပ်သမားတွေအား မနှုတ်ခိုင်းတော့ဘဲ မိမိကိုယ်တိုင်ပင် နှုတ်မည်ဟု စိတ်ကူးကာ သံတူရွင်းယူပြီး တူးသည်။ ထိုအချိန်၌ အလုပ်သမားများလည်း မရှိတော့၍ ဖြစ်၏။

တိုင်ဘေးပတ်လည် သံတူရွင်းဖြင့်တူးကာ တိုင်ငုတ်ကိုဖော်သည်။ ဘေးပတ်လည် အတော်နက်သောအခါ သံတူရွင်းနှင့် မြေအောက်မှ မာကျောသော အရာနှင့် ထိခိုက်မိသဖြင့်“ချွင် ချွင်”အသံများကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မာကျောသောအရာသည် အုတ်ခဲမဟုတ်ကြောင်းကို ဦးထွန်းပေါ် ကောင်းစွာ သတိထားမိလိုက်သည်။

ထို့ကြောင့် ထိုအရာကို စူးစမ်းလိုသဖြင့် မရရအောင် တူးလိုက်သည်။ ဦးထွန်းပေါ် အံ့သြသွားသည်။

တွေ့လိုက်ရသောအရာကား လက်ဝင်(စဥ့်အိုး)ဖြင့် မြှုပ်ထားသော ရွှေငွေရတနာများ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုရတနာများ တွေ့ရှိရသော်လည်း တစ်ယောက်စကား တစ်ယောက်နား ကျယ်ပြန့်သွားမည်စိုး၍ မည်သူမျှ မပြောဘဲ အိမ်သားတွေသာ သိကြသည်။

ထိုပစ္စည်းများ ရသည်မှာ နှစ်ရက်မျှသာရှိသေးသည်။ အဆိုပါ ပစ္စည်းများကို ရည်ရွယ်ပြောဆိုသည်ထင်ကြောင်း ဦးထွန်းပေါ်က ဆရာကြီးအား ပြောပြသည်။

ဆရာကြီးလည်း ဟုတ်လိမ့်မည်ဟု ခေါင်းညိတ်လျက် . . . "ဒေါ်(. . .)ခင်ဗျားပစ္စည်းတွေက ဘယ်မှာထားလို့လဲ၊ ဘယ်လိုပျောက်ဆုံးနေတာလဲ ပြောပြစမ်းပါဦး"

ဆရာကြီးအမေးကို ဒေါ်သိန်းမေအား ပူးဝင်နေသော ဒေါ်(. . .)သည် ဦးထွန်းပေါ် တွေ့ရှိရသောနေရာကို အတိအကျပြောပြသည်။





အမှန်က ဒေါ်(. . .)ဤသို့ မြှုပ်ထားခြင်းသည် မြှုပ်ချင်၍ မြှုပ်သည် မဟုတ်ပေ။ သားသမီး ၃ ယောက်တွင် ယောက်ျားလေးနှစ်ယောက်မှာ မူးရူးစားသောက် ဖြုန်းတီးနေကြသူများ ဖြစ်သည်ဟု ဆိုသည်။

ဖခင်ရှိစဉ်က ရှာထားသော ပစ္စည်းများသည် သားနှစ်ယောက် ဖြုန်းတီးသောကြောင့် တဖြည်းဖြည်း ကုန်လိုက်လာသည်။ လယ်ယာကိုင်းကျွန်း နွားမှအစ အားလုံးဖြုန်းတီးပစ်သည်။ နောက်ဆုံး အတွင်းပစ္စည်းများပါကုန်မည် စိုးသဖြင့် ဒေါ်(. . .)က မြှုပ်နှံထားခြင်းဖြစ်သည်။

ဒေါ်(. . .)ထိုမြှုပ်ထားသော ပစ္စည်းများကို တွယ်တာကာ ရုတ်တရက် သေဆုံးသွားသဖြင့် သူ့ပစ္စည်းများကို စောင့်ရှောက်ရသော မြွေဟောက်မကြီးဖြစ်နေရခြင်းဖြစ်သည်။

သားနှစ်ယောက်လည်း မိဘပစ္စည်းများကို မထိန်းသိမ်းနိုင်ဘဲ၊ အိမ်နှင့်ခြံကို ရောင်းပစ်လိုက်ရသော အခြေရောက်ရသည်။ အစ်မကြီးကား ဤမြို့မှာ မရှိပေ။ အခြားတစ်နေရာမှာ နေသည်။ ဤသည်လည်း မောင်များ ဒဏ်ကို မခံနိုင်သောကြောင့် ပြောင်းရွှေ့သွားခြင်းဖြစ်လေသည်ဟု ဆိုသည်။

"ဒေါ်(. . .)ခင်ဗျား သည်ပစ္စည်းတွေ စွဲလို့ အခုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရတာ၊ သည်တော့ ခင်ဗျားအတွက် သပိတ်သွတ်အမှု ပေးဝေပေါ့မယ်၊ ခင်ဗျားသားတွေကိုတော့ အားမကိုးရတာမို့ ဦးထွန်းပေါ်က ဘုန်းကြီးတွေ ပင့်ဖိတ် ဆွမ်းကျွေးပြီး အမှု အတန်း ပေးဝေပေးပါလိမ့်မယ်၊ အခုလည်း သွားပါတော့၊ နောင်လည်း မနှောင့်ယှက်ပါနဲ့၊ ခင်ဗျား ကောင်းရာရောက် အောင် ကျွုပ်ပါ ဆောင်ရွက်ပြုလုပ်ပေးပါ့မယ်”

ဆရာကြီးဦးလူမောင်က ထိုသို့ အကျိုးအကြောင်း ပြောပြမှ ဒေါ်(. . .)သည် ဒေါ်သိန်းမေကိုယ်မှ ထွက်ခွာသွား လေသည်။

ဦးထွန်းပေါ်သည် သူတို့ ရွှေငွေရတနာများရကြောင်း ကို မည်သူမှ မပြောကြားရန် ဦးလူမောင်အား တောင်းပန် သည်။ ဆရာကြီးကလည်း မည်သူမှ မပြောကြားပါဟု ကတိ ပေးသည်။

ထို့နောက် သုံးလေးရက် အကြာတွင် ဒေါ်(. . .)ကို ရည်စူး၍ သံဃာတော် သုံးပါးကို ဆွမ်းကပ်ကျွေးမွေးပြီး သက်န်းများလှူ၍ အမှုအတန်းပေးဝေလေသည်။

ထိုသို့ ကျွေးမွေးပြီးနောက်တွင် ဘာသံမှလည်း မ ကြားရ၊ ပူးဝင်ခြင်းလည်း မရှိတော့ပေ။

ထိုကိစ္စပြုပြီးနောက် မကြာမီ ဆရာကြီးက ကတိပေး





သည့်အတိုင်း မပြောကြားသော်လည်း (ဘူးတစ်ရာသာ ပိတ် လို့ရသည်၊ ပါးစပ်တစ်ပေါက်ပိတ်မရ) ဟူသော စကားကြောင့် အမှတ်မထင် ချောင်းနားထောင်သူ တစ်ဦးသည် ဦးထွန်းပေါ် တို့ လှေကားခုံအောက်ခြေက မြှုပ်ထားသော ရွှေအိုးရသတဲ့ ဟူသော သတင်းသည် ပျံ့နှံ့သွားသည်။

ထိုအခါ သားနှစ်ယောက်က သူတို့အမေမြှုပ်ထား သောပစ္စည်းများကို တစ်ဝက်ရလိုပါသည်ဟု တိုင်ကြသည်။ သို့သော်လည်း ဥပဒေအရ ဝယ်ပြီးသူသာ ပိုင်ဆိုင်ထိုက်သည် က တစ်ကြောင်း၊ ဦးထွန်းပေါ်တို့ကလည်း ရပါသည်ဟု တိတိ ကျကျ မထွက်ဆိုသဖြင့် တစ်ကြောင်း၊ ဒေါ်(. . .)၏ သား နှစ်ယောက်သာ ရှုံးသွားလေသည်။

ထင်မြင်ချက်

ဤ ဒေါ်(. . .)ပြိတ္တာတစ္ဆေဖြစ်ရခြင်းသည် နမြော တွန့်တိုသော စိတ်မရှိသော်လည်း သားများ၏ရန်ကို ကြောက်ရသော်ကြောင့် လှူချင်လျက် မလှူရ၊ ပေးချင်လျက် မပေးရဘဲ မြှုပ်ထားသော ပစ္စည်းများကို မဖော်ရဲရှာပေ၊ ဤ သည်မှာ အမွေခံသားဆိုးများကြောင့် ဖြစ်ရပေသည်။

သားများလက်ထဲထည့်လိုက်ပါကလည်း ဒေါ်ပြုလို



www.burmeseclassic.com

www.burmeseclassic.com



သော ကုသိုလ်မပြုရဘဲ သားများဖြုန်းတီးပစ်မည်ကို သိနေသောကြောင့် ဖြစ်သည်။

ယခုလို ရုတ်တရက် ကွယ်လွန်သွားသောအခါ မိမိ၏ ပစ္စည်းကို တွယ်တာမှုသံယောဇဉ်ကြောင့် မရောက်သင့်၊ မလားထိုက်သော ပြိတ္တာတစ္ဆေဘုံသို့ ရောက်ရလေသည်။

တရားခံသည် သားသမီးဆိုးများကြောင့် ဟု ဆိုရန်ရှိသော်လည်း စင်စစ်မှာ ပစ္စည်းဥစ္စာ တွယ်တာမက်မောသော မိမိ၏ လောဘတဏှာသည်သာ အရင်းခံ ဖြစ်လေသည်။

(ဘကြီးတစ်ဦး ပြောပြသည်ကို တန်ဆာဆင်ပါသည်။)

* * * * *



# ဘာပဲစွဲစွဲ သရဲဖြစ်ရမှာက ကိုယ်

ပူအိုက်သောနွေရာသီ၏ ညတစ်ည ဖြစ်သည်။

မောင်ညို၊ မောင်ထွေး၊ မောင်ထွန်းလှ၊ မောင်သိန်းထွန်းတို့လေးဦးသည် လရောင်ဖြာနေသော အမိုးကင်းမဲ့သည့် ကွပ်ပျစ်ပေါ်တွင် ထိုင်လျက် ရေနွေးကြမ်းသောက်ရင်း ရောက်တတ်ရာရာ စကားများကို ပြောဆိုနေကြသည်။

သူတို့ပြောဆိုနေကြသည်မှာ တစ္ဆေသရဲတို့အကြောင်း ဖြစ်သည်။ သူတို့ထဲတွင် မောင်ထွန်းလှသည် ယုတ္တိယုတ္တာရှိစွာ အပြောကောင်းသူဖြစ်သည်၊ တစ္ဆေသရဲများတကယ်ရှိကြောင်း သူ့အား မကြာခဏ အခြောက်ခံရဖူးကြောင်း စသည်တို့လည်းပါ၏။

မည်သူသည် မည်သည်ကို စွဲလမ်းသဖြင့် တစ္ဆေသရဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရကြောင်း၊ မည်သူသည် မည်သူအား မည်သို့လာပူးကြောင်း စသည်တို့လည်း ပါသည်။

ထိုအထဲတွင် မောင်ညိုဆိုသူက အကြောက်ဆုံး ဖြစ်သည်။

"ဒေါက်"

ထိုအခိုက် လောက်စာနှစ်လုံးစာခန့် ကျောက်ခဲတစ်လုံးသည် သူတို့ ဝိုင်းထဲတွင် လာကျသည်။

"ဟော့ တို့ကို တစ်ယောက်ယောက်က လှမ်းပစ်တာဖြစ်မယ်ကွ"

မောင်ညိုက ပြောလိုက်သည်။

"မဟုတ်ဘူးကွ၊ အဲဒါ သရဲက မင်းတို့ ပစ်တာ"

မောင်ညို သရဲတစ္ဆေကြောက်တတ်မှန်းသိသဖြင့် မောင်သိန်းထွန်းက တမင်စလိုက်ခြင်းဖြစ်သည်။

"ဖြစ်နိုင်တယ်ကွ"

မောင်ထွန်းလှလည်း အတည်ပေါက်ဖြင့် မောင်သိန်းထွန်းစကားကို ထောက်ခံလိုက်သည်။

"မနောက်ကြပါနဲ့ကွာ၊ ငါက သရဲတစ္ဆေတကယ်ကြောက်တာကွ"

မောင်ညိုက မျက်စိပျက် မျက်နှာပျက်နှင့်ပြောသည်။





"မောင်ညိုကလည်းကွာ ယောက်ျားမဟုတ်တဲ့အတိုင်းပဲ"

မောင်ထွေးက နှစ်သိမ့်အားပေးသည်။

"ယောက်ျားက ယောက်ျားပဲကွ၊ ကြောက်တာဟာကြောက်တာပဲ"

ထိုနောက် သိပ်မကြာမီ နောက်ထပ်ကျောက်ခဲတစ်လုံးကျလာပြန်သည်။

ထိုကျောက်ခဲကျမှုကြောင့် သူတို့စကားဝိုင်းသည် ခြောက်သွေ့သွားရသည်။

ထို့နောက် လေးယောက်သားအသီးသီး လူစုခွဲလိုက်ကြသည်။

နွေရာသီရောက်သောအခါ အညာဒေသသည် အလွန်ပူပြင်းလှ၏။ ည ၁၂-နာရီမကျော်မချင်း အပူဒီဂရီမှာ ကျသည်ဟူ၍ မရှိပေ။ အိမ်ထဲဝင်အိပ်လည်း အိပ်မရပေ။ ထို့ကြောင့် အချို့ဒေသမှာ လသာသော ညများ၌ လရောင်အောက် ကွပ်ပျစ်ပေါ်တွင် ရေနွေးကြမ်းတစ်အိုး အလယ်ထားလျက် စကားဝိုင်းဖွဲ့တတ်ကြသည်။

မောင်ညိုတို့အုပ်စုလည်း ထိုသို့ ဖွဲ့နေခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားဝိုင်းသည် တစ်နေ့တစ်ရက်တည်း မဟုတ် နေ့စဉ်ရက်ဆက်ဝိုင်းဖွဲ့တတ်ကြသည်။

ထူးဆန်းသည်မှာ ထိုကျောက်ခဲပေါက်မှုသည် သုံး လေးရက်ဆက်တိုက်ဖြစ်နေသဖြင့် လူငယ်များသည် မသင်္ကာ ဖြစ်လာကြသည်။

ထို့ကြောင့် ရွာထဲတွင် မြန်မာဆေးလည်းကု ပယော ဂလည်း ကုသော ဆရာကြီး ဦးမူတူးအား ထိုအကြောင်းကို ပြောကြားကြသည်။

ဆရာကြီးဦးမူတူးလည်း ဤကိစ္စမျိုးတွင် အလွန်စိတ် ဝင်စားသူဖြစ်သည်။ ညရောက်သောအခါ သူပါ မောင်ညိုတို့ ဝိုင်းလာမည်ဟု ပြောလိုက်သည်။

ပြောသည့်အတိုင်းပင် ဆရာကြီး ဦးမူတူးသည် မောင်ညိုတို့ဝိုင်းသို့ ရောက်လာသည်။

ဆရာကြီး ဦးမူတူးနှင့် လူငယ်များသည် ဝိုင်းဖွဲ့ရေနွေး ကြမ်းသောက်လျက် အခြေအနေကို အကဲခတ်စောင့်ကြည့် ကြသည်။

ထို့နောက် အတော်ကလေး ညဉ့်နက်လာမှ ကျောက် ခဲတစ်လုံးသည် သူတို့ ဝိုင်းထဲသို့ ဒေါက်ခနဲ လာကျသည်။

ဆရာကြီးဦးမူတူးတို့ တစ်ဦးမျက်နှာ တစ်ဦးကြည့်





လိုက်ကြသည်။

"အသာငြိမ်နေကြကွ မှင်မပျက်နဲ့"

ဦးမူတူးက လူငယ်များကို သတိပေးလိုက်သည်။

အတန်ကြာသော် ထပ်မံကာ ကျောက်ခဲတစ်လုံး ကျ ရောက်လာပြန်သည်။

"ဒါဟာ လူတစ်ဦးတစ်ယောက် မဟုတ်တာတော့ သေချာတယ်ကွ၊ သည်တော့ မောင်သိန်းထွန်း မီးသွေးခဲတစ် ခဲ သွားယူစမ်းကွာ"

ဆရာကြီး ဦးမူတူးက မောင်သိန်းထွန်းယူလာခဲ့သော မီးသွေးခဲဖြင့် ဝိုင်းထဲကျလာသော ကျောက်ခဲကို ကောက်ခြစ် သည်။

"ရော့ဟေ့၊ တစ္ဆေဆိုတဲ့ နာနာဘာဝ၊ ဝိနာဘာဝဆိုသူ က ပစ်တာဆိုရင် သည်ကျောက်ခဲကို မင်းရအောင်ပြန်ရှာ။ တို့ဝိုင်းထဲကို ပြန်ပြီး ပစ်ပေးလိုက် ဟုတ်လား"

ဦးမူတူးက မတ်တတ်ရပ်လျက် မီးသွေးခဲဖြင့် ခြစ်ထား သော ကျောက်ခဲကို ခြံဝင်းစပ်တစ်ဖက်ရှိ ချောင်းစပ်သို့ လှမ်း ပစ်လိုက်ရင်း ပြောလိုက်သည်။

ထိုကျောက်ခဲ ပစ်ပေါက်ပြီး ဦးမူတူးနှင့် လူငယ်များ သည် ဦးတည်ရာစကားကို ပြောဆိုနေကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းထဲကျလာမည့် ကျောက်ခဲကိုလည်း မျှော်လင့်နေကြသည်။

သို့ဖြင့်

တစ်နာရီခန့်အကြာတွင် ဦးမှုတ္တူတို့ ဝိုင်းထဲသို့ ကျောက်ခဲတစ်လုံး ကျလာသည်။

ကျောက်ခဲကို ဦးမှုတ္တူက ကောက်ယူပြီး ကြည့်လိုက်သည်။ လူငယ်များလည်း ဝိုင်းကြည့်ကြ၏။

ဦးမှုတ္တူမှလွဲလျှင် အားလုံး အံ့အားသင့်သွားကြ၏။ မှန်ပါသည်။ ဦးမှုတ္တူ မီးသွေးခဲဖြင့် ခြစ်၍ ပစ်လိုက်သော ကျောက်ခဲဖြစ်နေသောကြောင့်ဖြစ်သည်။

ဦးမှုတ္တူက ဒါမျိုးတွေ ရိုးနေပြီဖြစ်ဟန်တူသဖြင့် သူ့မျက်နှာသည် လုံးဝထူးခြားခြင်းမရှိပေ။

"ဒါဟာ တစ္ဆေက ပစ်တာတော့ အမှန်ပဲကွ၊ ဘယ်သူ ဘယ်ဝါဆိုတာပဲ သိဖို့လိုတယ်"

"ဒါနဲ့ မောင်သိန်းထွန်း မင်းယောက္ခမတွေထံက အခုရက်ပိုင်းအတွင်း ဘာသတင်းများ ကြားရသေးသလဲကွာ"

ဆရာဦးမှုတ္တူသည် အတွေ့အကြုံရှိသူပီပီ အကြောင်းရှိ၍ မေးခြင်းဖြစ်သည်။

ဤခြံသည် မောင်သိန်းထွန်း၏ ယောက္ခမများ ခြံဖြစ်





သည်။

မောင်သိန်းထွန်း၏ ယောက္ခမ ဦးသာဦး ဒေါ်ပိုင်တို့တွင် သားတစ်ယောက် သမီးတစ်ယောက်ရှိ၏။

သားကြီးက ရန်ကုန်တွင် သားရေချုပ်လုပ်ငန်းဖြင့် ကြီးပွားနေသူဖြစ်သည်။ သူ့မိဘများကို ရန်ကုန်ခေါ်သွားသည်မှာ ၃၊ ၄ လခန့် ရှိပြီဖြစ်သည်။ သည်ရွာမှာ ဦးသာဦး၏ သမီး ခင်မြနှင့် သားမက် မောင်သိန်းထွန်းတို့သာ ရှိကြလေသည်။

"အခုရက်ပိုင်းအတွင်း ဘာမှ မကြားရသေးဘူး ဦးလေးမှုတ္တူ"

"ဒါနဲ့ မင်းနဲ့ ခင်မြတို့က မွေးထားတဲ့ မောင်မင်းဇော်ကိုတော့ မင်းယောက္ခမတွေက အတော်ချစ်ပုံရတယ် မဟုတ်လား"

"ဒါတော့ ဟုတ်တယ်ဦးလေးမှုတ္တူ၊ အထူးသဖြင့် ယောက္ခမ အစ်မကြီးထက် ယောက္ခမအဘိုးကြီးက သူ့မြေးကို ပိုပြီး ချစ်တယ်"

"အေး သည်ရက်အတွင်း ဘာရယ်လို့တော့ ငါမပြောလိုဘူးကွာ၊ တစ်ခုခုတော့ ထူးလိမ့်မယ်။ မင်းမိန်းမ မခင်မြကိုလည်း စိတ်ထိန်းဖို့ပြော"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးမှုတူး၏ စကားကို ကြားရသောအခါ အိမ်ရှင်မောင်သိန်းထွန်း အပါအဝင် စိတ်မကောင်းဖြစ်ကုန်ကြသည်။

အထူးသဖြင့် အိမ်ရှင်မောင်သိန်းထွန်းသည် ယောက္ခမများအတွက် အလွန်စိတ်ပူသွားသည်။ သူ့မိန်းမ မခင်မြကိုလည်း မည်သို့နှစ်သိမ့်ရမည်မှသိ ဖြစ်နေသည်။ မောင်သိန်းထွန်းသည် နောက်ဆုံးတွင် ဆရာကြီး ဦးမှုတူးပြောသလို ဖြစ်မလာပါစေနှင့် ဟု သာ ကြိတ်ဆုတောင်းရတော့သည်။

သို့သော်လည်း မောင်သိန်းထွန်း၏ ဆုတောင်းသည် မပြည့်ရှာပေ။ နောက်ရက်မှာပင် ဖေဖေ ကွယ်လွန်သွားကြောင်း ရန်ကုန်က ယောက်ဖဖြစ်သူထံမှ ကြေးနန်းရောက်ရှိလာလေတော့သည်။

ဦးသာဦးသည် အသက်ကလည်း ခြောက်ဆယ်ကျော် သွေးတိုး နှလုံးရောဂါအခံကလည်းရှိသဖြင့် ရုတ်တရက် သေဆုံးသွားခြင်းဖြစ်ဟန်တူသည်ဟု မောင်သိန်းထွန်းက ပြောသည်။

မောင်သိန်းထွန်းနှင့် မခင်မြတို့သည် ကြေးနန်းစာရသည်နှင့် ရန်ကုန်သို့ လိုက်သွားကြသည်။

မောင်သိန်းထွန်းတို့ ရန်ကုန်ရောက်သော် အသုဘ





ချပြီး၍ ရက်လည်ရန် တစ်ရက်သာလိုတော့သည်။

ရန်ကုန်ရောက်၍ သိရသည်မှာ ဦးသာဦး မသေမီ တွတ်တီးတွတ်တာ ပြောဆိုတတ်သော လေးနှစ်သားအရွယ် မောင်မင်းဇော်ဇေလေးကို တမ်းတသေဆုံးသွားကြောင်း သိရလေသည်။

မောင်သိန်းထွန်းတို့ ရက်လည်ကိစ္စပြီး၍ ပြန်လာသောအခါ တစ်ညတွင် ဦးသာဦးသည် သူ့သမီးအား ဝင်ပူးပါတော့သည်။

"ဟေ့ မောင်သိန်းထွန်း ငါ့မြေးမောင်မင်းဇော်ကို ဂရုစိုက်နော်၊ သည်ကလေးဟာ သာမန်မဟုတ်ဘူးကွ" ဟု စတင်ပြောကြားသည်။ ကျောက်ခဲနှင့် ပေါက်သူမှာ သူဖြစ်ကြောင်းလည်း ပြောသည်ဟု ဆို၏။

ထို့ပြင် မောင်မင်းဇော်အား ရှင်ပြုပေးစေလိုကြောင်း သူလည်း သည်ကလေးစွဲ၍ ချောင်းဘေးက ညောင်ပင်ကြီးတွင် တစ္ဆေသရဲ ဖြစ်နေရကြောင်း၊ သူ့အား ကျွတ်စေလိုက သပိတ်သွတ်ပေးပါရန် စသည်တို့ပြောကြားသွားသည်ဟု ဆိုပါသည်။

ထို့နောက်တွင် မောင်သိန်းထွန်းနှင့် မခင်မြတို့လည်း သူ့အဖေအား ရည်စူး၍ သပိတ်သွတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သပိတ်သွတ်ပြီးနောက်တွင် ဦးသာဦးက မခင်မြအား လာရောက်၍ သူသည် သမီးတို့ လှူဒါန်း၍ သာခုခေါ်ရသဖြင့် ပြိတ္တာတစ္ဆေဘဝ ကျွတ်လွတ်ပြီး ရုက္ခစိုးနတ်ဖြစ်ရကြောင်း အိပ်မက်ပေးသည်ဟုလည်း မခင်မြက ပြောပြသည်။

ထင်မြင်ချက်

အမှတ်မထင် စွဲလမ်းမှုသည် ပြိတ္တာတစ္ဆေဘဝသို့ ရောက်သွားတတ်ပါသည်။

စင်စစ်စွဲလမ်းမှုတဏှာသည် လောဘသာဖြစ်ပါသည်။ ထိုလောဘသည် မည်သူကို စွဲစွဲ၊ မည်သည့်ပစ္စည်းကို တပ်မက်တပ်မက်၊ အစွဲခံရသော သူကိုဖြစ်စေ၊ အစွဲခံရသော ပစ္စည်းဥစ္စာကိုဖြစ်စေ မည်သို့မျှ ထိခိုက်မည်မဟုတ်ဘဲ၊ စွဲလမ်းတပ်မက်သော မိမိအား မှီတွယ်နေသည့် တဏှာကသာ အပါယ်ဒုဂ္ဂတိသို့ ဆွဲခေါ်သွားမည်ဖြစ်သည်။

ထို့ကြောင့် မည်သူမဆို သေခါနီးကာလ အချိန်များတွင် အသေစင်ရန် ဖြစ်ပျက်ကိုသာ ပွားများသင့်ကြပေသတည်း။

(ဆရာတော် ဦးမူတူး(ကွယ်လွန်)၏ ပြောပြချက် ဖြစ်ပါသည်။)



# ကိုယ်လုံးတီး ပြိတ္တာဖြစ်ရခြင်း အကြောင်းမှာ

တာရာဏာသီပြည်ဝယ် ရုပ်ရည်ရူပကာ ပြသသော အမျိုးသမီး တစ်ဦးရှိ၏။(ယခုစကားနှင့် ဆိုရသော် ကိုယ်ဟန်ပြအလှမယ်ဟု ဆိုရမည်ထင်၏။) ထိုအမျိုးသမီးသည် မိန်းမတို့၏ ကောင်းမြင်းအင်္ဂါများနှင့် ညီသူဖြစ်သဖြင့် အလွန်လှျှင်လှပတင့်တယ်သူ တစ်ဦးဖြစ်သည်။

အထူးသဖြင့် သူမ၏ ရှည်လျားနက်မှောင်ကော့ညွတ်သော ဆံပင်က သူ၏ အဆင်းသဏ္ဌာန်ကို ပို၍ တင့်တယ်စေပါသည်။ သူမ၏ ဆံပင်သည် ဖြန့်ချလိုက်ပါက ခါးအောက်ဝယ် ပျံ့ဝဲနေသည်။ ဆံပင် အဖျားသည် နွယ်ဝင် ပမာ ကော့ညွတ်လျက်ရှိသည်။

ထိုအမျိုးသမီး၏ မိန်းမအင်္ဂါနှင့် ညီညွတ်သော ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းအသွင်အပြင်ကြောင့် မြင်တွေ့ရသော ယောက်ျားပျိုတို့သည် ချစ်ခင်စွဲလန်းတပ်မက်ကြ၏။

ထိုသို့ လုလင်ပျိုတို့က ထိုအမျိုးသမီးကိုသာ နှစ်လိုမှန်းသိကြရသော - အခြားမိန်းမသုံးဦးတို့သည် ထိုဆံပင်ကောင်းသော အမျိုးသမီးအား မနာလို ဝန်တိုမရှုဆိတ် ဖြစ်တုန်ကြသည်။

ထိုမိန်းမ လှပတင့်တယ်ခြင်း၏ တရားခံသည် ဆံပင်ဟု မနာလိုသော မိန်းမတို့ ထင်ကြ၏။ ထို့ကြောင့် သုံးယောက်သား ခေါင်းချင်းဆိုင် တိုင်ပင်ကြသည်။ နောက်ဆုံး သူတို့အကြံမှာ ဆေးဆရာတစ်ဦးဦးထံမှ ဆံပင်ကျွတ်ဆေးတောင်းရန် သွားကြသည်။

ဆေးဆရာထံတ ဆံပင်ကျွတ်ဆေးယူပြီးသော် အလှပိုင်ရှင်၏ အမျိုးသမီး၏ထံ၌ နေသော အိမ်ဖော်သူငယ်မကို တံစိုးလက်ဆောင်ပေး၏။ အလှပိုင်ရှင်မ၏ ဆံပင်များ ကျွတ်စေရန် ဆေးကိုလည်း ပေးထားခဲ့ကြသည်။

တံစိုးလက်ဆောင်သည် လူတိုင်းကို ဖျက်ဆီးတတ်သည့်အတိုင်း အိမ်ဖော်သူငယ်မသည် မိမိအပေါ် ကျေးဇူးရှိသော အလှပိုင်ရှင်အိမ်ရှင်မအား ဆံပင်ကျွတ်ဆေးကို ဆံပင်ပို့၍ သန့်မာလှပဆေးဟု ဆိုကာပေးသည်။





ဆံပင်ပိုင်ရှင်အမျိုးသမီးလည်း တွေးတော ဆင်ခြင်ခြင်း အလျဉ်းမရှိဘဲ ဆံပင်၌ တွယ်တာသော တဏှာတ ရစ်ပတ်နေသဖြင့် ဆံပင်ပိုကောင်းမည် စကားကြောင့် အိမ်ဖော်ပေးသော ဆံပင်ကျွတ်ဆေးကို ယူကာ ရေချိုးရန် မြစ်ဆိပ်သို့ သွားတော့သည်။

အလှပိုင်ရှင်ဆံပင်ကောင်းသော အမျိုးသမီးသည် အိမ်ဖော်ပေးသော ဆေးကို မိမိ၏ ဆံပင်တွင် ပွတ်လျှော်ပြီး ရေထဲမှာ ငုပ်လေသည်။

ရေထဲမှာ ငုပ်လိုက်ကာမျှဖြင့် ဆံပင်အားလုံးသည် အမြစ်မှ ကျွတ်ကျလေ၏။ အလှပိုင်ရှင်၏ ဦးခေါင်းသည် ရဟန်းမ ဦးခေါင်းပမာ ဖြစ်သွားသည်။ အလှပိုင်ရှင်ခမျာ စာကလေးအမွေးနုတ်ခံရသကဲ့သို့ ခေါင်း၌ ဆံပင်များ ပြောင်သလင်းခါကာ အလှပျက်ရရှာသည်။

ထိုသို့ အလှပျက်သွားသဖြင့် အပြင်လည်းမထွက်ရဲတော့၊ မြို့တွင်းလည်း မနေရဲတော့၊ မြို့ပြင်မှာပင် ခေါင်းတုံးကို အဝတ်ဖုံးပေါင်းလျက် မထင်မရှားစွာ နေရ၏။

ထိုသို့ မြို့ပြင်တွင် သူတစ်ပါး မသိအောင် ၇ ရက်၊ ၈၊ ရက်ခန့်နေပြီးသော် ရှက်စိတ်များ နည်းနည်းခြင်း လျော့လာသည်။ ရဲဝံ့စိတ်တို့ တဖြည်းဖြည်းပြန်တက်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူမနေရာမြို့တွင်းသို့ ပြန်ဝင်ခဲ့သည်။

သို့သော်လည်း ဟိုယခင်ကလို ကိုယ်ဟန်ပြအလှမယ်အဖြစ် လုပ်ကိုင်စား၍ မရတော့ပေ။ ရရာအလုပ်ဖြစ်သည့် နှမ်းတို့ကို ဝယ်ပြီး ဆီကြိတ် ရောင်းခြင်း၊ သေရည်သေရက်ရောင်းခြင်းတို့ဖြင့် အသက်မွေးရရှာ၏။

တစ်နေ့တွင် မိမိဆိုင်သို့ သေရည်လာသောက်ကြသော လူသုံးဦးသည် သေရည်မူးလွန်ကာ ဆိုင်ထဲမှာပင် အိပ်ပျော်ကုန်ကြသည်။

ထိုအခါ အလှပိုင်ရှင်တစ်ဖြစ်လဲ သေရည်ရောင်းသော အမျိုးသမီးသည် ထိုသေသောက်ကျူးတို့၏ အဝတ်ပုဆိုးတို့ကို ချွတ်ယူထားလေသည်။

ထို့နောက် တစ်နေ့သ၌ ဆွမ်းခံလာသော ရဟန္တာမထေရ်မြတ်တစ်ပါးကို ဖူးတွေ့ရ၏၊ ရဟန္တာမထေရ်မြတ်၏ ဣန္ဒြေသမ္ပတ္တိကိုမြင်ရသော် အမျိုးသမီးသည် ကြည်ညိုစွာ သဒ္ဓါတရားထက်သန်လျက် အရှင်မြတ်အား အိမ်သို့ပင့်ဆောင်သွားသည်၊ အိမ်သို့ ရောက်သော် နေရာထိုင်ခင်းတို့ကို ကောင်းစွာ ခင်းလျက် သီတင်းသုံးစေ၏။

ထို့နောက် ဆီရွှဲရွှဲစို လုပ်ထားသော နှမ်းမုန့်ညက်ကို စေတနာထက်သန်စွာ လှူဒါန်းလေသည်၊ အရှင်မြတ်လည်း





ထိုအမျိုးသမီးကို အစဉ်သနားသဖြင့် ချက်ချင်းပင် ဘုဉ်းပေးသုံးဆောင်တော်မူသည်။

အရှင်မြတ်သုံးဆောင်သည်ကို မြင်ရသော အမျိုးသမီးသည် အားရွှင်လန်း ပီတိလွှမ်းကာ အောက်ပါအတိုင်း ဆုတောင်း၏။

"အရှင်ဘုရား တပည့်တော်သည် ဤလှူဒါန်းရသော ကောင်းမှုကြောင့် တပည့်တော်၏ ဆံပင်တို့သည် ရှည်လျားသေးသွယ်ပြေပြစ်နူးညံ့ကော့တက်သော အဖျားရှိသည် ဖြစ်ပါစေဘုရား"

နောင်သော် ထိုအလှပိုင်ရှင်မိန်းမသည် သေလွန်သောအခါ ကကဏ္ဍသုတ္တ၊ အဖြူအမည်းရောသော ဟု ဆိုအပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံများ ပြုခဲ့သောကြောင့် သမုဒ္ဒရာအလယ်ကျွန်းတစ်ကျွန်း၌ ရွှေဗိမာန်နှင့် အဖော်မဲ့မိန်းတစ်ကိုယ်တည်းသွား ဖြစ်ရလေသည်။

ထိုမိန်းမသည် ရဟန္တာအရှင်မြတ်အား နှမ်းမုန့်လှူစဉ်က သံသရာမှ လွတ်မြောက်ကြောင်း မဂ်တရား ဖိုလ်တရားတို့ကို ဆုမတောင်းဘဲ မိမိဆံပင်ကိုသာ တပ်မက်စွဲလမ်းပြီး ဆုတောင်းခဲ့သဖြင့် နတ်ပြိတ္တာသဘာဝဖြစ်လာသောအခါဝယ် သူမ၏ ဆံပင်တို့သည် ဆုတောင်းသည့်အတိုင်း ဆံပင်၏



www.burmeseclassic.com

www.burmeseclassic.com



ကောင်းခြင်းအင်္ဂါနှင့် ပြည့်စုံရ၏။

သို့ရာတွင် သေသောက်ကျူးတို့၏ အဝတ်ပုဆိုးတို့ကို ခိုးယူခဲ့သော မကောင်းမှုကံကြောင့် အဝတ်မပါ ဗလာကိုယ်ထီး ဖြစ်ရရှာသည်။

ထိုပြိတ္တာမသည် ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင် နှစ်ဆူတို့၏ အကြားဝယ် ထိုကျွန်းမှာပင် နတ်ပြိတ္တာဘဝအဖြစ်နှင့် နေရ၏။

ထို့နောက် ဂေါတမဘုရားရှင် ပွင့်တော်မူပြီး သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် သာဝတ္ထိပြည်မှ ခုနစ်ရာကုန်သော ကုန်သည်တို့သည် သမုဒ္ဒရာကိုဖြတ်ကာ သုဝဏ္ဏဘူမိသို့ ကုန်ရောင်းသွားကြသည်။

ရေလမ်းခရီးမှာ မုန်တိုင်းမိကြသဖြင့် ထိုကုန်သည်တို့သည် သမုဒ္ဒရာအလယ်ရှိ ကျွန်းတစ်ကျွန်းသို့ ရောက်ရှိသွားကြ၏။ ထိုကျွန်း၌နေသော အဆိုပါ ပြိတ္တာမသည် ကုန်သည်တို့အား မိမိခံစား၊ စံစားနေရသော ဘုံဗိမာန်နှင့်အတူ ကိုယ်ထင်ပြလေသည်။

ထိုအခါ ကုန်သည်အကြီးက-

"အို ဗိမာန်ရှင် သင်ကား အသူနည်း၊ လူလော၊ နတ်လော၊ ထင်ရှားစွာ မြင်ရန် ဗိမာန်အပြင်ဘက် ထွက်ပြပါ။





သင့်အား ကျွန်ုပ်တို့ မြင်လိုပါသည်"

"အို သခင်သူကြီး၊ ကျွန်မကိုယ်၌ အဝတ်မပါ၊ ဗလာနတ္ထိဖြစ်ပါသည်။ ကျွန်မ၏ဆံပင်တို့ဖြင့်သာ ဖုံးအုပ်ထားရသဖြင့် အလွန်ရှက်ရကား အပြင်မထွက်ဝံ့ပါ"ဟု ကုန်သည်အကြီး၏ အမေးကို ပြိတ္တာမက အလုံးစုံရှင်းပြ၏။

ပြိတ္တာမစကားကြောင့် ကုန်သည်အကြီးသည် အလွန် သနားသွားပုံရ၏။ ထို့ကြောင့်

"အို ဗိမာန်ရှင်၊ ငါ့ဝတ်စုံတစ်စုံပေးပါအံ့၊ ယူပါ။ ဤဝတ်စုံကို ဝတ်ပြီး ထွက်ခဲ့ပါလော့"ဟု ဆိုကာ အသံလာရာဘက်သို့ အဝတ်ပုဆိုးကို လှမ်းပေးလိုက်သည်။

"အရှင်သခင်သူကြီး၊ ကျွန်မအား အရှင်၏လက်ဖြင့် ပေးသောလည်း ယူ၍မရပါ။ ဝတ်၍လည်း မရပါ"ဟု ပြိတ္တာမက ပြောသည်။

"အို ဗိမာန်ရှင် ဘယ်သို့ပေးမှ သင်ဝတ်နိုင်မည်နည်း"

"အရှင် အကယ်၍ ကျွန်မလိုသည်ဖြစ်အံ့၊ ဘုရားရှင်တို့ဖြစ်စေ၊ သံဃာတော်တို့ကိုဖြစ်စေ၊ သံဃာတစ်ပါးပါးကိုဖြစ်စေ သို့မဟုတ် သရဏဂုံသီလမြဲသူကိုဖြစ်စေ၊ ကျွန်မအား ရည်စူးလှူဒါန်း အမျှဝေပါက ဝတ်ဆင်သုံးဆောင်ရပါလိမ့်မည်"ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်သူကြီးလည်း မိမိတို့ကုန်သည်ထဲမှ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်၊ သီလမြဲသော ဥပသကာတစ်ဦးကို ရေချိုးစေပြီးလျှင် နံ့သာအမွှေး စသည်များ လိမ်းကျံစေ၍ အမျှဝေရာ ထိုပြိတ္တာမ သာဓုခေါ်သော ခဏ၌ဝင်လျှင် နတ်၌ ဖြစ်သောအဝတ်ပုဆိုးတန်ဆာများကို ဝတ်ဆင်သုံးဆောင်ရလေသည်။

ထိုသို့ ဝတ်ဆင်ရသော် ပြိတ္တာမသည် နတ်ဝတ်တန်ဆာတို့ဖြင့် လှပတင့်တယ်၊ ရွှေချင်စဖွယ်အသွင်ကို ကုန်သည်တို့အား ဗိမာန်မှ ထွက်ကာ ပြသသည်။

ကုန်သည်တို့လည်း အံ့သြမဆုံး ပီတိဖုံးလျက် ရွှင်ပြုံးဝမ်းသာ ဖြစ်ကြရ၏။ လက်တွေ့ဒါနအကျိုးတရားတို့သည် ကြီးမား မြင့်မြတ်လေစွဟု အားရခြင်းဖြစ်ပြီးလျှင် ရတနာသုံးပါးနှင့် သီလမြဲသော ဥပသကာအား ဆထက်ထမ်းပိုးတိုးကာ ကြည်ညိုလေးစားမေတ္တာပွားကိုးကွယ်ကြသည်။

ဥပသကာလည်း ကုန်သည်တို့အား မိမိကဲ့သို့ သရဏဂုံ သုံးပါးနှင့် ငါးပါးသီလတို့၌ တည်ပါစေသည်။

ထို့နောက် သဘော်သူကြီးကုန်သည်သည် နတ်ပြိတ္တာမ၏ ဘဝကို သိလိုသဖြင့်

"နတ်သမီး သင်သည် အဘယ်ကောင်းမှုကြောင့် ရွှေဗိမာန်ရှင် ဖြစ်ရသနည်း။ အဘယ်မကောင်းမှုကြောင့် အဝတ်မဲ့ပါ ဗလာကိုယ်ထီး ပြိတ္တာမ ဖြစ်ရသနည်း"ဟု မေးရာ -

ဗိမာန်ရှင်နတ်ပြိတ္တာမသည် သူ၏ ကျင်လည်ခဲ့ရသော အတိတ်အကြောင်းကို အထက်ပါ အဖြစ်အပျက်အတိုင်း ပြန်လည်ပြောပြလေသည်။

ထို့နောက် နတ်ပြိတ္တာမသည် ကုန်သည်တို့အား အလွန်စိတ်မချမ်းမသာ ဝမ်းနည်းစွာဖြင့်-

"အရှင်တို့၊ ကျွန်မသည် အရှင်တို့ ပြုအပ်သော တုသိုလ်ကောင်းမှုကြောင့် နတ်သမီးအဖြစ်ခံစား၊ စံစားရပါပြီ။ သို့သော်လည်း ဤသည်မှ နောက်လေးလလွန်မြောက်ပါက ကျွန်မအဖို့ ဤဘဝမှ စုတေကွယ်လွန်ပြီး ပြုခဲ့သော အကုသိုလ်ကံတို့ကြောင့် ငရဲသို့ ကျရပါမည်။ ထိုငရဲကျရမည့် အကုသိုလ်ကံတား တားမြစ်ရန် မလွယ်ကူပါ၊ ၎င်းအတွက် ကျွန်မပူဆွေး စိတ်မအေးဖြစ်နေရပါသည်"ဟု ပြောပြလေသည်။

နတ်သမီး၏ ခံစားရမည့် ငရဲဒုဂ္ဂတိဘေးကို သနားကရုဏာရှိလှသည့် သရဏဂုံနှင့် သီလမြဲသော ဥပါသကာသည် အောက်ပါအတိုင်း နတ်သမီးအား ပြောကြားသည်။

"နတ်သမီး သင်မစိုးရိမ်လင့်၊ ငါတို့ကြောင့် သင်အလို







www.burmeseclassic.com

www.burmeseclassic.com



ရှိရာ ဟူသမျှတို့ကို ပြည့်စုံစွာခံစား၊ စံစားရပြီမဟုတ်လော၊ ယခုအခါ သင်သည် ဥပါသကာ ငါတို့အား တစ်ဖန်လှူဒါန်း၍ ဘုရားရှင်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ပွားများပါက သင် ငရဲကျမည့် ဘေးမှ လွတ်မြောက်ပါလိမ့်မည်။ ထိုဥပါသကာ၏ စကားကြောင့် နတ်သမီးသည် ဝမ်းမြောက်ဝမ်းသာ ပီတိဖြာလျက်-

နတ်၌ဖြစ်ပေသော ထမင်းဘောဇဉ်၊ အဝတ်တန်ဆာတို့ကို ကုန်သည် ဥပသကာအား လှူဒါန်းလေသည်။

ဘုရားရှင်အားလည်း ရည်မှန်းလျက် နတ်ပုဆိုးသက်န်းတို့ကို ဥပသကာအား ပေးအပ်ပြီး သူ့ကိုယ်စား လျှောက်ထားလှူဒါန်းပေးဖို့ မှာကြားလိုက်လေသည်။

ကုန်သည်တို့ကိုလည်း နတ်တို့၏ တန်ခိုးဖြင့် ကုန်သည်တို့သွားရာ ဆိပ်ကင်းသာသို့ နေ့ချင်းအရောက် ပို့လိုက်သည်။

ထိုကုန်သည်တို့သည် ဆိပ်ကမ်းမှ တစ်ဆင့် သာဝတ္ထိပြည်သို့ ရောက်သော် ချက်ချင်းပင် ဘုရားရှင်ထံ ဝင်ရောက်ဖူးမြော်ကြ၏။ နတ်သမီးလှူဒါန်းရန် ပေးလိုက်သော သင်္ကန်းကိုလည်း ဘုရားအား လှူဒါန်းပြီး အကြောင်းစုံ လျှောက်ထားလေသည်။





ဘုရားရှင်သည် ထိုဥပသကာနှင့် ကုန်သည်တို့အားဒါန၏ အကျိုးတရားကို အကျယ်ဟောကြားပြီး သစ္စာလေးပါးတရားကို အကျယ်ဟောကြားတော်မူသည်။

များစွာသော လူအပေါင်းလည်း သစ္စာလေးပါးတရားကို သိမြင်ကြ၏။

ထိုကုန်သည်များထဲမှ ရတနာသုံးပါး ကိုးကွယ်သည်းကပ်လေ့ရှိသည့် ကုန်သည် ဥပသကာသည် နှစ်ရက်မြောက်သော နေ့ဝယ် ဘုရားရှင်နှင့်တကွ သံဃာတော်အရှင်မြတ်တို့ကို ဆွမ်းလုပ်ကျွေးပြီး အလှူကြီးကို ပေးလှူလေသည်။

နတ်ပြိတ္တာမအားလည်း ကောင်းမှု၏ အဖို့ဘာဂများတို ရည်မှန်းအမျှဝေလိုက်သည်။

ထိုပြိတ္တာမသည် ပြိတ္တာဘဝမှ စုတေပြီးလျှင် အထူးထူး အပြားပြားဆန်းကျယ်သော ရတနာတို့ဖြင့် ထွန်းလင်းတောက်ပသည့် တာဝတိံသာ နတ်ပြည်ဝယ် ရွှေဗိမာန်ရှင်နတ်သမီးဖြစ်ရလေသည်။ သူမအား အလုပ်အကျွေးပြုသော နတ်သမီးများတား တစ်ထောင်မျှ အခြံအရံရှိ၏ဟူသတည်း။

(ခလ္လာတိယပေတဝတ္ထု)



www.burmeseclassic.com

www.burmeseclassic.com



## ထင်မြင်ချက်

ပြိတ္တာမသည် လူ့ဘဝက ကောင်းမှု မကောင်းမှု ပြု လုပ်ခဲ့သဖြင့် ပြိတ္တာဘဝရောက်ရသည်။ သူမသည်ဆံပင်ရှိ စဉ်က ဆံပင်ကို အကြောင်းပြု၍မာန်တက်ခဲ့ဟန်တူ၏။ အခြားအခြားသော မိန်းကလေးတို့ကို မထေမဲ့မြင်ပြုမိတောင်း ပြုမိမည် ဖြစ်သည်။ ထိုအခါ တစ်ဖက်မှလည်း မခံချင်စိတ် ထားကာ သူမ ပျက်စီးရန် အခွင့်ချောင်းနေကြပေလိမ့်မည်။

အခွင့်ရသည်နှင့် မိမိဘဝမှာ တစ်မျိုးတစ်မည် ပြောင်း လဲသွားရ၏။

ထိုသို့ ပြောင်းလဲသွားသောအခါ မှုမှန်မဟုတ်သော၊ ယုတ်မာသောအကျင့်ဆိုးတို့သည် ပြေလည်နေစဉ်အခါ၌သာ ငုပ်လျှိုးနေသော်လည်း ဆင်းရဲနေခြင်း၊ အခွင့်သာခြင်း စသည် တို့နှင့် ကြုံသောအခါ မရှောင်နိုင်တော့ဘဲ သူတစ်ပါးပစ္စည်း ဥစ္စာအဝတ်ပုဆိုးတို့ကို ခိုးယူလေသည်။

ထိုအပြစ်ကြောင့်ပင် ဝေမာနိက ပြိတ္တာမ ဖြစ်ရသော် လည်း အဝတ်ဝတ်မရသော ဘဝမှာ ဖြစ်နေရသည်။ ကာလ အားဖြင့်မူ ကဿပ ဘုရားရှင်နှင့် ဂေါတမ ဘုရားရှင်အကြား ဆိုထားသဖြင့် မည်မျှကြာသည်ကို တွက်ဆနိုင်သည်။

ဝဋ်အမြဲ ငရဲအပဟူသော စကားကို လူတိုင်း





လိုလို ပြောဆိုနေကြသော်လည်း တကယ်တမ်း သိသူ ဘား ရှား၏။

စင့်စစ်ဝဋ်သည် အမြဲရှိသလို၊ ငရဲသည်လည်း သောတာပန် စသည် အရိယာမဖြစ်သေးသော သူများ အတွက် အမြဲ ရှိနေပါသည်။ ဝဋ်အမြဲ ငရဲအပစကား သည် သောတာပန်စသော အရိယာတို့အတွက်သာ ဖြစ်ပါသည်။ ပုထုဇဉ်မှ သောတာပန်အရိယာ ဖြစ်သွား သောသူတို့သည် ဝဋ်ရှိလျှင် ခံကြရသော်လည်း အပါယ် ငရဲ၌ကား လုံးဝမဖြစ်ရတော့ပေ။

ပုထုဇဉ်ကား ထိုသို့မဟုတ် ဝဋ်လည်းမလွတ်၊ ငရဲ လည်းမလွတ်ပါ။ ဗြဟ္မာမင်းကြီးဖြစ်ပါစေ၊ ဗြဟ္မာသက်တမ်း တုန်ဆုံးပြီး၊ နတ်ပြည်၊ လူ့ပြည်တို့မှ တစ်ဆင့် အကုသိုလ်များ လုပ်လျှင် ငရဲကျနိုင်ပါသေးသည်။

ထို့ကြောင့် အလွန်ကြောက်စရာကောင်းသော အ ပါယ်ဒုဂ္ဂတိမှ လွတ်မြောက်ကြရန်မှာ သာသနာတော်ထွန်း တားခိုက် ဝိပဿနာသည်သာ အားကိုးစရာဖြစ်၏။ အဆို ပါ နတ်သမီးသည် သောတာပန် မဖြစ်သေးပါက သံသရာ ဝယ် အပါယ်ဒုဂ္ဂတိကား မုချပြန်ရောက်နိုင်သောကြောင့် ငရဲ အပ မဆိုနိုင်သေးပါကြောင်း တင်ပြလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

# ပစ္စည်းကိုချစ် ဥစ္စာစောင့်ဖြစ်

သာဝတ္ထိပြည်၌ မထင်ရှားသော သူကြွယ်တစ်ဦး ရှိ၏၊ ထိုသူကြွယ်သည် စီးပွားဥစ္စာပျက်စီးကာ မွဲတေဆင်းရဲသွားသည်။ သူ၏ ဇနီးလည်း ကွယ်လွန်သွားသည်၊ သူ့တွင် တွယ်တာစရာမှာ အပျိုအရွယ်သမီးကလေး တစ်ဦးသာ ကျန်ရစ်သည်။

ထိုသမီးလေးကြောင့်ပင် သူကြွယ်သည် ရှေ့ဆက်လက် ဤအတိုင်းနေရန် မဖြစ်ကြောင်း သဘောပေါက်သည်၊ ထို့ကြောင့် မိတ်ဆွေသူကြွယ်တစ်ဦးထံ သွား၍ ကုန်ရောင်းကုန်ဝယ် ပြုလုပ်ရန် ငွေတစ်ရာ ချေးငှားသည်၊ သူ့သမီးကိုလည်း မိတ်ဆွေသူငယ်ချင်းထံ အပ်နှံထားခဲ့၏၊





သူကြွယ်သည် ထိုချေးငှားရလာသော ငွေတစ်ရာဖြင့် အခြားဒေသတွင် ရောင်းရန်မြတ်မည့် ကုန်များကို ဝယ်ပြီး လှည်းကုန်သည်များနှင့် အတူ ကုန်ရောင်းလိုက်သွားသည်၊

အပြန်တွင် ထိုသူကြွယ်ခမျာ"တံဆိုးမသွားရာ မိုးလိုက်လို့ရွာ"ဆိုသော တိန်းကြုံရရှာ၏၊

ဖြစ်ပုံမှာ လှည်းကုန်သည်များနှင့် ပြန်လာရာ တစ်နေရာအရောက်တွင် လှည်းများ ဖြုတ်ရပ်ကြ၏၊ ထိုအခါ မထင်မှတ်ဘဲ ဓားပြအတိုက်ခံကြရသည်၊

ထိုသို့ ဓားပြအတိုက်ခံကြသဖြင့် တကွဲတပြား ထွက်ပြေးကြသည်၊ သူကြွယ်လည်း ငွေငါးရာကို ပိုက်၍ ထွက်ပြေးသည်၊ ချုပုတ်တစ်ခုတွေ့လျှင် ပါလာသော ငွေငါးရာထုပ်ကို ဝှက်သည်၊ လူကိုယ်တိုင်လည်း ဓားပြများ မတွေ့ရန် ပုန်းရှောင်သည်၊ သို့ ပုန်းသော်လည်း ဓားပြများသည် သူကြွယ်ကို တွေ့ရှိသွားသည်၊

သူကြွယ်အား ပါလာသော ငွေအသပြာများကို ပေးရန် တောင်းသည်၊ သူကြွယ်လည်း မပေးဘဲ ငြင်းဆိုနေသဖြင့် ဓားပြများက သတ်ပစ်ထားခဲ့ကြသည်၊

ထိုသူကြွယ်သည် ချုပုတ်ထဲတွင် ဝှက်ထားသော ငွေငါးရာကို တပ်မက်စွဲလမ်းပြီး သေသဖြင့် သူဝှက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ငွေအသပြာအနီးမှာပင် ပြိတ္တာဖြစ်ရရှာသည်။

အသက်ဘေးမှ လွတ်မြောက်သွားကြသော ကုန်သည်တို့လည်း သာဝတ္ထိပြည်သို့ ရောက်ကြသောအခါ သူကြွယ်သမီးကို သင့်ဖခင်သေဆုံးခဲ့ပြီဟု ဖြစ်ပျက်သမျှ အဖုံဖုံအကြောင်းစုံများကို ပြောပြလိုက်သည်။

သူကြွယ်သမီးသည် ဖခင်မရှိတော့ပြီးကို သိရသော် အားကိုးရာမရှိ ဖြစ်သွားသဖြင့် ဖြေမဆည်နိုင်အောင် ငိုကြွေးရှာသည်။

ထိုအခါ အိမ်ရှင်သူကြွယ်က ကလေးမအား နှစ်သိမ့်ချော့မော့သည်၊ တရားပြ ဆုံးမသည်။

“ချစ်သမီး၊ အိုးထိန်းသည်တို့၏ အိုးအားလုံး ကွဲပျက်ခြင်းသာ အဆုံးရှိသကဲ့သို့ သတ္တဝါတို့၏ အသက်ရှင်ရခြင်းသည်လည်း သေခြင်းသာ အဆုံးရှိပေသည်။ သေခြင်းတရားဟူသည် သတ္တဝါအားလုံးတို့နှင့် ဆက်စပ်နေသည်ကြောင့် ရှောင်လွှဲခြင်းငှာ မတတ်နိုင်၊ သို့အတွက် သင်၏ ဖခင်အား တမ်းတငိုကြွေးနေသော်လည်း ပြန်ရှင်မည် မဟုတ်ပါ။ ငိုကြွေးခြင်းမပြုပါနှင့်။ ယနေ့မှစ၍ ငါသည် သင်၏ ဖခင်အရာမှ အားလုံးတာဝန် ယူပါမည်။ သင် ငါ့သမီးဖြစ်ပြီဟု သဘောထားပါ။ သင်လည်း မိမိဖခင် အရင်းအိမ်လို သဘောထားပြီး





ဤအိမ်မှာ စိတ်အနှောင့်အယှက် မရှိ ပျော်ပျော်ရွှင်ရွှင်သာ နေထိုင်ပါလေ”

အိမ်ရှင်သူကြွယ်သည် မိတ်ကောင်းဆွေမွန်ပီသစွာ သူမိတ်ဆွေ သူကြွယ်၏ သမီးကို သူ့သမီးအဖြစ် မွေးစားလိုက်သည်။

သူငယ်မလည်း သူကြွယ်၏ အားပေးစကားကြောင့် အငိုတိတ်ကာ ပူပန်စိုးရိမ်မှု ငြိမ်းအေးသွားသည်။ သူမသည် မိမိ၏ ဖခင်သဖွယ် သဘောထား၍ ပြုစုလုပ်ကျွေးသည်။

ထို့နောက် သေဆုံးသွားသော ဖခင်ကြီးအကွတ်လည်း သပိတ်သွတ်ရန် မမေ့ဘဲ တစ်နေ့တွင် ယာဂုများကို ကျိုပြီး အလွန်ချိုမြိန်လှသော သရက်တို့ကို ကြွေခွက်တစ်ခုဖြင့် ထည့်၍ အိမ်ဖော်တစ်ဦးကို ယူစေခဲ့ပြီး ဘုရားရှင်ထံသွားသည်။

ဇေတဝန်ကျောင်း ဘုရားထံမှောက် ရောက်သော် ယာဂုနှင့် သရက်သီးများကို ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်မြတ်များကိုလည်း ယာဂုနှင့် သရက်သီးများ ဆက်ကပ်သည်၊

ထိုပြင်လည်း ဘုရားရှင်နှင့် သံဃာတော်များအား အဝတ်ခင်းများကို ဆက်ကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အားလုံးဆက်ကပ်ပြီးသော်-

"မြတ်စွာဘုရား တပည့်တော်မသည် သေဆုံးသွားသော ဖခင်အား ရည်စူး၍ အဝတ်အထည်၊ ယာဂု၊ သရက်သီးများကို လှူဒါန်းဆက်ကပ်ခြင်းဖြစ်ပါသည်။ ထိုအလှူဒါန၏ အဖို့ဘာဂသည် ဖခင်ကြီးထံ ရရှိ ရောက်ရှိခံစားနိုင်ပါစေဘုရား"ဟု လျှောက်ထားသည်။

မြတ်စွာဘုရားရှင်ကလည်း-

"သင် ဒါယိကာမ ရည်မှန်းတောင့်တသည့်အတိုင်း ပြည့်စုံပါစေသတည်း"ဟု မိန့်တော်မူကာ ဝမ်းမြောက်ကြည်သာ အနုမောဒနာပြုတော်မူလေသည်။

ထိုအခိုက်မှာပင် အဖဖြစ်သော ပြိတ္တာသည် သရက်ဥယျာဉ်ဗိမာန်နှင့်အတူ ပဒေသာပင်၊ လေးထောင့်ရေကန် စသည့်များစွာသော နတ်စည်းစိမ်တို့နှင့် ချမ်းသာစွာ ခံစားစံစားရလေသည်။

တစ်ခါသော် ယခင်က မားပြတိုက်ခံရသော ကုန်သည်များသည် ကုန်ကူးထွက်ကြသည်။ ပြိတ္တာဖြစ်နေသော သူကြွယ်နေရာလမ်းခရီးမှ သွားကြသည်။ ကုန်သည်များသည် ရှေ့ကလည်း ဤဒေသ၌တည်းခိုဖူးကြသဖြင့် ထိုတောအုပ်မှာပင် ရပ်နားကြသည်။





ပြိတ္တာဖြစ်နေသော သူကြွယ်သည် ထိုကုန်သည်များကို တွေ့မြင်ရသဖြင့် သရက်ဥယျာဉ်စသည်တို့နှင့်အတူ မိမိ၏ရုပ်သွင်ကို ကုန်သည်များအား ပြသလေသည်။

ကုန်သည်များသည်လည်း ထိုဝေမာနိက ပြိတ္တာကို မြင်ရသဖြင့် အကြောင်းစုံမေးကြည့်ကြသည်။ သူကြွယ်ပြိတ္တာလည်း ကုန်သည်များအား မိမိကုန်ရောင်း သေဆုံးသည်မှစ၍ သမီးက မြတ်စွာဘုရား လှူဒါန်းအမျှဝေ၍ ဤလိုစည်းစိမ်ချမ်းသာများ ရရှိခံစားစံစားရသည်အထိ ပြောကြားလေသည်။

ထိုသို့ ပြောကြားပြီးနောက် သူကြွယ်ပြိတ္တာသည် ကုန်သည်များအား မိမိဝှက်ထားသော ငွေငါးရာကို ညွှန်ပြလျက်-

"ကုန်သည်တို့ ဤငွေငါးရာကို တစ်ဝက်မှာ သင်တို့ယူပါ။ ကျန်တစ်ဝက်ကို ကျွန်ုပ်သမီးအား ပေးပြီး ကျွန်ုပ်ကျွေးတင်သမျှကို ဆပ်ရန် ပြောပါ။ ပိုသောငွေကို သမီးသုံးစားပါစေ"ဟု မှာကြားလိုက်သည်။

သာဝတ္ထိသို့ ကုန်သည်များ ပြန်ရောက်သော် သူကြွယ်ပြိတ္တာမှာတိုင်း သူငယ်မအား ပြောဆိုကာ သူတို့ထက်ဝက်ယူရန် ပြောသောငွေကိုပင် မယူကြဘဲ သူငယ်မအား ငါးရာစလုံး ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်မလည်း ဖခင်မှာလိုက်သည့်အတိုင်း ဖခင်ပေးရန် ရှိသောကြွေးများကို ပေးဆပ်လိုက်သည်။ ပိုသောငွေများကို မွေးစားသော ဖခင် သူကြွယ်အား အပ်နှင်းလိုက်သည်။

မွေးစားဖခင်သည်လည်း ထိုငွေများကို မယူဘဲ သူငယ်မကိုသာ ပြန်ပေးသည်။ နောင်တွင် မွေးစားသူကြွယ်သည် သူငယ်မအား မိမိ၏ သားနှင့် လက်ထပ်ထိမ်းမြားပေးလေရာ သားတစ်ယောက်ရရှိသည်။

ထို့နောက် မြတ်စွာဘုရားရှင်က သူငယ်မ၏ ရင့်သန်သော ပါရမီကို သိမြင်တော်မူသဖြင့် ထိုသူငယ်မ သားချော့နေချိန်ဝယ် ရောင်ခြည်တော်များလွှတ်၍ သူငယ်မရှေ့ လာရောက်ဟောနေသည့်အလား ကျောင်းတော်မှပင် ဘုရားဟောတော်မူသည်။

"သာယာဖွယ်မရှိသော ကာမဂုဏ်တရားသည် တင့်တယ်သာယာပုံဟန်ဆောင်လျက်၊ မေ့လျော့နေသည့် လူမိုက်ကို လွှမ်းမိုးနှိပ်စက်နေ၏။ သခေါမမှန်၊ မအပ်စပ်သော ကာမဂုဏ်တရားသည် ချစ်ခင်ဖွယ်အသွင်ဖြင့် တစ်မျိုး၊ ဆင်းရဲဖြစ်ပြား ကာမဂုဏ်တရားသည် ချမ်းသာလေယောင် အသွင်ဆောင်ခြင်းဖြင့်တစ်ဖုံ၊ မေ့လျော့နေသော လူမိုက်ကို လောကတွင်းမှ မလွတ်အောင် လွှမ်းမိုးနှိပ်စက်နေလေသတည်း။





တရားဒေသနာတော်၏အဆုံးဝယ် သူငယ်မသည် သောတာပတ္တိဖိုလ်၌ တည်သွား၏။

(အပ္ပဝနမေတာဝတ္ထု)

ထင်မြင်ချက်

အဆိုပါ သူကြွယ်ပြိတ္တာဖြစ်ရခြင်းသည် မပြောပလောက်သော ငွေငါးရာကို ဂွ၍ ပြိတ္တာဖြစ်ရသည်၊ ထိုဝတ္ထုကိုထောက်သောအားဖြင့် ပြိတ္တာခေါ် ပစ္စည်းဥစ္စာကို စွဲသေသွားလျှင် မိမိသိုဝှက်သိမ်းဆည်းထားသော ပစ္စည်းဥစ္စာတို့၏ အနီးအပါးတွင် ပြိဿာဘဝဖြစ်ရတတ်သည်မှာ ထင်ရှား၏။

သို့ရာတွင် မိမိတို့ ပစ္စည်းကို စောင့်ရှောက်နေရသော်လည်း ကြာပင်အောက်က ဖားပမာ "အုံအန်" "အုံအန်" ဟု သာအော်နေသော်လည်း ကြာဝတ်ဆံများကို ကိုယ်တိုင်မသုံးစွဲရဘဲ ပျားပိတုန်းကသာ စားသုံးသွားကြ၏။

ထို့အတူ ဥစ္စာစောင့်များလည်း မိမိပစ္စည်းဥစ္စာကို မည်မျှပင် စွဲသေပြီး စောင့်နေသော်လည်း ထိုပစ္စည်းကို သူတို့ တိုက်ရိုက်သုံး၍မရပေ။

ဆိုလိုသည်မှာ သူတို့ သိမ်းဆည်းသိုဝှက်ထားသော ငွေကြေးဖြင့် တစ်ဦးတစ်ယောက်အား အဝတ်အထည်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ။ အစားအသောက်ဝယ်ပေးပါဟု ခိုင်း၍မရပေ။ ထိုငွေကို တစ်ဦးတစ်ယောက်အား ပေး၍ သီလရှိသော ရဟန်းတော်၊ သံဃာတော်များကို ပေးကမ်းလှူဒါန်းမှသာ ရနိုင်လေသည်။

သေခါနီးဝယ် မိမိတို့၏ ပစ္စည်းဥစ္စာငွေကြေးများကို စွဲသွားလျှင် မိမိသာ ပြိတ္တာတစ္ဆေ၊ ဥစ္စာစောင့်ဘဝရောက်ပေမည်။ ကျန်ရစ်သော ပစ္စည်းဥစ္စာငွေကြေးကား လုံးဝ မိမိတို့ ခံစားရမည် မဟုတ်ပေ။

ထို့ကြောင့် သေခါနီးဝယ် အစွဲကင်းခြင်းသာ ဘဝကူးကောင်းမည်ဖြစ်ကြောင်း သတိပေးလိုက်ပါပေသတည်း။

* * * * *



# ကျွန်တော့်အတွေ့ထူး ငြူစူတော့ပြိတ္တာဖြစ်

အခါတစ်ပါး ရဟန်းတော် တစ်ဆယ့်နှစ်ပါးတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကျင့်စဉ်တရားများကို တောင်း၍ သင့်လျော်ရာ နေရာဒေသကို ရှာကြသည်။

ဝါဆိုရန် နီးကပ်လာသော် တောအုပ်နှင့် မနီးမဝေးသော ဆွမ်းခံရွာကို အမှီပြုနေထိုင်ကြသည်။

ရဟန်းတော်များ အမှီပြုနေထိုင်သော ရွာသည် ရက်တန်းသည် တစ်ဆယ့်တစ်ဦး နေသောရွာဖြစ်သည်။ ထိုရက်တန်းသည်တို့သည် ရဟန်းတော်များကို မိမိတို့ အိမ်သို့ပင် ဖိတ်ကာ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်များကို ဝမ်းမြောက်ဝမ်းသာ ဆက်ကပ်ကြလေသည်။

ဤရွာမှာပင် ဝါဆိုကြပါရန်လည်း လျှောက်ထားကြ၏။ ရဟန်းတော်များလည်း ရက်ကန်းသည်တို့ ပင့်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ဝန်ခံကြ၏။ ဒါယကာများသည် ရဟန်းတော်များ ဝန်ခံကြောင်း သိရသဖြင့် ရဟန်းတော်များအတွက် ကျောင်းများ ဆောက်လုပ်ပေးကြသည်။

ထိုရွာမှ ရက်ကန်းသည်မှူးသည် သံဃာတော်နှစ်ပါးကို တာဝန်ယူ လုပ်ကျွေးသည်။

ကျန် ရက်ကန်းသည်များက တစ်ပါးစီ တာဝန်ယူ လုပ်ကျွေးကြသည်။

ထိုအထဲတွင် ရက်ကန်းသည်မှူး၏ ဇနီးမယားသည် သဒ္ဓါစေတနာနည်းပါး ကြသော၊ မစ္ဆရိယ တရားအားကြီးသူ ဖြစ်သောကြောင့် တစ်ကြောင်း၊ မှားသော မိစ္ဆာဒိဋ္ဌိ အယူရှိသည်က တစ်ကြောင်းကြောင့် သူ့ခင်ပွန်းယောကျ်ား ပေးကမ်းလှူဒါန်းခြင်းကို သဘောမကျ၊ မနှစ်သက်နိုင်ဘဲ တစ်စူစူ တစ်ဆောင့်ဆောင့် လုပ်တတ်၏။

ရက်ကန်းသည်မှူးသည် ထိုကဲ့သို့ ဇနီးသည်၏ အပြုအမူကို သဘောမကျ၊ အလိုမရှိသဖြင့် ဇနီးအား ပစ္စည်းဥစ္စာကို မအပ်ဘဲ ဇနီး၏ ညီမဖြစ်သော ခယ်မဖြစ်သူမှာ အကုန်လွှဲအပ်သည်။

ယိုခယ်မဖြစ်သူမှာ စေတနာသဒ္ဓါတရား ထက်သန်သူဖြစ်၍ ရဟန်းတော်များကို ရိုသေလေးစားစွာ ပြုစုလုပ်ကျွေး





သည်။

ဤသည်ကို သိလေလေ၊ မယားဖြစ်သူသည် ရဟန်းတော်တို့အပေါ် ဆထက်တိုး မကျေမနပ်ဖြစ်မိသည်။ လင်ယောကျ်ားကိုလည်း အမြဲတမ်း ဆဲဆိုမောင်းမဲလုပ်နေသည်။

သို့ဖြင့်

သီတင်းကျွတ်သော် ရဟန်းတော်များကို သင်္ကန်းတစ်ထည်တစ်စီ ကထိန်ခင်းသည့်အနေအားဖြင့် လှူဒါန်းပူဇော်သည်။

ထိုသို့ ရဟန်းတော်များအား ဆွမ်းဘောဇဉ်များ ကျွေးမွေးရုံမကဘဲ သင်္ကန်းများပါ လှူဒါန်းသဖြင့် ရက်ကန်းသည်မှူး၏ မယားသည် လင်ယောကျ်ားအား ဆဲဆိုမောင်းမဲသည်။ တိုင်နိုစာပါ ဆိုလေသည်။

"သာကီဝင်မင်းသား သားတော် ရဟန်းများကို သင်လှူသမျှစားဖွယ် သောက်ဖွယ်တို့သည် နောင်ဖြစ်လေရာရာ ဘဝတိုင်း၊ ဘဝတိုင်း သင့်အတွက် ကျင်ကြီးကျင်ငယ်တွေ၊ မြည်သွေးတွေသာ ဖြစ်ပါစေသတည်း၊ အဝတ်သင်္ကန်းတို့သည်လည်း မီးလျှံစွဲနေသည့် သံပြားများသာ ဖြစ်ပါစေသတည်း၊

ဒေါသရှေ့ထား၍ ကြမ်းကြုတ်ဆိုးရွားသော ကျိန်စာ



www.burmeseclassic.com

www.burmeseclassic.com



များကိုဆိုသည်။

ထိုနောက် အသက်တမ်း ကုန်သဖြင့် ကံအားလျော်စွာ စုတေကြသော် ရက်ကန်းသည်မှူးသည်"ဝိဠာ"မည်သော တောကြီး၌ တန်ခိုးကြီးမားသော ရုက္ခစိုးနတ်မင်း သွားဖြစ်သည်။

သူ၏မယားမှာလည်း ပြုခဲ့သော အကုသိုလ်ကံအလျောက် ထိုဝိဠာတောအုပ်၌ပင် ပြိတ္တာမကြီး သွားဖြစ်ရလေသည်။

ထိုပြိတ္တာမသည် အဝတ်မပါ ဗလာကိုယ်ထီးနေရ၏။ ရုပ်ဆင်းအင်္ဂါမှာ အလွန်ဆိုးဝါး၏။ ထမင်းရေစာ မစားရရှာ၊ အမြဲတမ်း ဆာလောင်ငတ်မွတ်သော ဆင်းရဲဒုက္ခကို ခံနေရသည်။

အစားအသောက်တောင်းလေ့ရှိ၏။ သို့သော်လည်း ရုက္ခစိုးနတ်မင်းပေးသော အစာကိုမူ တစ်ခါမှ စားရသည်ဟု မရှိပေ။

အကြောင်းမှာ လူ့ဘဝက လင်ယောက်ျားအား ကျိန်စာတိုက်ခဲ့ဖူးသော နှုတ်ဝစီကံကြောင့် ပေးသမျှ အစားအာဟာရတို့သည် ကျင်ကြီးကျင်ငယ်များသာ ဖြစ်သွားကြသောကြောင့် ဖြစ်သည်။





ပေးသမျှသော နတ်ဝတ်တန်ဆာပုဆိုးများမှာလည်း ထိုပြိတ္တာမ၏ လက်တွင်းရောက်သည်နှင့် တစ်ပြိုင်နက် မီးရဲရဲစွဲလောင်နေသည့် သံပြားများ ဖြစ်သွားကြသည်။

ပြိတ္တာမသည် မိမိကျိန်စာအတိုင်း မိမိအကုသိုလ်သည် မိမိသို့သာ အကျိုးပေးတတ်သည်နှင့်အညီ အစားအစာများမှာ နတ်သုဓာများအဖြစ် မစားရဘဲ သူ့ထံရောက်နှင့် ကျင်ကြီးကျင်ငယ်၊ သွေးပြည်အဖြစ်သာ စားရရှာသည်။

ထို့အတူ နတ်ဝတ်တန်ဆာများလည်း မီးရဲရဲစွဲနေသည့် သံပြားများ ဖြစ်ကာ ဝတ်လိုက်သည်နှင့် ပူလောင်စွာခံစားရပြီး ဟာစ်အော်ညည်းတွား ချွတ်မရဖြစ်ရလေသည်။

အခါတစ်ပါး၌ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားရှင်အား ဖူးမြော်ရန် လှည်းကုန်သည်များနှင့်အတူ ဝိဠာတောအုပ်ကို ဖြတ်ကျော်ကာ သာဝတ္ထိပြည်သို့ သွားကြမည်ဖြစ်သည်။

ရှေးအခါက ယခုခေတ်လို လမ်းပန်းအဆက်အသွယ်တ မကောင်းသဖြင့် လှည်းကိုသာ အားကိုးကြရသည်။ ထို့ကြောင့် ညအခါ ခရီးသွားကြပြီး နေ့အခါ အရိပ်ကောင်းသည့် နေရာဒေသ၊ ရေအလွယ်တကူရရှိမည့်ဒေသများတွင် လှည်းများကို ရပ်နားလေ့ရှိကြသည်။

ယခုလည်း ဝိဠာတောအုပ်သို့ ရဟန်းတစ်ပါးနှင့်အ



www.burmeseclassic.com

www.burmeseclassic.com



တူ လှည်းများသည် အေးမြသော အရိပ်အာဝါသနှင့် ပြည့်စုံသော နေရာများကို တွေ့ရသဖြင့် နွားများကို ဖြုတ်၍ လှည်းများရပ်န ႏကြသည်။

ရဟန်းတော်သည် ခရီးခဲဖြစ်၍ လှည်းများနှင့် လိုက်ပါလာသော်လည်း လူအများနှင့် ရောရောနှောနှော နေလိုစိတ်မရှိပေ။ ထို့ကြောင့် လှည်းဝိုင်းမှ ခပ်လှမ်းလှမ်း **အရပ်၌** အေးမြသည့် အရိပ်ရှိသော နေရာသစ်ပင်တစ်ပင်အောက်တွင် နှစ်ထပ်သင်္ကန်းခင်း၍ လျောင်းနေသည်။

တစ်ညလုံးခရီးပန်း၊ လမ်းလျှောက်ရသဖြင့် ခေါင်းချလိုက်သည်နှင့် ခေတ္တခဏ အိပ်ပျော်သွားသည်။

လှည်းကုန်သည်များလည်း အပန်းဖြေနားနေပြီး ခရီး ါကြသည်။

ရဟန်းသည် နိုးလာပြီး ကြည့်သောအခါ လှည်းကုန်သည်များကို မတွေ့ရတော့ပေ။

သို့ဖြင့် ရဟန်းသည် လှည်းကုန်သည်များ သွားသည်ထင်သည့် လမ်းဟု ယူဆပြီးနောက်မှ လိုက်သွားသည်။ သို့သော်လည်း လှည်းကုန်သည်တို့သွားသော လမ်းမဟုတ်ဘဲ လမ်းမှားကာ အထက်က ဆိုခဲ့သော ရုက္ခစိုးနတ်၏ နေရာဗိမာန်အနီးသို့ ရောက်သွားသည်။





ရုက္ခစိုးနတ်မင်းသည် ရဟန်းတော်မြတ်ကို ဖူးတွေ့ရသော် လူအသွင်ဖြင့် ကပ်ရောက်နှုတ်ဆက်ပြီး မေးမြန်းလျှောက်ထားကြည့်၏။ အကြောင်းစုံသိရသော် သူ၏ ဗိမာန်သို့ ပင့်ဆောင်သွားသည်။

ထိုအခိုက် မယားဟောင်းဖြစ်သော ပြိတ္တာမသည် ရုက္ခစိုးထံရောက်လာပြီးလျှင်-

"အရှင်ရုက္ခစိုးမင်း ကျွန်မအား အစားအစာများနှင့် အဝတ်အထည်များကို ပေးပါ"ဟု တောင်းသည်။

ရုက္ခစိုးနတ်မင်းလည်း ပြိတ္တာမ တောင်းသမျှကို လိုလိုချင်ချင်ပေးလိုက်သည်။ သို့ ပေးလိုက်သော်လည်း ထိုအစားအစာများနှင့် အဝတ်အထည်တို့သည် ပြိတ္တာမ တိုင်လိုက်သည်နှင့် တစ်ပြိုင်တည်း အစားအစာများက ကျင်ကြီးဂျင်ငယ်၊ ပြည်သွေးများဖြစ်ကာ အဝတ်အထည်များက မီးစွဲလောင်သည့် သံပြားများဖြစ်သွားရလေသည်။

ထိုအခြင်းအရာအားလုံးကို တွေ့မြင်လိုက်ရသော ရဟန်းတော်လေးသည် သံဝေဂတရားဖြစ်ပွားသွ ားသည်။

ထို့နောက် ပြိတ္တာမ၏ အကြောင်းကို ရဟန်းတော်က ရုက္ခစိုးနတ်မင်းအား မေးသည်။ ရုက္ခစိုးနတ်မင်းလည်း သူ့ဘဝနှင့် ပြိတ္တာမတို့ ဆက်စပ်ပုံအကြောင်း အတိတ်ဖြောင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ အကုန်အစင် လျှောက်ထားလိုက်သည်။

ရဟန်းတော်မေးသမျှကို ရုက္ခစိုးက အားလုံးလျှောက်ကြားပြီးနောက် ရုက္ခစိုးနတ်မင်းသည် ဇနီးဟောင်းဖြစ်ခဲ့ဖူးသောပြိတ္တာမကို သနားခြင်းဖြစ်မိသည်ကြောင့် ရဟန်းတော်အား ဤပြိတ္တာမအား လွန်စွာဆင်းရဲလှသည် ဒုက္ခမှ လွတ်မြောက်ရန် မည်သို့ ပြုရမည်နည်းဟု လျှောက်ထားပြန်သည်။

“ရုက္ခစိုးနတ်မင်း၊ မြတ်စွာဘုရားကို ဖြစ်စေ၊ သံဃာကိုဖြစ်စေ၊ ရဟန်းတစ်ပါးပါးကိုဖြစ်စေ လှူဖွယ်ဝတ္ထု စသည်များ ပေးလှူ၍ ဤပြိတ္တာမအား ရည်စူးအမျှဝေပါ။ ပြိတ္တာမက သာဓုခေါ်နိုင်လျှင် ပြိတ္တာမဘဝမှ လွတ်မြောက်ပါလိမ့်မည်။ ချက်ချင်းပင် နတ်၌ဖြစ်သော အစားအစာများနှင့် အဝတ်တန်ဆာများ ရရှိခံစားနိုင်ပါသည်။

ရုက္ခစိုးနတ်မင်းသည် ရဟန်းတော်စကား ကြားရသောအခါ မဆိုင်းမတွပင် ထိုရဟန်းတော်အား နတ်၌ဖြစ်သော အစားအစာများနှင့် အဝတ်အထည်တို့ကို လှူဒါန်းပြီးလျှင် ပြိတ္တာမအား အမျှအတန်းဝေသည်။

ပြိတ္တာမလည်း ရုက္ခစိုးနတ်မင်း၏ လှူဒါန်းသောကောင်းမှုဒါန အမျှပေးဝေမှုကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုလေသည်။





သာဓုခေါ်လိုက်ပြီးသည်နှင့် ထိုပြိတ္တာမသည် ချက်ချင်းလက်ငင်း နတ်၌ဖြစ်သော အစားအစာများကို စားသောက်ရ၏။ ကိုယ်လုံးတီးမှာလည်း နတ်၌ဖြစ်သော အဝတ်တန်ဆာများ ဝတ်ဆင်ရ၏။ ပြိတ္တာမ၏ ရုပ်သွင်လက္ခဏာလည်း အလွန်လှပတင့်တယ်သွားသည်။

ထိုအဖြစ်အပျက်ကို မြင်ရသော ရုက္ခစိုးနတ်မင်းသည် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် နတ်ဝတ်တန်ဆာများကို ရဟန်းတော်မှ တစ်ဆင့် မြတ်စွာဘုရားရှင်အား လှူလိုက်ပြီး ဇနီးဟောင်းပြိတ္တာမကို ထပ်မံ၍ အမျှပေးဝေလိုက်သည်။

ပြိတ္တာမသည် ထိုအမျှဝေမှုကို သာဓုခေါ်ရသောခဏဝယ် နတ်သမီးတမျှ လှပတင့်တယ်လာရသည်။ နတ်ဩဇာ၊ နတ်အဝတ်တန်ဆာများ သုံးဆောင်ခံစားရသဖြင့် အားလုံး ပြည့်စုံသွားလေသည်။

ရဟန်းတော်လည်း နတ်မင်း၏ တန်ခိုးအစွမ်းဖြင့် သာဝတ္ထိပြည်သို့ ရောက်ရသည်။ ရဟန်းတော်သည် ဇေတဝန်ကျောင်းတော် ဘုရားရှင်ထံမှောက်တွင် သူတွေ့ကြုံရသမျှကို မြတ်စွာဘုရားအား လျှောက်ထားလေသည်။

ရှင်တော်ဘုရားလည်း ထိုရဟန်းတော်လျှောက်ထားသည့် အကြောင်းအရာကို အခြေခံ၍ ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ဝရိသတ်အား တရားရေအေး အမြိုက်ဆေးတိုက်ကျွေး လိုက်သည်။

(မဟာပေသကာရပေတဝတ္ထု)

ထင်မြင်ချက်

အဆိုပါ ပြိတ္တာမသည် လူဘဝဖြစ်စဉ်က မိမိလည်း ပိုင်၊ လင်ယောကျ်ားလည်းပိုင်သော ပစ္စည်းဥစ္စာများကို တန်ဖိုးရှိရှိသာ အသုံးချမည်ဆိုလျှင် (ဝါ) ရဟန်းတော်များအား လင် ယောကျ်ားဖြစ်သူမှာ မိမိပြောလည်း လှူ၊ မပြောလည်း လှူ၊ တွန့်တိုလည်းလှူမည်၊ မတွန့်တိုလည်းလှူမည်သာ ဖြစ်သည်။

လှူမည့် အတူတူ ပစ္စည်းဥစ္စာတို့သည် ကုန်မည်သာ ဖြစ်သည်။ ထိုသို့ စွန့်လှူလိုက်သော ပစ္စည်းအတွက် လင် ယောကျ်ားအတူ စေတနာထက်သန်ဝမ်းမြောက်မည် ဆိုလျှင် မိမိပါ အကျိုးရှိပေမည်။ ယခုမူ ပစ္စည်းဥစ္စာလည်းကုန်ရသေးသည်။ ပြိတ္တာဘဝသို့လည်း ကျရောက်ရ၏။ ဖြစ်သင့်သည်မှာ လင်ယောကျ်ားက လှူလျှင် မယားဝမ်းမြောက်ရမည်။ မယားကလှူလျှင် လင်ကဝမ်းမြောက်ရမည်။ သို့မှ ဘဝချင်း ဆုံတွေ့နိုင်မည်ဖြစ်သည်။





ထိုသို့မဟုတ်ပါက နှစ်ဦးသား ရှာထားသော ပစ္စည်းဥစ္စာသည် ကုန်သော်လည်း အကျိုးမရှိဖြစ်သွားနိုင်သည်။

ယခု ဤဝတ္ထုပါပြိတ္တာမသည် အလွန်ကံကောင်းသောကြောင့်သာ လင်ယောကျ်ားနှင့် နီးနီးစပ်စပ် ဖြစ်ရသည်။ အကယ်၍ မနီးစပ်ခဲ့သော် သို့မဟုတ် ရုက္ခစိုးက လှူဒါန်း၍ အမျှမဝေခဲ့သော် ဤပြိတ္တာမ၏ လွတ်မြောက်ရေးသည် အဘယ်မျှထိ ကြာမည်ဟု မခန့်မှန်းနိုင်ပေ။

ထိုကဲ့သို့ သာဓုခေါ်ဆိုနိုင်သော ပြိတ္တာမျိုး မဖြစ်ပါကလည်း အဘယ်မျှ လှူဒါန်း အမျှဝေသော်လည်း ရနိုင်ရန် လုံးဝ မဖြစ်နိုင်ပါပေ။

ထို့ကြောင့် ရှည်ကြာလှသော သံသရာကြီးတွင် အပါယ်ဒုဂ္ဂတိသို့ တစ်ခါတစ်ခေါက် ကျရောက်သွားခဲ့သည်ရှိသော် ပြန်တက်ရန်မှာ အလွန့်အလွန် ခဲယဉ်းလှပေ၏။

ယခုလို လူဘဝ ရလာခိုက်ဝယ် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းတရားကို လက်ကိုင်ထားကြစေလိုကြောင်း သတိပေးရေးသားလိုက်ရပေ၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကင်သာပျံရ ဘဝက ပြိတ္တာတစ္ဆေ

အဇာတသတ်သည် ဒေဝဒတ်နှင့် ပေါင်းကာ အရိယာဖြစ်သော ခမည်းတော်ကြီးကို သတ်မိသော ပိတုဃာတက ကံကြောင့် ညစဉ်လိုလို အိပ်မပျော်ဘဲ ဖြစ်နေတတ်သည်။

ထိုသို့ အိပ်မပျော်သောအခါ ပြသာဒ်၏ အထက်ထပ် အပြင်သို့ တက်ရောက်လျက် စင်္ကြံလျှောက်လေ့ရှိသည်။ တစ်ညသ၌ အဇာတသတ်မင်းမြတ် လမ်းလျှောက်နေစဉ် စူဠသေဋ္ဌိဘဝမှ စုတေ၍ ပြိတ္တာဖြစ်လာသူသည် အမှတ်မထင် ကောင်းကင်ခရီးဖြင့် ပြသာဒ်အနီးမှ ဖြတ်သွားသည်ကို တွေ့လိုက်ရသည်။





ထိုပြိတ္တာ၏ ခန္ဓာကိုယ်သည် အသားအသွေးမရှိ၊ အရိုးအကြောမျှသာ ရှိသည့် အဝတ်မစည်း ဦးပြည်းခေါင်းတုံးနှင့် ဖြစ်၏။

ထိုပြိတ္တာကို အဇာတသတ်သည် ရဟန်းဟု ထင်မှတ်ဟန်တူသဖြင့် "အို အရှင်မြတ်၊ အရှင်၏ အသွင်သည် မလှမပ ပိန်ကြုလှ၏။ အသွင်ကား ဦးပြည်ခေါင်းတုံးနှင့် ရဟန်းအသွင်ဖြစ်သည်။ အရှင်သည် ညဉ့်နက်အချိန်မှာ မည်သည့်အရပ်သို့ အဘယ်အကြောင်းကြောင့် ကြွရောက်ပါသနည်း။ အရှင်ဘုရား လိုအပ်သော အရာကို တပည့်တော်အား မိန့်တော်မပါ။ တပည့်တော်သည် အရှင်ဘုရားအား လိုအပ်သောအရာ လှူဒါန်းပါမည်"ဟု လျှောက်၏။

"မြတ်သောမင်းကြီး ကျွန်ုပ်သည် သင် မင်းကြီးထင်သကဲ့သို့ ရဟန်းမဟုတ်ပါ။ ကျွန်ုပ်သည် လူဘဝ ဗာရာဏသီပြည်ဝယ် စည်းစိမ်ဥစ္စာပေါများ ကြွယ်ဝချမ်းသာသော စူဠသေဋ္ဌိအမည်ရှိသော သူဌေးတစ်ဦးဖြစ်ခဲ့ပါ၏။ သူဌေးဖြစ်စဉ်က စိတ်ထားယုတ်မာခြင်း၊ လှူဒါန်းလိုသော ဆန္ဒမရှိခြင်း၊ ယုံကြည်မှု သဒ္ဓါတရားကင်းခြင်း၊ ကိုယ်ကျင့်သီလ ဘာတစ်ခုမှ မပြည့်စုံခြင်း၊ ငါးဖြာအာရုံကာမဂုဏ်တို့ကိုသာ လွန်စွာလိုက်စားပျော်ပါးခြင်းတို့ကြောင့် သေသောအခါ ပြိတ္တာဘုံသို့ ကျ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရပါသည်”

ကျွန်ုပ်သည် သဒ္ဒါကင်းကွာ အကုသလာ စေတနာကြောင့် ဆာလောင်ပူပြင်း၊ သွေ့သွားကင်းလျက်၊ လွန်စွာပင်ပန်းမောဟိုက်နေပါသည်။ ထိုအဆာပျောက်စေရန် ဆွေမျိုးများရှိရာ နေရပ်ရွာသို့ ပြန်ရန် ဖြစ်ပါသည်။

“အရှင်မင်းကြီး၊ အလှူဒါန၏ အကျိုးတရားသည် နောက်နောင်ဖြစ်လေရာ ဘဝဝယ် ခံစားရ၏ဟု ကျွန်ုပ်ကဲ့သို့ မယုံကြည်ကြသူများမှာ အကျွန်ုပ်ပြိတ္တာဖြစ်ရသကဲ့သို့ မုချဖြစ်ပြီးလျှင် ကြီးမားလှသော ဆင်းရဲဒုက္ခတို့ကို ခံကြရပါလိမ့်မည်။

ယခုအခါ ကျွန်ုပ်၏ သမီးလည်း မိဘဘိုးဘွား စသည်တို့ကို ရည်စူး၍ ကုသိုလ်ဒါန ပြုလုပ်မည်ဟု မြော်ဆိုဖိတ်ကြားနေပါသည်။ ပုဏ္ဏားတို့ကိုလည်း ကျွေးမွေးလှူဒါန်းပါမည်။ ကျွန်ုပ်သည် သမီး“အနုလာ”ရှိရာ အန္ဓကဝိန္ဒမြို့သို့ စားသောက်ရန် ကောင်းကင်ခရီးဖြင့် လာရောက်ခြင်းဖြစ်ပါသည်”ဟု အဇာတသတ်မင်းကြီးအား လျှောက်ထားသည်။

“အို အဆွေ ကောင်းပါပြီ၊ သင့်သမီး၏ အလှူဒါန အဖို့ဘာဂကို ခံစားသုံးဆောင်ပြီး ပြန်ခဲ့ပါ။ ကျွန်ုပ်ကလည်း သင့်အား ပေးကမ်းလှူဒါန်းပါမည်။ အပြန်တွင် သတင်းစုံကို ပြန်ကြားပြောဆိုရန် မမေ့ပါနှင့်”ဟု မင်းကြီးကလည်း မှာကြား





သည်။

“မင်းကြီး အသင်မင်းကြီး မှာကြားသည့်အတိုင်း ကျွန်ုပ်အပြန်တွင် ပြောဆိုပါမည်”ဟု ပြောပြီး ပြိတ္တာသည် အန္ဓကဝိန္ဒမြို့သို့ ကောင်းကင်မှ သွားလေသည်။

ထိုအချိန်၌ သမီးဖြစ်သူ အနုလာလည်း လင်ခင်ပွန်းနှင့်အတူ ဖခင်ကို ရည်စူးကာ ပုဏ္ဏားများကျွေးရန် ချက်ပြုတ်စီမံနေသည်။

နံနက်လင်းသော် သမီးနှင့်သားမက်တို့သည် ကြွရောက်လာကြသော ပုဏ္ဏားများကို ဖခင်စူဠသေဋ္ဌိသူဌေးအား ရည်မှန်း၍ လှူဒါန်းကျွေးမွေး၏။

သို့ ကျွေးမွေးသော်လည်း သားမက်နှင့်သမီး လှူဒါန်းသော ပုဏ္ဏားများသည် သီလ်မရှိသော ဒုဿီလများ ဖြစ်သောကြောင့် စူဠသေဋ္ဌိတစ်ဖြစ်လဲ ပြိတ္တာသည် လုံးဝခံစားစားသောက်ရခြင်း မရှိပေ။

ထို့ကြောင့် ပြိတ္တာသည် အလှူဒါန၏ အဖို့ဘာဂကို မရရှိနိုင်တော့သဖြင့် နေရင်းအရပ်သို့ ပြန်ခဲ့ရ၏၊ အဇာတသတ်ထံသို့ ရောက်သောအခါ အကြောင်းစုံ ပြန်ပြောပြလေသည်။

အဇာတသတ်မင်းသည် ထူးခြားခြင်းမရှိဘဲ ပြန်လော



www.burmeseclassic.com

www.burmeseclassic.com



သော ပြိတ္တာကို မြင်တွေ့ရသောအခါ-

"အို အဆွေပြိတ္တာ၊ သင် မစိုးရိမ်ပါလင့်၊ သင့်လိုရာကိုသာ ပြောပါ၊ ကျွန်ုပ်ပေးကမ်းလှူဒါန်းပါမည်"ဟု ဇိတ်မန္တကပြုသည်။

"အရှင်မင်းမြတ်၊ ကျွန်ုပ်အား ပေးကမ်းလိုက ဘုရားရှင်ကိုဖြစ်စေ၊ ဘုရားရှင်၏ တပည့်အရိယာကိုဖြစ်စေ၊ ပုထုဇဉ်သံဃာကိုဖြစ်စေ ဆွမ်း၊ သင်္ကန်းတို့ဖြင့် ကျွေးမွေးလှူဒါန်းရည်စူးပြီး ကျွန်ုပ်အား အမျှဝေပါ။ ကျွန်ုပ်ရရှိခံစားရပါလိမ့်မည်"ဟု ပြိတ္တာကပြောသည်။

ထို့နောက် အဇာတသတ်မင်းကြီးသည် မိမိကိုယ်တိုင် ပင်လျှင် မြတ်စွာဘုရားရှင်နှင့် သံဃာတော်များအား ပြိတ္တာတစ်ဦးကို ရည်စူး၍ အလှူပေးကြောင်း လျှောက်ထား၏။ ထိုပြိတ္တာကိုလည်း ရည်မှန်းလျက် အမျှအတန်း ပေးဝေသည်။

အမျှပေးဝေသော ခဏ၌ပင် အမျှရသော ပြိတ္တာသည် နတ်ဝတ်တန်ဆာ၊ နတ်ဩဇာများ ရရှိခံစားရ၏။ သူ၏ အဆင်းအပြင်လည်း နတ်သားတစ်ပါးပမာ ဖြစ်သွားလေသည်။

ယို့နောက် ထိုပြိတ္တာနတ်သားသည် အဇာတသတ် ရှေ့မှောက်သို့ ကိုယ်ထင်ပြလျက်





"အရှင်မင်းမြတ်၊ အရှင်သည် အကျွန်ုပ်၏ တန်ခိုးအာနုဘော်ကို ရှုစားတော်မူပါ။ အတုမရှိသော အရိယာသံဃာတော်များကို လှူဒါန်းပေးကမ်းပြီး ကျွန်ုပ်အား ရည်မှန်းအမျှအတန်းဝေသဖြင့် လွန်စွာ ဆင်းရဲလှသော ပြိတ္တာဘဝမှ လွတ်ရပါပြီ။ ယခုအခါ နတ်သားအဖြစ် ရောက်ရပါပြီ၊ ကျွန်ုပ်သည် နတ်ဘုံဌာနသို့ သွားရောက်ရပါတော့မည်"ဟု ဆိုကာ ကွယ်ပျောက်သွားလေတော့သည်။

(စူဠသေဋ္ဌိပေတ ဝတ္ထု)

ထင်မြင်ချက်

စူဠသေဋ္ဌိ သူဌေးသည် နှမြောတွန့်တိုသူဟု ဆိုသော်လည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး စသော ကောင်းသောဘက်၌သာ စေတနာ သဒ္ဓါတရား နည်းပါးသူဖြစ်သည်။

မကောင်းသော ကာမဂုဏ် အာရုံတို့ဘက်၌ကား အလွန်ဝါသနာထုံသူဖြစ်ပေလိမ့်မည်။ (အဇာတသတ်မင်းအား သူလျှောက်ထားသော စကားကိုထောက်ပါ) ယနေ့ လူအချို့လည်း လှူရေးတန်းရေးဘက်၌သာ စေတနာအား၊ သဒ္ဓါအား နည်းပါးကြ၏။ အရက်သောင်းကစား စသော မကောင်းသောဘက်၌ နှမြောစေးနှဲမှု ရှားသည်ဟု ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုသည်ကလည်း ခက်၏။ မကောင်းမှု၌သာ မွေ့လျော်ကျက်စားတတ်သော သဘောရှိတတ်၏။ စူဠသေဋ္ဌိ သူဌေးသည် ကံကောင်းထောက်မ၍သာ ပြိတ္တာဘဝ ရောက်ရခြင်းဖြစ်သည်။ ပြိတ္တာဘဝမဟုတ်ဘဲ ငရဲ တိရစ္ဆာန်ဘဝသို့ ရောက်သွားခဲ့သော် ထိုကဲ့သို့ ပြိတ္တာဘဝမှ နတ်သားဘဝသို့ လုံးဝရောက်သွားလိမ့်မည် မဟုတ်ပေ။ ယခု ပြိတ္တာဘဝမှာလည်း လူတို့အမျှအတန်းပေးဝေ၍ရသော ပြိတ္တာဖြစ်၍သာ နတ်ဘဝမျိုးခံစားရသည်။

ထို့ကြောင့် အလွန်တရာ စေးနှဲဝန်တိုသော အညစ်အကြေးကို ဒါန၊ သီလတရား စသည်ဖြင့် ဆေးကြောကြပါရန် တိုက်တွန်းလိုက်ရပေသည်။

* * * * *



# သရဲနှင့်လူ မိတ်ဆွေဖြစ်ကြပြီ

ဦးဖိုးထောင် ထန်းတောဆို ရှောင်ကြသည်။

သည်ထန်းတောသည် လူတိုင်းရှောင်ကြ၏။ တော်တော်တန်တန် သတ္တိနည်းသော ထန်းသမားဆိုလျှင် မနေနိုင်ကြ။ သရဲခြောက်ခြိမ်းသည် ဟု နာမည်ကြီးသောကြောင့် ဖြစ်၏။ ထန်းပိုင်ရှင်သည် သူ၏ထန်းတော၌ အစဉ်ထန်းတက်မည့်သူကို လိုက်ရှာရသည်မှာ မလွယ်ကူလှပေ။ ဓာတ်သိထန်းသမားများသည် ဦးဖိုးထောင်၏ ထန်းတောဟုဆိုကနည်းသည့်ကြေးပေးပေး မည်မျှငွေရရ မလုပ်လိုကြပေ။

သရဲက ရိုးရိုးခြောက်လျှင် တော်သေး၏။ ကိုယ်ရိပ်ကိုယ်ယောင်ပြရုံမဟုတ်ဘဲ ထန်းတောထဲနေသူကို ကုတ်ခြစ်ဆွဲသတ်သည်ဟု ဆို၏။ ထိုသို့ အတင့်ရဲလှသော သရဲကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်နေကြခြင်းမှာ အဆန်းမဟုတ်ပေ။

အချို့ထန်းသမားများကလည်း မိမိသတ္တိရှိသော်လည်း မိမိ၏ဇနီး သားသမီးတို့နှင့်နေရသဖြင့် မနေခြင်းဖြစ်သည်။

ထန်းတောနေသည်ဆိုလျှင် ထန်းရေပေါ်သော တပို့တွဲလများတွင် ထန်းတောက လုံးဝခွာ၍မရ၊ ထန်းတောမှာ အိပ်၊ ထန်းတောမှာစားကာ ထန်းလျက်လည်း ချက်ကြရသဖြင့် မိသားစုအလိုက် နေကြရသည်ကများ၏။

ဦးဖိုးထောင်သည် ထန်းတောကို သူ့မိဘထံမှ အမွေရလိုက်ခြင်းဖြစ်သည်။ ထန်းတောက တစ်နှစ်လျှင် အမြတ်ငွေတော်တော်ရသည်။ သို့သော်လည်း ထိုထန်းတောတက်ရန် လူအရှာခက်၍ ရောင်းပစ်လိုသည်။ သို့သော်လည်း လူတိုင်းက ထန်းတောအကြောင်း သိထားကြသဖြင့် မည်သူမှ ဝယ်မည့်သူမရှိပေ။

## လူစွမ်းကောင်းပေါ်ပြီ

ဆွေမရှိ မျိုးမရှိ ဇနီးမယား သမီးသားတို့မရှိဘဲ လောကကြီးမှာ တစ်ယောက်တည်းဆိုသော သံလုံးတစ်ယောက် ဦးဖိုးထောင်တို့ရွာသို့ ရောက်လာသည်။ သူကား အခြား





မဟုတ် ထန်းတက်ကျွမ်းသည့် ထန်းသမားသံလုံးဖြစ်၏။

သံလုံးသည် ညောင်ဦးဖီး၏ ဆွေမျိုးသော်စပ်သလားမသိ၊ ညောင်ဦးမြို့နယ် ရွာတစ်ရွာမှ ပေါက်ဖွားလာသူဖြစ်၏။ ထန်းတက်ရာတွင် အလွန်ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်။

ဦးဖိုးထောင်၏ ထန်းတောအကြောင်းကို သူကြားထားပြီးဖြစ်သည်။ ကြားထားသောကြောင့်လည်း ဦးဖိုးထောင်ထံ ရောက်လာခြင်းဖြစ်၏။

"ဦးဖိုးထောင်အိမ် တဆိတ်ပြပေးပါခင်ဗျာ"

သံလုံးက ရွာအဝင်ဝတွင် တွေ့ရသော ဦးကြီးတစ်ယောက်အား ပြောလိုက်သည်။

ဦးကြီးကလည်း ကောင်းစွာပင် သံလုံးကို ဦးဖိုးထောင်အိမ် လိုက်ပို့လိုက်၏။

"ဗျို့ ကိုဖိုးထောင် ကိုဖိုးထောင် ဒီမှာ ဧည့်သည်က တွေ့ချင်လို့တဲ့"

"ဗျာ ဟုတ်ကဲ့၊ ဟုတ်ကဲ့ လာပြီ"

ဦးဖိုးထောင် အိမ်ထဲမှ အိမ်ပြင် ထွက်လာသည်။

"ဟော ကိုသာဒုတ် ဆိုပါဦး၊ ဘာကိစ္စ၊ လာကြ လာကြ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးထောင်က ဦးသာဒုတ် ဆိုသူနောက်မှ ကပ်ပါလာသော အသက်သုံးဆယ်အရွယ်ရှိ သံလုံးအား အကဲခတ်ရင်း မေးလိုက်သည်။

"ဒီမှာဗျာ၊ သူငယ်က ဦးဖိုးထောင်အိမ် ပြပေးပါဆိုလို့ ကျွ[illegible]ခေါ်လာတာပါ"

"ကြော် ကြော် မောင်ရင်က ကျုပ်နဲ့ တွေ့လိုတဲ့အကြောင်းက" အိမ်ရှေ့ခန်းတွင် သုံးယောက်သား တန်းလျားပေါ် ထိုင်ကြရင်း ဦးဖိုးထောင်က သံလုံးကို မေးလိုက်သည်။

"ဒီလိုပါဗျာ၊ ခင်ဗျားမှာ ထန်းတောရှိတယ် ကြားလို့၊ အဲဒီထန်းတောလည်း တက်မယ့်သူ မရှိဘူးဆိုတာနဲ့"

"ကြော်. . . အေး. . . အေး"

သံလုံးစကားမဆုံးမီ ဦးဖိုးထောင်က ကြားဖြတ် ပြောလိုက်သည်။

ဦးဖိုးထောင်သည် ထန်းတက်မည့်သူကို ရှာနေသည်မှာ ကြာပြီ။ သူ့ထန်းတောဆိုလျှင် ထန်းသမားများ ရှောင်တတ်ကြသဖြင့် ယခုလို အလွယ်တကူရောက်လာသော ထန်းသမားကို အထွေအထူး ပြောစရာမရှိဘဲ လက်ကမ်းကြိုရန်သာ ရှိသည်။

"ဒါနဲ့ မောင်ရင် နာမည် ဘယ်လိုခေါ်လဲ"





"ကျုပ်နာမည် သံလုံးပါ။ ကျုပ်က ညောင်ဦးနယ်ကပါ။ ဦးဖိုးထောင်ရဲ့ ထန်းတောအကြောင်း ကျုပ်အားလုံး ကြားထားပြီးပါပြီ။ တကယ် သရဲခြောက်ခြောက်၊ မခြောက်ခြောက်၊ အကြောင်းမဟုတ်ပါဘူး။ ကျုပ်ကိုသာ ဦးဖိုးထောင်က လုပ်အားခ ထိုက်ထိုက်တန်တန်ပေးပါ"

"အို. . . ပေးရမှာပေါ့၊ မောင်သံလုံးရယ်၊ နောက်တော့သာ မင်းက သရဲကြောက်တယ်ဆိုပြီး ထွက်မပြေးပါနဲ့"

"စိတ်ချပါဗျာ၊ ကျုပ် မပြေးပါဘူး"

## သရဲဘယ်ကလဲ

ထန်းတောမှာ အလွန်နေချင့်စဖွယ် ကောင်း၏။ ထန်းတောဟု ဆိုသော်လည်း ထန်းပင်များချည်းမဟုတ်၊ အခြားမန်ကျည်း၊ ကုက္ကိုစသော အပင်များလည်း ရှိကြ၏။

ဤထန်းတောတွင် တစ်ခုကောင်းသည်မှာ ထန်းရည်ခိုး လုံးဝ မဖောက်ရပေ။ အဆိုပါ စည်းကမ်းသည် ဦးဖိုးထောင်အား ဖခင်ဖြစ်သူက တင်းကြပ်စွာ မှာကြားခဲ့သော သံမဏိစည်းကမ်းဖြစ်သည်။ အချိုသက်သက်သာ ခံယူ၍ ထန်းလျက်ချက်ရမည်ဟု မှာကြားထားသည်။ ဦးဖိုးထောင်ကလည်း ဖခင်၏ စကားကို တစ်သဝေမတိမ်း လိုက်နာခဲ့၏။ ထန်းရည်



www.burmeseclassic.com

www.burmeseclassic.com



သောက်တတ်သော ထန်းသမားကိုလည်း လုံးဝ ထန်းတက်ခွင့် မပြုရပေ။

၁။ လုံးဝ ထန်းခါးရည် မဖောက်ရ

၂။ ထန်းတက်သမား လုံးဝ ထန်းရည်မသောက်ရ

၃။ ထန်းရည် ခိုးမရောင်းရ

အဆိုပါ စည်းကမ်းသုံးချက်နှင့်ညီမှသာ ဦးဖိုးထောင်က သူ့ထန်းတောအား တက်ခွင့်ပြုသည်။

များသောအားဖြင့် ဦးဖိုးထောင်ပြောပြသော စည်းကမ်းနှင့်အညီ လိုက်နာကြသော်လည်း တစ္ဆေသရဲကိုမူ ရင်မဆိုင်ရဲသဖြင့် ပြေးကြသောအလုပ်သမားများ မနည်းတော့ပေ။

သရဲက အတော်ကြမ်းသည်ဆို၏။ သရဲကကြမ်းသည်ဟု ဆိုသော်လည်း သရဲ၏ရာဇဝင် တိတိကျကျ သိသူရှားလှ၏။

ထိုထန်းတော သရဲခြောက်သည်ဟု နာမည်ကြီးလာခြင်းသည် ဦးဖိုးထောင် လက်ထက်မှ ဖြစ်လာသည်။ သူ့ဖခင်လုပ်ခဲ့စဉ်က မည်သည့်အကြောင်းမှ မကြားရပေ။

ဦးဖိုးထောင်သည် ထိုသရဲပြေးရန် သံဃာတော်များကို ပင့်ဖိတ်၍ ပရိတ်ရွတ် တရားနာခြင်းများ ပြုလုပ်သော်





လည်း အဆိုပါသရဲကား လုံးဝ မကြောက်ပေ။ အမျှအတန်းဝေသော်လည်း ကျွတ်လွတ်ဟန်မတူ၊ ရှိမြဲရှိနေသည်။

ခက်သည်မှာ ဤထန်းတော၌ သရဲခြောက်သည်ဟု နာမည်ကြီးပြီး ထန်းတက်သမားတို့ ပြေးကြသော်လည်း ဦးဖိုးထောင်တို့ရွာ၌ ထန်းတောနှင့် ပတ်သက်သောသူ တစ်ဦးတစ်ယောက်မျှ မသေဘူးပေ။

ဦးဖိုးထောင် အဖေမဟုတ်နိုင်သည်မှာလည်း သေချာ၏။ ဦးဖိုးထောင်၏အဖေသည် သူတော်ကောင်းကြီးဖြစ်၏။ ဘုရား၊ တရားကို အလွန်ကြည်ညိုသူဖြစ်၏။ ငါးပါးသီလလည်း ခါးဝတ်ပုဆိုးကဲ့သို့မြဲသော ရှေးအဘိုးကြီးဖြစ်၏။ သေစဉ်ကလည်း သူတစ်ပါးလို ညည်းညူအော်ဟစ်ခြင်းမရှိ၊ ပကတိငြိမ်သက်စွာပင် သေသွားရှာသည်။

ပြီးတော့ ထိုသရဲပေါ်လာခြင်းသည် ဦးဖိုးထောင်၏အဖေသေပြီး လေးငါးဆယ်နှစ်ကျော်မှပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ဦးဖိုးထောင်၏ အဖေမဟုတ်သည်မှာ သေချာသည်ဟု ပြောနိုင်သည်။

ဤသို့ဆိုလျှင် ထိုသရဲသည် ဘယ်ကပေါ်ပေါက်လာသနည်း။



www.burmeseclassic.com

www.burmeseclassic.com



သံလုံးနဲ့ သရဲတွေ့ကြပြီ

သံလုံးသည် ဦးဖိုးထောင်ထံမှ အိုးခွက်ပန်းကန်တို့ကို ယူပြီး ထန်းတောထဲသို့ နေရန် ရွှေ့ပြောင်းသယ်ယူ၏။

ထန်းတောထဲ၌ တစ်ယောက်တည်းနေရမည် ဖြစ်သော်လည်း သံလုံးက သရဲဆိုသော သတ္တဝါကို လုံးဝ ကြောက်ခြင်း၊ လန့်ခြင်းမရှိပေ။

သံလုံးထန်းတောထဲသို့ သုံးလေးည နေပြီးသော်လည်း သရဲဆိုသော သတ္တဝါ၏ အရိပ်အယောင်ကိုမျှ မတွေ့ရသေး။ ဦးဖိုးထောင်တို့ ရွာသူရွာသားအားလုံးကတော့ တစ်နေ့ သံလုံးထွက်ပြေးလိမ့်မည်ဟု ထင်နေကြသည်။

သံလုံးကား သူတို့ထင်နေသလို မည်သည့်အခါမှ ပြေးမည့်လူစားမျိုး မဟုတ်ဘဲ သရဲမလာမည်ကိုသာ စိုးနေသည့်လူဖြစ်သည်။

သို့သော် သိပ်တော့ မစောင့်ရပါ။ ထိုသရဲသည် မည်သည့်နေရာ၌ သွားပြီး ခရီးလွန်နေသည်မသိ။ ငါးရက်မြောက် ညနေ နေဝင်ရီတရော အချိန်မှာ ထန်းဖင်ကြီးခန့် အရပ်ကြီးနှင့် မည်းမည်းဝတ်ရုံကြီးကို ခြုံလျက် ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးနှင့် သံလုံးတဲရှိရာသို့ တရွေ့ရွေ့ ချဉ်းကပ်လာနေသည်ကို သံလုံးတွေ့လိုက်ရသည်။





"အင်း. . . ဟိုကောင်တော့လာပြီ"

ပါးစပ်မှလည်း တီးတိုးရေရွတ်လိုက်၏။ သရဲသည် ပါးစပ်မှာ ကြောက်မက်ဖွယ် အသံကြီးကို အော်မြည်လျက် သံလုံးအား တိုက်ခိုက်၏။

သံလုံးသည် အာဂလူပေပဲ၊ ဘယ်အညှာခံမည်နည်း၊ ချည့်နေအောင် သွေးထားသော ထန်းလှီးဓားဖြင့် သရဲဆိုသူအား ခုတ်၏။ သရဲကလည်း ရှောင်၏။

ထို့နောက် သရဲက အပေါ်မှနေပြီး သံလုံး၏ ကုပ်ကို ခွစီး၏။

သံလုံးလည်း ဆင်ပြောင်ငါးစီး အားမာန်ကြီးသော အင်အား မရှိသော်လည်း သည်သရဲလောက်ကိုတော့ မမှု၊ ချက်ချင်းပင် ကုပ်ပေါ်ခွစီးထားသော သရဲကျောကို သူ့လက်နှစ်ဖက်ဖြင့် လှမ်းဖက်လိုက်ပြီး အားကုန်ထကာ သရဲအား တွန်းချလိုက်၏။

သရဲဆိုသူလည်း မြေပေါ်သို့ ဗိုင်းခနဲ ကျသွား၏။ သံလုံးသည် အားကုန်မြောက်ခုန်၍ သရဲ၏ လည်မျိုကို နင်းချလိုက်၏။ သရဲကလည်း အသာလိမ့်ရှောင်လိုက်သည်။

ထိုနောက် သရဲနှင့် သံလုံး ထွေးလုံးရစ်ပတ်တွယ် သတ်ကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသော် သံလုံးလည်း မောနေပြီ၊ သရဲလည်း မောနေပြီ။

ထိုတိုက်ပွဲမှာ မည်သူမှ မနိုင်ဘဲ သရေပွဲ ဖြစ်သွားလေသည်။

## သံလုံးကို သရဲက အရှုံးပေးခြင်း

သံလုံးသည် သရဲကို မည်သို့နိုင်အောင်ပြုရမည်ကို စဉ်းစားနေ၏။

"ဟော ဟုတ်ပြီ"

သံလုံးအပြင်မထွက်ဘဲ ရင်ထဲမှ ပြောဆိုခြင်းဖြစ်၏။ သံလုံးအဘိုးသည် ပယောဂ အစိမ်းသရဲနိုင်သော ဆရာကြီးထံမှ လက်ဖွဲ့တစ်ခုရရှိထား၏။ ထိုလက်ဖွဲ့သည် ဂါထာမန္တာန်စသည်တို့ဖြင့် စီရင်ထားသည်ဟု ဆို၏။ ထိုလက်ဖွဲ့သည် အဘိုးမသေဆုံးမီ သံလုံးအား အမွေပေးသွားခြင်းဖြစ်သည်။

အဘိုးသည် အစိမ်းသရဲ ပူးသောသူများကို ထိုလက်ဖွဲ့ဖြင့် ရေစိမ်တိုက်က ထွက်ပြေးသည်ဟု ဆို၏။

ယခု ထိုလက်ဖွဲ့ဖြင့် သရဲအား စမ်းကြည့်ရသော် ကောင်းမည်ဟု သံလုံး အကြံရလာသောကြောင့် ဖြစ်သည်။

* * * * *





မနေ့က အချိန်လောက်မှာပင် သရဲသည် သံလုံးထံသို့ ရောက်လာပြီး သံလုံးအား တိုက်ခိုက်တော့သည်။

သံလုံးသည် မနေ့တလို သရဲအား အကြမ်းမဖက်တော့ဘဲ သူ့ကို တိုက်ခိုက်နေသော သရဲရန်ကို ကာကွယ်ရင်း လက်ဖွဲ့ကြိုးဖြင့် သရဲလက်ကို ချည်နိုင်ရန် ကြိုးစားနေရသည်။

ထိုသို့ ရှောင်ရင်းတိမ်းရင်း တိုက်ခိုက်ရင်းဖြင့် သံလုံးသည် သရဲလက်တစ်ဖက်ကို အမိအရဖမ်းဆွဲ၍ လက်ဖွဲ့ကြိုး ချည်လိုက်သည်။

"အမလေး ကြောက်ပါပြီ အား. . . အား"

သရဲသည် ထိုမျှသာ အော်နိုင်ပြီး ပျော့ခွေကျသွားသည်။

သရဲအသွင်လည်း တဖြည်းဖြည်း ပယ်သွားပြီး လူအသွင်လောက် ဖြစ်လာသည်။ ဝေဒနာပြင်းထန်စွာ ခံစားနေရပုံလည်းရ၏။

"ဆရာကြီးရယ် ကျုပ်လက်က ကြိုးကိုဖြုတ်ပေးပါဗျာ"

သရဲက သံလုံးအား အသနားခံ၏။

"အေး၊ ဖြုတ်ပေးမယ် နေဦး၊ မင်း ငါမေးတာ မှန်မှန်အရင်ဖြေဦး"

"ကျုပ် ကျုပ် ဘာဖြေရမှာလဲဗျာ"

www.burmeseclassic.com



"အေး. . . ငါမေးမှာက မင်းဒီရွာကလား. . . ဘယ်ကလဲ၊ ဘယ်ကလဲဆိုတာ အရင်ဖြေ"

"ကျုပ်က ဒီရွာက မဟုတ်ပါဘူးဗျာ(---)နယ်ကပါ"

"ဟာ. . . မင်းနယ်နဲ့ ဒီရွာနဲ့ အဝေးကြီးပါလား၊ ဘာဖြစ်လို့ ဒီကို ရောက်လာသလဲ"

"ကျုပ်က ဒီထန်းတောလေးကို သိပ်နှစ်သက်လို့ပါ"

သရဲ စကားကြောင့် သံလုံးအူကြောင်ကြောင်ဖြစ်သွား၏။ သရဲ၏ စကားကို မည်သို့မှ ဆက်စပ်မတွေးတတ်ဘဲဖြစ်သွား၏။

"နေပါဦးကွ. . . ဒီထန်းတောကို မင်းကရောက်ဖူးလို့လား"

"အာ. . . ရောက်ဖူးပြီလားဗျာ၊ ဟိုလွန်ခဲ့တဲ့ လေးငါးဆယ်နှစ်က ဒီထန်းတောကို ကျုပ်လာပြီး ထန်းတက်ဖူးတယ်ဗျာ"

"ဩ. . . အဲလိုလား ကဲဆက်ပြောပါဦး"

"ဒီထန်းတောလေးကို ကျုပ်သိပ်သတိရနေပြီး ဦးဖိုးထောင်ကိုလည်း ကျုပ်ပြန်လာခဲ့မယ်လို့ မှာထားခဲ့တယ်၊ အဲဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲကွ၊ လုပ်စမ်းပါဦး စိတ်ဝင်စားစရာပဲ"

"ကျုပ်ရွာမှာပဲ ထန်းပင်ပေါ်က ကျ သေတယ်။ ကျုပ်ကျုပ်ထန်းပင်ပေါ်က ကျ ကျခြင်း ဒီထန်းတောကို စိတ်စွဲပြီး သေလို့ အခုလို ရောက်နေရတာပါ"

"ဒါဖြင့် ထားပါတော့ကွာ၊ မင်းကဘာဖြစ်လို့ ထန်းတက်တဲ့လူတွေကို ဒုက္ခပေးနေရတာလဲ"

ထိုကိစ္စကို သိချင်လွန်းသဖြင့် သံလုံးက မေးလိုက်သည်။

"ဒါကတော့ဗျာ၊ မနာလိုလို့ပေါ့၊ ကျုပ် တက်ခဲ့တဲ့ ထန်းတောထဲကို ဘယ်သူ့ကိုမှ အဝင်မခံနိုင်လို့ပေါ့"

"ဘာဆိုင်လဲကွ၊ မင်းလည်း မင်းဟာမင်း နေပေါ့"

"ဟုတ်တော့ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်မှာအစားအသောက်ငတ်ပြတ်နေတော့ ဒီထန်းတောလာသူတွေကြောင့်ပဲလို့ ထင်လို့ပါ"

"အဲဒါ မင်းမှားတာပဲ၊ ဒီနေ့ကစပြီး မင်းနဲ့ငါ မိတ်ဆွေဖြစ်သွားပြီ၊ မင်းအကြောင်းကို ငါဘယ်သူ့ကိုမှ မပြောဘူး၊ မင်း ငါ့ကိုလည်း မနှောင့်ယှက်နဲ့၊ ငါလည်း မင်းကို တတ်နိုင်သလောက် ကျွေးမွေးမယ်"

သံလုံးသည် ထိုသို့ ပြောဆိုပြီး သရဲလက်မှ လက်ဖွဲ့





www.burmeseclassic.com

ကို ဖြုတ်ပေးလိုက်သည်။

"ဟော့. . . ဟော့ နေပါဦးကွ၊ မင်းနာမည်လဲ ပြောခဲ့ပါဦး"

တရွေ့ရွေ့ထွက်သွားသော သရဲအား သံလုံးက လှမ်းမေးလိုက်သည်။

"သက်တင်"

ထိုမျှသာဖြေပြီး ပျောက်ကွယ်သွားသည်။

ဦးဖိုးထောင်က ထောက်ခံခြင်း

"မောင်သံလုံး နေရတာအဆင်ပြေလားဟေ့" သရဲကို ရည်ရွယ်မေးကြောင်း သံလုံးသိလိုက်ပါတယ်။

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ်"

"ဦးဆီလာတာ အကြောင်းရှိလို့လား"

"အကြောင်းရှိလို့ မဟုတ်ပါဘူး၊ အရင်က ဦးဆီမှာ (---)နယ်က သက်တင်ဆိုတဲ့ ထန်းသမားတစ်ယောက် ထန်းတက်ခဲ့ဖူးသလား"

သံလုံးအမေးကို ဦးဖိုးထောင် ရုတ်တရက် မဖြေဘဲ စဉ်းစားနေ၏။

နောက်မှ. . .





"ကြော်. . . အေး. . . အေး ဟုတ်တယ် ဟုတ်တယ်၊ ဒီမှာလာပြီး ထန်းတက်ဖူးတယ်။ အဲဒီသူငယ် တော်ရှာပါတယ်၊ သူပြန်လာမယ်ပြောပြီး ပြန်မလာဘူးကွယ်။ ဘာဖြစ်လို့ မေးတာလဲ မောင်သံလုံး သူ့ကို သိလို့လား"

ဦးဖိုးထောင်အမေးကို သံလုံးဖြေရန် ခက်သွား၏။ နောက်မှ

"သိလို့တော့ မဟုတ်ပါဘူး၊ ကြားမိလို့ပါ"ဟု စကားကို လျှော့ချလိုက်၏။

ထိုသို့ ပြောလိုက်ခြင်းသည် သက်တင်အကြောင်းကို မည်သူ့မှ မပြောချင်သောကြောင့်ဖြစ်သည်။

ဦးဖိုးထောင် ကိုယ်၌ကလည်း သက်တင်သေသည်ကို သိဟန်မတူပေ။

"ဒါနဲ့ မောင်သံလုံး၊ ဟိုသရဲဒိုတာကိုရော တွေ့သလားကွယ့်"

"ဒါတွေက အပြောရခက်ပါတယ် ဦးရာ။ ကြောက်သူရှိသလို မကြောက်သူလည်း ရှိတယ်၊ ယုံသူရှိသလို မယုံသူလည်း ရှိတယ်ဆိုတော့"

သံလုံးက တွေ့သည်ဟုလည်းမပြော၊ မတွေ့ဘူးဟု လည်းမပြော၊ မတင်မကျသော စကားတစ်ဝက်တစ်ပျက်ဖြင့်

www.burmeseclassic.com



ပစ်လိုက်သည်။

“အေးကွာ မင်းဘာမှ မဖြစ်ရင်ပြီးတာပါပဲ”

သံလုံးသည် ဦးဖိုးထောင်နှင့် အတန်ကြာ စကားပြောပြီး ထန်းတောသို့ ပြန်ခဲ့၏။

## သူတို့မိတ်ဆွေဖြစ်သွားပြီ

“ဟေ့ သက်တင်၊ လာလေကွာ”

သရဲသက်တင်သည် သံလုံးအနီးရောက်လာ၏။ သံလုံးသည် မိမိစားပြီးသား ဟင်းထမင်းများကို သရဲသက်တင်အား ကျွေး၏။

သရဲသက်တင်သည် လက်ကြမ်းကြီးများဖြင့် ယူ၍ အားရပါးရစား၏။ သို့သော်လည်း ပါးစပ်ထဲ သိပ်ရောက်ဟန်မတူပါ။ ထမင်းများမြေပေါ်သို့ များစွာ ပြန်ကျလာသည်ကို သံလုံး တွေ့ရသောကြောင့် ဖြစ်၏။

ဤသို့ဖြင့် သရဲသက်တင်နှင့် သံလုံးတို့သည် မိတ်ဆွေအဖြစ် ခင်မင်သွားကြ၏။

သရဲသက်တင်ကို သံလုံးက မကြာခဏ ဆုံးမ၏။ နောက်နောင် လူတွေကို မခြောက်လှန့်ရန်လည်း ပြောဆို၏။

သက်တင်လည်း အတော် သိမ်မွေ့လာသည်ဟု





ဆို၏။ -

ထို့နောက် သံလုံးလည်း ထိုထန်းတောမှ အပြီးအပိုင်ထွက်သွားတော့ မည်ဆိုသောအခါ သံယောဇဉ်တွယ်နေသော သရဲသက်တင်က ငိုသည်ဟု ဆို၏။

ထို့နောက် သံလုံးသည် အသက်ကြီးလာကာ ထန်းမတက်တော့ပေ။

ထို့ပြင် တစ်ကိုယ်တည်း လူပျိုကြီးဖြစ်၍ ရဟန်းဝတ်ဖြင့် တစ်သက်လုံး အရိုးထုတ်သွားသည်။

ရဟန်းဘဝတွင် သက်တင်အား ရည်စူး၍ လှူဒါန်းပြီး အမျှအတန်းဝေ၏။

ဦးပဥ္စင်းကြီးသံလုံး အမျှဝေသည်ကို ရကြောင်း ယခုသူလည်း ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားကြောင်း သက်တင်က အိမ်မက်ပေးသည်ဟု ဆို၏။

## ထင်မြင်ချက်

သရဲသက်တင်သည် သေခါနီးတွင် မစွဲလမ်းသင့်သော နေရာကို သွားစွဲလမ်းသဖြင့် သေသောအခါ မိမိစွဲလမ်းရာ ဒေသသို့ ရောက်ရ၏။

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားသော တ



www.burmeseclassic.com

www.burmeseclassic.com



ရားတိတ်ခွေတစ်ခုကို သွားသတိရ၏။ သတ္တဝါတွေဟာ ငရဲတိရစ္ဆာန် ဖြစ်ရန် မည်သူကမှ လုပ်ပေးသည်မဟုတ်၊ မိမိတို့ကိုယ်တိုင်ပင် လုပ်ယူကြောင်း နာကြားရဖူး၏။

ယခု သရဲသက်တင်လည်း သရဲတစ္ဆေ ပြိတ္တာဖြစ်ရန် မည်သူကမှ ဖန်တီး ပို့ဆောင်သည်မဟုတ်။ သူ၏ စိတ်ကသာ သူသွားလိုရာ ရောက်လိုရာ ထန်းတောသို့ သရဲတစ္ဆေ ပြိတ္တာအဖြစ်နှင့် ပို့ဆောင်လိုက်ခြင်းသာ ဖြစ်၏။

သတ္တဝါတို့၏ စိတ်ထားသည် လွန်စွာကြောက်ဖွယ်ကောင်းလေစွ။ ဆင်ခြင်ရန်၊ သံဝေဂယူရန် ကောင်းလှပေ၏။

(ပျံတော်မူသွားသော ဦးပဥ္စင်းကြီး ဦးသံလုံး ပြောပြချက်ကို တင်ဆက်သည်။)

* * * * *



## နှောင်းမှ နောင်တ အသုံးမကျ

ဘုရားရှင် သာသနာတော်၌ သံကိစ္စသာမဏေသည် လွန်စွာ ထင်ရှားကျော်ကြား၏။ ပစ္ဆိမဘဝိကသားဖြစ်၍ မိခင်တိုယ်ဝန်အရင့်အမာကြီးနှင့် သေသဖြင့် အလောင်းကို သုသာန်သို့ ယူဆောင် မီးရှို့သော်လည်း ကျန်သော အသားအရေများသာ မီးလောင်၏၊ ဝမ်းဗိုက်သားကို မီးမလောင်ပေ။

ထိုအခါ တံစူးဝါးဖြင့် ဝမ်းဗိုက်သားကို ထိုးရာ ဝမ်းတွင်းရှိ သူငယ်၏ မျက်စိအစွန်းကို ထိုးမိ၏။ ဝမ်းဗိုက်သားကို ထိုးကြိတ်၍ မီးကျီးတို့နှင့် ဖုံးလွှမ်းပြီး ပြန်သွားကြ၏။ ဝမ်းဗိုက်သား မီးလောင်ကျွမ်းပြီး မီးကျီးအထက်၌ ရွှေဆင်းတုနှင့်တူသော သူငယ်သည် ပုဒ္မာကြာအထက်၌ လျောင်းအိပ်သကဲ့သို့ဖြစ်နေ၏။

ထိုသံကိစ္စလောင်းလျာသည် အသက်မသေဘဲ ခုနစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သားတွင် ရှင်သာရိပုတ္တရာထံ ရှင်သာမဏေဝတ်၍ ရဟန္တာဖြစ်သည်။ သာမဏေကျော်ထဲတွင် တစ်ပါးအပါအဝင်ဖြစ်၏။

အဆိုပါ ရှင်သံကိစ္စမထေရ်သည် ရဟန်းသုံးကျိပ်တို့နှင့်အတူ သီတင်းသုံးနေ၏။

ထိုအခါ ခိုးသားငါးရာတို့သည် သံကိစ္စသာမဏေကို သတ်ဖြတ်ရန် ကြိုးစားကြ၏။ သို့သော်လည်း သံကိစ္စသာမဏေအား မည်သို့မှ မသတ်နိုင်ကြပေ၊ နောက်ဆုံးဝယ် ခိုးသားငါးရာတို့ကို တရားဟောပြောသဖြင့် ခိုးသားငါးရာစလုံး မိမိတို့အပြစ်များကို ဝန်ချတောင်းပန်ပြီး ရဟန်းပြုကြ၏။ အားလုံးရဟန္တာများ ဖြစ်ကုန်ကြ၏။

သံကိစ္စသာမဏေလည်း အသက်နှစ်ဆယ်ပြည့်သော် ရဟန်းဖြစ်လာ၏။ ငါးရာသော ရဟန်းတို့နှင့်အတူ မိဂဒါဝုန်တောဝယ် ပျော်မွေ့စွာ သီတင်းသုံးလျက်နေ၏။

လူများစွာတို့သည် အရှင်သံကိစ္စမထေရ်ထံလာ၍ တရားလာရောက်နာယူကြ၏။ ကြည်ညိုသဖြင့် အုပ်စုလိုက်ဖွဲ့လာ အာဂန္တုက အလှူဒါနပြုကြ၏။

ထိုကဲ့သို့ တစ်ယောက်သော ဥပါသကာသည် လူတို့ကို အမြဲတန်း ဆွမ်းဝတ်ပြုရာ၌ လိုက်လံနှိုးဆော်လေ့ ရှိ၏။





လူတို့ကလည်း မိမိတို့ တတ်နိုင်သလောက် ဆွမ်းဝတ်ချက်ပြုတ်ကြ၏။

## မိတ်ကောင်းဆွေကောင်း

ဗာရာဏသီဝယ် မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဏ္ဏားတစ်ယောက်ရှိ၏။ ထိုပုဏ္ဏားတွင် သား နှစ်ယောက်နှင့် သမီးတစ်ယောက်ရှိ၏။

ထိုသုံးယောက်တွင် သားကြီးသည် ဥပါသကာနှင့် မိတ်ဆွေ သူငယ်ချင်းဖြစ်၏။

တစ်နေ့သ၌ ဥပါသကာသည် မိစ္ဆာဒိဋ္ဌိဖြစ်သော ပုဏ္ဏား၏ သားကြီးကို ရှင်သံကိစ္စမထေရ်ထံသို့ ခေါ်သွား၏။ ရှင်သံကိစ္စမထေရ်သည် ထိုပုဏ္ဏား၏ သားကြီးကို တရားဟော၏။ သားကြီးသည် တရားတော်၌ နှစ်သက်မြတ်နိုးကာ နူးညံ့သိမ်မွေ့သော စိတ်ရှိ၏။

ဤသည်ကို ရိပ်မိသော ဥပါသကာသည် အပြန်တွင် ပုဏ္ဏား၏ သားကြီးအား-

"အဆွေ သင်သည် ရဟန်းတစ်ပါးကို အမြဲတမ်း ဆွမ်းဝတ်ပြုလှူပါလား" ဟု တိုက်တွန်း၏။

"အဆွေ သာကီဝင်မင်းသား ဘုရားသားတော်မြစ်



www.burmeseclassic.com

www.burmeseclassic.com



သော ရဟန်းတော် များကို အမြဲတမ်း ဆွမ်းဝတ်လှူခြင်းသည် ငါတို့ ပုဏ္ဏားတို့ရဲ့ အလုပ်မဟုတ်ပါ။ ထို့ကြောင့် မလှူနိုင်သည်ကို ခွင့်လွှတ်ပါ"ဟု ပုဏ္ဏားသားက ငြင်းဆို၏။

"သည်လိုဆိုရင် ကျွန်ုပ်ကို ထမင်းတစ်ဆုပ်လောက် ပေးလှူနိုင်ပါမည်လား"ဟု မေး၏။

ပုဏ္ဏားသားသည် အတန်ငယ် စဉ်းစားပြီးနောက် "မိတ်ဆွေအတွက် ဆိုပါက ပေးလှူနိုင်ပါသည်"

လူတို့သည် လူဖြစ်လျက် အသိတရားအလွန်ခေါင်းပါးကြ၏။ မိစ္ဆာဒိဋ္ဌိဖြစ်သောအခါ ပိုဆိုး၏။ ယခုပင်ကြည့်။ ပုဏ္ဏား၏သားသည် ရဟန်းတို့ကိုတော့ မလှူနိုင်ဟု ဆို၏။ လူအချင်းချင်းတော့ ပေးရန် ဝန်မလေးကြပေ။ ယခုခေတ်လည်း ထိုသူမျိုးများကဲ့သို့ ပုဂ္ဂိုလ်တွေများစွာ ရှိပေလိမ့်မည်။

"ကောင်းပြီ။ သို့ဖြစ်က ကျွန်ုပ်ကို ပေးလှူပါ ကျွန်ုပ်မှ တစ်ဆင့် ရဟန်းတို့ကို လှူဒါန်းပါမည်"

ထိုသို့ ဥပါသကာ၏ အပြောကိုမူ ပုဏ္ဏားသားသည် လိုက်လိုက်လဲလဲ လက်ခံ၏။

"ကောင်းပြီလေ ပေးလှူပေါ့"

ထိုသို့ ကတိစကားရပြီးနောက် နှစ်ရက်မြောက်သော နေ့ဝယ် နံနက်စောစော ကျောင်းတော်သို့ သွားပြီး သံဃာ





တော်တစ်ပါးကို ပင့်ကာ ဆွမ်းပေးလှူခဲ့၏။

ပုဏ္ဏားသားသည် ကာလကြာမြင့်စွာ ရဟန်းတို့အား ထိုသို့ ဆွမ်းအုပ်ပြုပြီး တရားတော်ကို နာရသဖြင့် သူတွင်မက ညီငယ်ညီမငယ်များပါ သာသနာတော်၌ လွန်ကဲစွာ ကြည်ညိုလာကြ၏။ ကုသိုလ်ကောင်းမှုကို မောင်နှမသုံးယောက်စလုံး မပြတ်ပြုလုပ်ကြ၏။

အဆိုပါ ညီအစ်ကိုမောင်နှမတို့က မိမိတို့ ရရှိသော စည်းစိမ်ဥစ္စာတို့ကို ရဟန်းတို့အား အမြဲတမ်းလိုလို လှူဒါန်းကြ၏။ အရိုအသေလည်း ပြုကြ၏။ မိဘနှစ်ဦးတို့မှာမူ ကြည်ညိုခြင်း၊ သဒ္ဓါခြင်းမရှိ။ ရဟန်းတို့အား ရိုသေမှု၊ ပူဇော်မှု၊ ကုသိုလ်ပြုမှု မရှိကြပေ။

သံကိစ္စမထေရ်၏ တပည့်နှင့် မိန်းမပျို

အဆိုပါ ပုဏ္ဏား၏ သမီးကို ဦးရိုးတော်၏ သားနှင့် ထိမ်းမြားလက်ထပ်ရန် ဆွေမျိုးတို့က ပြောဆိုလာကြ၏။ ဦးရိုးတော်၏ သားသည စင်စစ် လူ့ဘောင်၌ မနေပါ။ အရှင်သံကိစ္စမထေရ်၏ထံတွင် ရှင်သာမဏေဝတ်နေ၏။ ထိုရှင်သာမဏေသည် မိခင်အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွလေ့ရှိ၏။ ထိုသို့ ကြွလာသော သားသာမဏေကို မိခင်သည် သူ၏



www.burmeseclassic.com

www.burmeseclassic.com



မောင် သမီးနှင့် လက်ထပ်ရန်မြှုဆွယ်နားချ၏။

သာမဏေသည် မိခင်၏ ပြောစကားကို သာယာနှစ်သက်လက်ခံပြီး လူထွက်ရန် ဆန္ဒပြင်းပြလျက်ရှိ၏။

ထို့ကြောင့် ဆရာ့ထံသို့ သွားတာ ခွင့်ပန်လျှောက်ကြား၏။

"အရှင်ဘုရား၊ တပည့်တော် လူထွက်လိုပါသည်၊ ခွင့်ပြုတော်မူပါ ဘုရား"

အရှင်သံကိစ္စမထေရ်သည် ထိုသာမဏေ၏ မင်္ဂဖိုလ်ရရန် အကြောင်း အထောက်အပံ့ကို အနာဂတံသ ဉာဏ်တော်ဖြင့် မြင်၍-

"သာမဏေ ယခု မထွက်ပါနှင့်ဦး၊ တစ်လခန့်မျှ နေပါ"ဟု တားမြစ်၏။

သာမဏေလည်း ဆရာဥပဇ္ဈာယ်အား ရိုသေသောအားဖြင့် ငြင်းပယ်ရန် မသင့်၍ ထပ်မံမလျှောက်ထားတော့ဘဲ တစ်လမျှ နေဦးမည်ဟု ဆုံးဖြတ်လိုက်၏။

တာမဘီလူး ပူးတပ်သော်

သို့သော်လည်း တာမဘီလူးသည် သာမဏေအား ပူးဝင်နေပြီဖြစ်၍ ထိုတစ်လမျှ အချိန်ကိုပင် ကြာမြင့်လှသည်





ဟု ထင်မိ၏။

သို့ဖြင့် တစ်လပြည့်မြောက်သည်နှင့် တစ်ပြိုင်နက် ဆရာ့ထံသို့ အမြန်သွားကာ-

"အရှင်ဘုရား တပည့်တော် လူထွက်ပါတော့မည် ခွင့်ပြုတော်မူပါဘုရား"

ဆရာက"အေးထွက်တော့"ဟူသော စကားတော်ကို မိန့်လိမ့်မည်အထင်နှင့် ဆရာတော်အား အဆောတလျှင် လျှောက်ထားလိုက်၏။

သို့သော် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ဖြစ်သွား၏။

"ငါ့ရှင် တစ်ဆယ့်ငါးရက်ခန့်မျှ နေပါဦး"

သာမဏေ ခေါင်းငိုက်စိုက်ကျသွား၏။

မတတ်သာ၍၊ ဆရာ့စကားကို တပည့်ကောင်းတို့မည်သည် ပယ်ရှားရိုး ထုံးစံမရှိ၊ သာမဏေလည်း ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုသကဲ့သို့ မနေချင်သောလည်း အောင့်အည်းနေလိုက်၏။

တကယ်တန်းဆိုရလျှင် တစ်ဆယ့်ငါးရက်သည် ဟိုရွှေ့သည်ရွှေ့နှင့် ရောက်လာ၏။

ထိုသို့ တစ်ဆယ့်ငါးရက်ပြည့်သောအခါ သာမဏေ



www.burmeseclassic.com

www.burmeseclassic.com



သည် ဆရာ့ထံသို့ အပြေးကလေး သွားကာ လျှောက်ထားပြန်၏။

"အရှင်ဘုရား လူထွက်ပါတော့မည်"

"ငါ့ရှင် ခုနစ်ရက်မျှ နေဦးလော့"

သာမဏေ စိတ်မာတ်ကျသွား၏။

ချစ်ကြောက်ရိုသေလေးစားရသော ဆရာတော်ဖြစ်သောကြောင့် နောက်ထပ်စကား မလျှောက်ထားတော့ဘဲ ဆရာတော်အား ရိုသေစွာ ဦးခိုက်၍ ထွက်လာခဲ့သည်။

စင်စစ် အရှင်သံကိစ္စမထေရ်သည် ရှင်သာမဏေအား အကြောင်းမဲ့ သက်သက်ဆွဲနေခြင်း မဟုတ်ပါ။ အကြောင်းရှိပါသည်။ အကြောင်းသော်-

ထိုခုနစ်ရက်အတွင်းမှာပင် မိစ္ဆာဒိဋ္ဌိပုဏ္ဏားကြီးအိမ်သည် ဟောင်းနွမ်းဆွေးမြည့်နေပြီ ဖြစ်သောကြောင့် လေးမိုးတို့ ကျရောက်လာသည်နှင့် ကြုံရာ အိမ်အိုကြီး ပြိုကျသွား၏။

ထိုအချိန်ဝယ် ပုဏ္ဏားကြီးတို့ လင်မယားနှင့် သားနှစ်ယောက်၊ သမီးတစ်ယောက်တို့ပါ အိမ်ပိ၍ မိသားစုအားလုံး သေဆုံးကုန်ကြ၏။

သူတို့ ဘယ်ရောက်ကုန်ကြသလဲ။

ကမ္မံသတ္တေဝိဘဇတိဆိုသည့် အတိုင်း သတ္တဝါတို့





သည် မိမိတို့ ပြုမူလုပ်ဆောင်ခဲ့သော ကံတရားအတိုင်း နောက်ဘဝမှာ ဖြစ်ကြရ၏။

မိစ္ဆာဒိဋ္ဌိပုဏ္ဏားကြီးလင်မယားသည မလှူရက် မတန်းရက် နှမြော်တွန့်တိုလောဘပိုသောကြောင့် လောဘတဏှာသမားတို့ သွားရာလမ်းဖြစ်သော ပြိတ္တာဘုံသို့ ရောက်ကြရ၏။

သားသမီးသုံးယောက်ကား ဘုမ္မစိုးနတ်များ ဖြစ်သွားကြ၏။

အကြီးဆုံးသော သားအား ဆင်ယာဉ်သည် ဖြစ်ပေါ်လာ၏။ ညီမှာမူ အဿထိုရုံမြင်းကသော ယာဉ်ဖြစ်ပေါ်လာ၏။ ညီမငယ်ကား ရွှေထမ်းစင်ဖြစ်ပေါ်လာ၏။

ပြိတ္တာဘဝကျရောက်သော ပုဏ္ဏားကြီးလင်မယားတို့သည် တစ်ဦးနှင့် တစ်ဦး တင်းပုတ်တို့ဖြင့် ရိုက်နှက်ထုကြရ၏။ အဖုအပိန့်တို့သည် တစ်ခဏအတွင်းမှာပင် ဖြစ်ပေါ်လာကြ၏။ ထိုအဖုအပိန့်တို့ကို အချင်းချင်း ထိုးဖောက်ကာ ထိုမှ ယိုစီးသော သွေးတို့ကို တစ်ဦးက တစ်ဦးကို ပြူးစူကြိမ်းမောင်း၍ လုယက်စားသောက်ရ၏။

အမြဲတန်း ဆာလောင်ငတ်မွတ်သော ဆင်းရဲဒုက္ခကို ကြီးစွာခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



သာမဏေသံဝေရပြီ

သာမဏေသည် ခုနစ်ရက်စေ့ပြန်သဖြင့် အရှင်သံကိစ္စမထေရ်ထံ အရှင်ဘုရား၊ နောက်ဆုံးခုနစ်ရက်ပြည့်ပါသဖြင့် လူထွက်ရန် ခွင့်ပြုတော်မူပါ"

သာမဏေသည် ဆရာတော်အား သတိပေးသောအနေဖြင့် ပညာသားပါပါ လျှောက်ထားလိုက်၏။ ဆရာတော်ကလည်း မတားမြစ်တော့ပါ။ ကြည်ကြည်သာသာပင် ခွင့်ပြုလိုက်၏။

"အေးအေး ကောင်းပြီ၊ သည်လမှာ တစ်ဆယ့်လေးရက်လဆုတ်ပက္ခဖြစ်၍ နေဝင်က ပြန်ပေတော့"ဟု အမိန့်ရှိလိုက်၏။

သာမဏေသည် ထောင်ကထွက်သော နေ့၊ မိန်းမယူသော နေ့၊ ရှုပ်လိုင်ပြန်သော နေ့ဟု အပျော်ဆုံးသုံးနေ့တွင် ရှင်လိင်ပြန်လျှင်ပြန်ချင်း မိန်းမပါရမည်ဖြစ်၍ အတိုင်းမသိ ဝမ်းသာသွား၏။

ဆရာထံမှ အရိုအသေပြု ဦးချဝတ်ပြု၍ ရွှင်မြူးတက်ကြွစွာ ထွက်လာခဲ့၏။

သာမဏေထွက်သွားလျှင် အရှင်သံကိစ္စမထေရ်လည်း မိဂဒါဝုန်ကျောင်း၏ နောက်ဖေးနံပါးဝယ် ခေတ္တရပ်





နေ၏။ ထိုအချိန်မှာပင် ဘုမ္မစိုးနတ်မောင်နှမများသည် နတ်သဘင်အစည်းအဝေးသို့ ထိုလမ်းမှပင် သွားနေသည်ကို မြင်တွေ့ရ၏။

ဖြိတ္တာလင်မယားတို့မှာလည်း မည်းနက်သောအသွင်အပြင်၊ မွဲခြောက်ဖားလျားကျသော ဆံပင်တို့ဖြင့် ခန္ဓာကိုယ် အဖုအပိန့်မှ ယိုစီးနေသော သွေးအလိမ်းလိမ်း ပေကျံလျက်၊ တင်းပုတ်တို့ကို လက်မှာ စွဲကိုင်ပြီး ထိုနတ်သား မောင်နှမသုံးယောက် နောက်သို့ အပြေးလိုက်ကြ၏။

ဤသည်တို့ကို ခြေလှမ်းသွက်သွက်ဖြင့် သွားနေသော သာမဏေမြင်ရန် အရှင်သံကိစ္စမထေရ်သည် တန်ခိုးတော်ဖြင့် ပြလိုက်၏။

"ငါ့ရှင် ယခု သွားနေကြသည့် ငါးဦးသောသူတို့ကို သင်မြင်ပါရဲ့လား" ဟု ဆရာတော်က ရှင်သာမဏေအား လှမ်းမေးလိုက်၏။

"မှန်ပါ၊ မြင်ပါသည် ဘုရား"

သာမဏေက အံ့ဩထိတ်လန့်စွာ လျှောက်ထားလိုက်၏။

"သာမဏေ-သို့ဖြစ်က သူတို့၏ ပြုအပ်သော အကြောင်းကံကို မေးပါဘိ"



www.burmeseclassic.com

www.burmeseclassic.com



သာမဏေသည် ဆရာတော် မိန့်ကြားသည့်အတိုင်း အဆိုပါ ပုဂ္ဂိုလ်များထံ အကြောင်းစုံ မေးရန် ချဉ်းကပ်သွား၏။

"အို အချင်းတို့ သင်တို့၏ ဘဝကံကြမ္မာဖြစ်လာပုံ၊ အလုံးစုံကို ငါ့အား ပြန်ကြားပြောဆိုပါ"

ဘုမ္မစိုးနတ် မောင်နှမတို့ကို သာမဏေမေးလိုက်၏။ နတ်မောင်နှမတို့သည် ထမင်းရေပူ လျှာလွှဲလိုက်၏။

"အရှင်ဘုရား၊ အကြောင်းစုံ သိလိုပါက တပည့်တော်တို့ နောက်လိုက်လာသော ပြိတ္တာတို့ကိုသာ မေးတော်မူပါဘုရား"ဟု လျှောက်ထား၏။

သာမဏေလည်း အပြေးလိုက်လာသော ပြိတ္တာတို့အား မေးလိုက်၏။

"အချင်းပြိတ္တာတို့၊ ရှေ့မှ ဆင်ယဉ်၊ မြင်းယဉ်တို့ဖြင့် သွားနေကြသော ပုဂ္ဂိုလ်တို့သည် အလွန်တင့်တယ်လှပ၏။ သင်တို့ကား စက်ဆုပ်ရွံရှာဖွယ် ရုပ်ဆင်းရှိကြ၏။ တစ်ဦးက တစ်ဦးကို တင်းပုတ်ဖြင့် ရိုက်နှက်ချက်၊ သွေးထွက်သံယိုစီးကာ လိုက်နေကြရ၏၊ သင်တို့သည် မည်ကဲ့သို့သော အပြစ်ကံကြောင့် ဤသို့ ခံစားနေရပါသနည်း"

သာမဏေ၏ အမေးကို မစ္ဆာဒိဋ္ဌိအယူရှိသော ပုဏ္ဏားကြီးလင်မယားပြိတ္တာတို့သည် မိမိတို့ သားသမီးများမှာ အလှူ





ဒါနပြုခဲ့ကြ၍ ယခုလို ကောင်းမွန်စွာ ခံစားရပုံ၊ မိမိတို့ လင်မယားမှာ ကုသိုလ်ကောင်းမှုမပြု၊ ဝန်တိုကြသောရှိခဲ့၍ အစာတော်လျက်၊ ရေငတ်လျက် ပြိတ္တာဘဝ ရောက်နေကြရပုံများကို အသေးစိတ် ရလျှောက်ထား၏။

ထိုမှသာမကသေး ပြိတ္တာတို့က-

"အို သာမဏေ၊ ယခု ပြိတ္တာ ဖြစ်နေသော တပည့်တော်တို့သည် အခြားသူများမဟုတ်ကြပါ။ စင်စစ် လူဘဝက အရှင်ဘုရား၏ ဦးရီးတော်များ ဖြစ်ကြပါသည်၊ ရှေ့က သွားနေကြသော နတ်များမှာလည်း အရှင် ဘုရား၏ အစ်ကိုညီများသာ ဖြစ်ကြပါသည် ဘုရား"

သာမဏေအား ပြိတ္တာထီးကြီးက ကြေကွဲဝမ်းနည်းစွာ လျှောက်ထားလိုက်ပေသည်။

သာမဏေလည်း ပြိတ္တာတို့၏ စကားကို ကြားရသောအခါ လွန်စွာ ပင် ထိတ်လန့်တုန်လှုပ်သွား၏။ သတိသံဝေဂလည်း ဖြစ်သွား၏၊ အနာဂတ်ကို ကြိုမြင်သော ဆရာကိုလည်း ကျေးဇူးတင်မဆုံး ဖြစ်သွား၏။

အချင်း ပြိတ္တာတို့ သင်တို့သည် မည်သို့ စား၍ မည်သို့နေထိုင်ကြရပါသနည်း၊ သင်တို့ လူ့ဘဝတုန်းက ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာပါလျက် ပေးကမ်းစွန့်ကြဲမှု နည်းခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆင်းရဲဒုက္ခရောက်ရ၏။ အလွန်မိုက်မဲလေစွ”

သာမဏေသည် လူ့ဘဝက ဦးရီး တော်စပ်ခဲ့သော ပြိတ္တာတို့ကို ပြစ်တင်ကဲ့ရဲ့ရင်း မေး၏။

“သာမဏေ၊ တပည့်တော်တို့သည် အချင်းချင်း ရိုက်ပုတ်ပြီး ယိုစီးကျသည့် ပြည်နှင့် သွေးတို့ကို အလုအယက်စားနေရပါသည်။ ဝလည်းမဝပါ။ ခဏခဏလည်း ဆာလောင်မွတ်သိပ်နေပါသည်။

သာမဏေ၊ လူ့ဘဝတုန်းက စည်းစိမ်ဥစ္စာရတနာရွှေငွေ ရှိနေပါသော်လည်း မလှူလို မတန်းလိုသောကြောင့် ပြိတ္တာဖြစ်ကာ ငတ်ပြတ်နေရပါသည်။

သာမဏေ၊ လောက၌ရှိသော ကျောက်သံပတ္တမြား ဆန်ရေစပါး၊ အဖျော်ယမကာ စသည်တို့ တည်တံ့မနေသလို လူတို့၏ အသက်သည်လည်း ခဏမျှသာ တည်ပါသည်။ ထို့ကြောင့် လူတို့သည် ဥစ္စာစည်းစိမ်တို့ကို တွယ်တာမက်မောခြင်း အလျဉ်းမရှိဘဲ လှူဒါန်းခြင်းဖြင့် နောင်ဘဝတွင် ကောင်းကျိုးချမ်းသာကို ရသင့်ပါသည် အရှင်ဘုရား။

သာမဏေ၊ ဘုရား အစရှိသော သူတော်ကောင်းတို့၏ အဆုံးအမ၌ နှစ်သက်မြတ်နိုးကြသော သူတော်ကောင်းတို့သည်ရွှန်းကြပေးကမ်းသော ကုသိုလ်ကောင်းမှုကို သတိ





မမေ့ကြပါဘုရား။ ထို့ကြောင့် နတ်ရွာနိဗ္ဗာန်သုံးတန်သော ချမ်းသာသုခကို ခံစားကြရပါသည် ဘုရား”

ပြိတ္တာတို့သည် အကြောင်းစုံ အားလုံးလျှောက်ထားပြီး ထွက်ခွာသွားကြ၏။

သာမဏေ လူမထွက်တော့။

သာမဏေသည် တရွေ့ရွေ့ထွက်ခွာသွားကြသော နတ်သားများနှင့် ပြိတ္တာတို့ကို ကြည့်ကာ လွန်စွာပင် သံဝေဂရနေ၏။

ထို့နောက် ရှင်သာမဏေသည် ဆရာတော်ထံသို့ သွားပြီးသော် ညွှတ်တွားခယ ဦးသုံးကြိမ်ချလိုက်၏။

“အရှင်ဘုရား၊ အရှင်မြတ်ဘုရားတို့သည် တပည့်တော်အား သနားကရုဏာ ကြီးမားစွာ စောင့်ရှောက်ခဲ့ကြပါသည် ဘုရား။ ကြီးစွာသော အကျိုးမဲ့ ဖြစ်မည်ကို မြင်တော်မူသဖြင့် အလွန်အလွန် စောင့်ရှောက်ခဲ့သည်ကို တပည့်တော်နားလည်သဘောပေါက်ပါပြီ ဘုရား။ ယခု တပည့်တော်သည် လူမထွက်လိုတော့ပါ။ ဘုရားရှင် သာသနာတော်၌ မြတ်သောအကျင့်ကိုသာ ကျင့်ကြံကြိုးကုတ်အားထုတ်ပါတော့မည်ဘုရား”

အရှင် သံကိစ္စမထေရ်မြတ်သည် သာမဏေအား သို့



www.burmeseclassic.com

www.burmeseclassic.com



နှင့် သင့်တော်မည့် ကမ္မဋ္ဌာန်းတရားတော်ကို ဟောတော်မူ၏။

သာမဏေလည်း ဆရာပေးသော ကမ္မဋ္ဌာန်းတရားကို ကြိုးစားပွားများ အားထုတ်ရာ မကြာမီ ရဟန္တာဖြစ်သွား၏။

အရှင်သံကိစ္စမထေရ်လည်း ရှင်သာမဏေရဟန္တာဖြစ်သည်တို့ကို အကြောင်းစုံ ဘုရားရှင်အား လျှောက်၏။

မြတ်စွာဘုရားရှင်သည် ထိုအကြောင်းစုံကို ရောက်လာကြသော ပရိသတ်တို့အား တစ်ဖန် အကျယ်ဟောပြောတော်မူရာ များစွာသော ပရိသတ်တို့သည် အကျိုးစီးပွားဖြစ်ပွားကြလေတော့သတည်း။

(နာဂပေတဝတ္ထု)

## ထင်မြင်ချက်

ပုဏ္ဏားကြီးတို့ သင်မယားသည် နှောင်းမှ နောင်တရနေကြသူများ ဖြစ်၏။ လူဖြစ်စဉ်က သားသမီးတို့ လျှုသည်ကို သိလျက် လျှုသင့်၏။ သားသမီးတို့သည် မိဋ္ဌာဒိဋ္ဌိမိဘများမှ ပေါက်ဖွားလာကြသော်လည်း မိမိုးဖလာ အယူဝါဒကို စွန့်သူများဖြစ်သည် ဟု ဆိုရပေမည်။ အကယ်၍သာ မိဘတို့ကဲ့သို့ မလျှုမတန်းဘဲနေက သေသွားခဲ့သော် ယခုကဲ့သို့ ဘုမ္မစိုးနတ်များ ဖြစ်လာနိုင်မည် မဟုတ်ပေ။





မိဘတို့ မိမိုးဖလာ၊ မိစ္ဆာဒိဋ္ဌိ အယူဝါဒကို စွန့်မိ၍သာ ကောင်းရာသုဂတိရောက်ရသည်။ မိဘများသည် ရွှေက နတ်တို့သည် သူတို့၏ သားသမီးများပေပဲ ဟု နောက်က မည်မျှပင်လိုက်လိုက်၊ တယ်နိုင်လိမ့်မည်မဟုတ်ပေ။ မိမိပြုသော အကုသိုလ်ကံက မိမိကိုသာ ဒုက္ခပေးခြင်းဖြစ်သည်။

ကုသိုလ်၊ အကုသိုလ်တို့သည် ဆွဲတင်၍လည်း မရ၊ ဆွဲချ၍လည်းမရ၊ မည်သူ့ကိုမှလည်း အားကိုး၍မရပေ။

ထို့ကြောင့် မိမိတို့အဖို့ ကောင်းမှုကုသိုလ်ကိုသာ လုပ်သင့်ကြပါသတည်း။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ

## ပြိတ္တာခေါ် တစ္ဆေ၊ မြေဘုတ်၊ အစိမ်းသရဲ စသည် အကြောင်း ရှင်းလင်းချက်များ

### ဂတိငါးပါး

ဗုဒ္ဓစာပေ၌ သတ္တဝါများ ကျင်လည်ကြရသော ဂတိငါးပါးရှိကြောင်း ပြဆိုထား၏။

(၁) ဒေဝဂတိ-နတ်၊ ဗြဟ္မာဘုံ၌ဖြစ်ခြင်း။
(၂) မနုဿဂတိ-လူ့ဘုံ၌ဖြစ်ခြင်း။
(၃) တိရစ္ဆာနဂတိ-တိရစ္ဆာန်ဘုံ၌ဖြစ်ခြင်း။
(၄) ပေတဂတိ-ပြိတ္တာအသုရကာယ်ဘုံ၌ဖြစ်ခြင်း။





(၅) နိရယဂတိ-ငရဲဘုံ၌ဖြစ်ခြင်းတို့တည်း။

အဆိုပါ ဂတိငါးပါးထဲ၌ တစ္ဆေသရဲစသည်များ ထည့်သွင်းမထားသော်လည်း တစ္ဆေသရဲများသည် ပြိတ္တာ အသုရကာယ် ဘုံသားများသာ ဖြစ်ကြ၏၊ သီးခြားမဟုတ်ပေ။

(ဒေဝဂတိ၌ နတ်နှင့် ဗြဟ္မာတစ်ခုတည်း ယူထားသကဲ့သို့ ပေတဂတိ၌လည်း ပြိတ္တာနှင့် အသုရကာယ်တို့ တစ်ပေါင်းတည်း ယူထားကြောင်း သတိပြုပါ။)

### တစ္ဆေဖြစ်ပေါ်ပုံ

တစ္ဆေဟူသော ဝေါဟာရသည် ပါဠိစာပေမှ ဆင်းသက်လာခြင်းဖြစ်၏၊ မူရင်းပါဠိမှာ "တဇ္ဇ"ဖြစ်၏၊ "တဇ္ဇ"မှ တစ္ဆ"ဖြစ်လာ၏၊ ထို"တစ္ဆ"မှ တစ်ဖန်"တစ္ဆေ"ဖြစ်လာလေသည်၊ "တဇ္ဇ"သဒ္ဒါသည် ခြောက်လှန့်ခြင်းဟု အနက်ထွက်၏။

ပေတ ခေါ် ပြိတ္တာအသုရကာယ်တို့ လက္ခဏာရုပ်သွင်သည် အလွန်တရာ ကြောက်စရာကောင်း၏၊ ပေတဝတ္ထုတော်ကြီး၌ ကြောက်မက်ဖွယ် အသွင်ရှိသော ပြိတ္တာကြီးများအကြောင်းကို ဖော်ပြထား၏၊ ထိုကဲ့သို့ မလှမပသော၊



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လှသည့် ရုပ်ဆင်းအင်္ဂါကို တွေ့မြင်ကြရသော သာမန်ကြောက်တတ်သော ပုထုဇဉ်တို့သည် ကြောက်ရွံ့ထိတ်လန့်ကြပေလိမ့်မည်။

စင်စစ် ပေတ ခေါ် ပြိတ္တာတို့သည် ယေဘုယျအားဖြင့် လူတို့ကို ခြောက်လှန့်လိုသည်ထက် သူတို့ဘဝအကြောင်းကို ပြောလိုက်၍ ကိုယ်ထင်ပြခြင်းဖြစ်ချင်လည်း ဖြစ်မည်။ (သို့မဟုတ်) ပြိတ္တာတို့ သွားလာကျက်စား အစာရှာနေသည်ကို အချို့လူတို့ အမှတ်မထင် တွေ့ကြုံရခြင်း ဖြစ်ချင်လည်း ဖြစ်ပေမည်။

မည်သို့ပင်ဖြစ်စေ ပြိတ္တာတို့ကို တွေ့မြင်ကြရသော အားငယ်ကြောက်တတ်သူများအဖို့ ကြောက်လန့်တကြားဖြစ်ကာ ပါးစပ်မှ ငယ်သံပါအောင် "တဇ္ဆ-တဇ္ဆ" "ခြောက်လှန့်တယ်-ခြောက်လှန့်တယ်"ဟု အော်မိပေလိမ့်မည်။

ထိုမှစ၍ ပေတ ပြိတ္တာတို့ကို မြင်ရသူတို့က တဇ္ဆ တဇ္ဆ ဟု ခေါ်ဆိုလာကြသဖြင့် ပြိတ္တာ ဝေါဟာရပျောက်ကာ တဇ္ဆ ဖြစ်လာရ၏။

ထိုတဇ္ဆမှ တဖြည်းဖြည်း တစ္ဆ၊ တစ္ဆ ဟု အသံပြောင်းလွဲခေါ်ဝေါ်ကြ၏။ ထိုမှ တစ္ဆေ၊ တစ္ဆေ၊ ဖြစ်လာပြီး မြန်မာ့ဝေါဟာရ၌ ပြိတ္တာအစား တစ္ဆေဟု ပေါ်ပေါက်လာခြင်း





ဖြစ်ပေလိမ့်မည်။

## မြေဘုတ်

မြေဘုတ်ဆိုသည်မှာ (အချို့မြေဖုတ်ဟု ဖဦးထုပ်နှင့် ရေးကြ၏) စာရေးသူ၏ အထင်"ဘူတ" သဒ္ဒါမှ ဆင်းသက်လာသည်ဟု ထင်မိ၏။ "ဘူတ"ဟူသော ပါဠိသည် မြန်မာလို "ဖြစ်ခြင်း"ဟု အဓိပ္ပါယ်ထွက်၏။ ဘူတကို မေဃ" မိုးဃ်"ဂုဏ" ဂုဏ် စသည်တို့ကဲ့သို့ ဘုတ်ဟု ပါဠိသက် ဝေါဟာရလုပ်ပြီး မြန်မာမြေသဒ္ဒါနှင့် ဘုတ်ကို တွဲ၍"မြေဘုတ်" ဟု ခေါ်ဆိုခြင်း ဖြစ်နိုင်၏။

အဆိုပါ မြေဘုတ်ကို အမှတ်မထင်(တစ္ဆေခြောက်ခံရသူတို့က) မိမိရွှေ ဝါးတစ်ရိုက်ခန့်တွင် ဆောင့်ကြောင့်ထိုင်နေသည်ကို တွေ့ရဖူးသည်ဟု ဆို၏။ ထိုသတ္တဝါသည်လည်း အခြားမဟုတ် ပြိတ္တာများသာဖြစ်ကြ၏။ တွေ့မြင်ရသူတို့တမြေပေါ်မှာ ထိုင်နေသည်ကို တွေ့မြင်ရသောကြောင့် မြန်မာနှင့် ပါဠိရောလျက် "မြေဘူတ"မြေပေါ်မှာ ထိုင်နေသူဟု ခေါ်ဆိုရာမှ "မြေဘုတ်"(ဝါ) "မြေဖုတ်"ဖြစ်လာဟန်တူ၏။

ဟုတ်မဟုတ်ကိုမူ ဝိညာရှင်သုတေသီများ လေ့လာဆန်းစစ်ရန် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အစိမ်းသရဲ

အစိမ်းသူရဲဆိုသည်မှာ ဓားခုတ်၊ လှံထိုး၊ သေနတ်မှန် စသည်ဖြင့် သေသောသူများကို ခေါ်ဆိုခြင်းဖြစ်၏။

ဤ၌လည်း အစိမ်းသေခေါ်ရာမှ မြန်မာလို အစိမ်းနှင့် "သူရ"ဟူသော ပါဠိကို တွဲ၍ အစိမ်းသရဲဖြစ်လာဟန်တူ၏။

အဆိုပါ အစိမ်းသေများကို မျက်ဝါးထင်ထင် တွေ့ကြုံရဖူးသူတွေ များစွာရှိသည်ဟု ဆိုပါသည်။

အစိမ်းသေများသည် လူတို့အား ကိုယ်ထင်ပြသောအခါ သူတို့၏ လူ့ဘဝက ရုပ်သွင်မျိုးတို့ကို မြင်ရတတ်သည်ဟု ဆို၏။ ထိုအစိမ်းသေများကို မြင်ဖူးသူတို့သည် တစ္ဆေသရဲ မကြောက်သူတွေ များစွာရှိ၏။

ထိုသို့ မကြောက်တတ်သူများသည် အဆိုပါ အစိမ်းသေများကို တစ်ခုခုဖြင့် ခြောက်လှန့်ကောင်း ခြောက်လှန့်မည်ဖြစ်၏။ ထိုသို့ ခြောက်လှန့်သော်လည်း အဆိုပါ အစိမ်းသေသည် မကြောက်လန့်ဘဲ ခြောက်လှန့်သောလူကိုပင် ပြန်လှန်၍ တိုက်ခိုက်ကောင်း တိုက်ခိုက်မည်ဖြစ်၏။ ထိုမှစ၍ အစိမ်းသေကို သေဖြုတ်၍ အစိမ်းနှင့် (သူရကိုတွဲကာ "အစိမ်းသူရ"ဟု ခေါ်ခြင်းဖြစ်ပါလိမ့်မည်။(သူရ)ဟူသော ပါဠိသည် ရဲရင့်ခြင်းဟု အဓိပ္ပါယ်ရ၏။ (မကြောက်သော အစိမ်းသေ)ဟု





ဆိုနိုင်၏။

ထိုသို့ "အစိမ်းသူရ"ဟု ခေါ်ဆိုရာမှ ကာလရွှေ့လျောကာ "အစိမ်းသရဲ"ဟု ခေါ်ဆိုလာကြခြင်း ဖြစ်နိုင်ပါသည်။

တစ်ကျောင်းဆစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ပြိတ္တာကိုပင် အချို့ဒေသက တစ္ဆေဟု လည်းကောင်း၊ အချို့ဒေသက မြေဘုတ်ဟု လည်းကောင်း၊ အချို့ဒေသက အစိမ်းသရဲဟုလည်းကောင်း ခေါ်ဆိုခြင်းမှ တစ်ပြည်လုံးသို့ ပျံ့နှံ့ကာ တစ္ဆေ၊ မြေဘုတ်၊ အစိမ်းသရဲဟု ဖြစ်လာဟန်တူပါသည်။

ထို့ကြောင့်-

မန်လည်ဆရာတော်ဘုရားကြီးက မင်းကွန်းဆရာတော်ကြီးအား ဒွေးချိုးကဗျာဖြင့် လောက၌ တစ္ဆေရှိ မရှိ မေးဖူး၏။ မန်လည်အမေးမှာ-

ပြောကြချင်၊ လောကတွင် တစ္ဆေရှိသတဲ့၊ ဆွေသိရဲ့လား။

သိဝါချင်၊ ရှိပါလျှင် တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ်ကောင်သရုပ်ကို ကျမ်းအုပ်လို့ကြား။

မန်လည်ဆရာတော်ကြီး အမေးကို မင်းကွန်းဆရာ

www.burmeseclassic.com



တော်ကြီးက အောက်ပါအတိုင်း ဖြေထား၏။

မြော့ပြချင်၊ လောကတွင် တစ္ဆေရှိသည်ဟု နှံ့သိကျော်ကြား၊ မိုးထူးထွေ၊ သည့်တစ္ဆေရှိသည် ဟုတ်ပါဘူး၊ မြေဘုတ်ကို တစ္ဆေပြောကြတယ်၊ လောကလူများ။

(သုတပဒီကပုစ္ဆာ ဝိသဇ္ဇနာကျမ်း အပုဒ်၆၆)

မြေဘုတ်ကို တစ္ဆေဟု ဆိုသောကြောင့် အခေါ်သာ ကွဲသော်လည်း တစ္ဆေ၊ မြေဘုတ်၊ အစိမ်းသရဲ စသည်တို့ကား အတူတူဟု မှတ်ယူရပေမည်။

အခြားမှင်စာ၊ ကျွတ် စသည်တို့လည်း မည်သို့ ဆင်းသက်လာသည်ဟု မကြံဆတတ်သော်လည်း ပေတခေါ် ပြိတ္တာများသာ ဖြစ်ကြ၏။

## ဥစ္စာစောင့် နှင့် နတ်များ

လူမိန်းမနှင့် ပေါင်းသင်းသော ပြိတ္တာအနွယ်ဝင် နတ်များအကြောင်း၊ လူယောက်ျားနှင့် ပေါင်းသင်းသော နေ့ခံ ညစံ၊ ညခံ နေ့စံ၊ ဝေမာနိက ပြိတ္တာများ အကြောင်းကို ပေတဝတ္ထုတော်ကြီး၌ အတိအလင်း ဖော်ပြထားသည်ကို တွေ့၏။

ဥစ္စာစောင့်ဆိုသည်မှာလည်း အခြားမဟုတ် ပြိတ္တာများသာ ဖြစ်၏။ ထိုဥစ္စာစောင့်တို့သည် များသောအားဖြင့်





မိမိတို့ ပစ္စည်းဥစ္စာတို့ကို စွဲလမ်းတပ်မက်သေသောကြောင့် ပြိတ္တာဘဝဖြစ်ရသူတွေ များ၏။

လောဘကြောင့် သေ၊ ပြိတ္တာပြေ ရောက်လေကေန္တ ဟူသော ဆောင်ပုဒ်အတိုင်း လူတို့ ခေါ်ဆိုသော ဥစ္စာစောင့် ဘဝရောက်ရှိကြရလေသည်။ ဥစ္စာစောင့်သည် ဝေမာနိက ပြိတ္တာများဟု ဆိုနိုင်၏။

ယခုနတ်ဟု ခေါ်ဆိုနေကြသော မင်းကြီး၊ မင်းလေး၊ ကိုကြီးကျော်၊ ဦးရှင်ကြီး စသည်တို့သည်လည်း ပြိတ္တာများသာ ဖြစ်ကြပါသည်။

အချို့ စတုမဟာရာဇ်ဘုံသားနတ်များကိုပင် ပေတဝတ္ထုတော်ကြီး၌ ပေတခေါ် ပြိတ္တာထဲသွင်းထားသည်ကို တွေ့ရ၏။ ဓမ္မပဒပါ "မဋ္ဌကုဏ္ဍလီ"ဝတ္ထုကိုပင် ပေတဝတ္ထုတော်ကြီး၌ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရ၏။ "ဥရဂဝဂ္ဂခေတ္တုပမပေတ" ဝတ္ထုသည်လည်း၊ ရုက္ခစိုးနတ်ကို ပြိတ္တာထဲတွင် ထည့်သွင်းထား၏။ ထို့ကြောင့် အချို့နတ်များသည် ပြိတ္တာ၌ ဝါဝင်သည်ဟု ယူဆရမည်ဖြစ်၏။

ဤ၌ ပြိတ္တာအသူရကာယ်ကို တင်ပြမှသာ သိနိုင်မည် ဖြစ်၍ ကျမ်းဂန်လာအတိုင်း ထုတ်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းဂန်လာ ပြိတ္တာအသူရကာယ်များ

ပထမဦးစွာ အသူရကာယ်ကို ချန်ထား၍ ပေတခေါ် ပြိတ္တာအမျိုးအစားများကို ခွဲခြားပြပါမည်။

ပေတဝတ္ထုအဋ္ဌကထာများတွင် "ပေတ" လေးမျိုးရှိကြောင်း ပြဆိုထား၏။ လောကပညတ္တိကျမ်းနှင့် ဆဂတိဒီပနီကျမ်းတို့တွင် တစ်ဆယ့်နှစ်မျိုး ပြဆိုထားပါသည်။

အဆိုပါ ပေတခေါ် ပြိတ္တာတို့တွင် ရှေ့ဦးစွာ ပေတဝတ္ထုအဋ္ဌကထာလာ ပြိတ္တာလေးမျိုးကို အရင်ပြပါမည်။

## ပြိတ္တာလေးမျိုး

(၁) ပရဒတ္တူပဇီဝိတ ပြိတ္တာ၊
(၂) ခုပ္ပိပါသိက ပြိတ္တာ၊
(၃) နိဇ္ဈာမ တဏှိက ပြိတ္တာ၊
(၄) ကာလကဉ္စိက ပြိတ္တာတို့ဖြစ်၏။

(၁) သူတစ်ပါးပေးသော အစာရေစာကိုသာ စားသုံးပြီး အသက်ရှင်ရသော ပြိတ္တာကို "ပရဒတ္တူပဇီဝိတ" ပြိတ္တာဟု ခေါ်သည်။

(၂) မည်သည့်အစားအစာမှ မစားသောက်ရဘဲ အမြဲတန်းငတ်မွတ်နေသော ပြိတ္တာကို "ခုပ္ပိပါသိက" ပြိတ္တာဟု ခေါ်





သည်။

(၃) အမြဲတမ်း ပူပန်လောင်ကျွမ်းနေရသော ပြိတ္တာကို "နိဇ္ဈာမ တဏှိက" ပြိတ္တာဟု ခေါ်သည်။

(၄) အသူရကာယ်ကိုပင် ကာလကဉ္စိကပြိတ္တာဟု ခေါ်သည်

ထို့ကြောင့် အချို့ ပါဠိတော်များ၌ အပါယ်လေးပါး မပြတော့ဘဲ အပါယ်သုံးဘုံသာ ပြထားကြောင်းကို အရှင်ဇနက ဘိဝံသက "သဂြိုဟ်ဘာသာဋီကာ" ဝိထိမုတ်ပိုင်း၌ ဆိုထားပါသည်။

## တစ်နည်း ပြိတ္တာ တစ်ဆယ့်နှစ်မျိုး

လောကပညတ္တိကျမ်းနှင့် ဆဂတိဒီပနီကျမ်းလာ ပြိတ္တာတစ်ဆယ့်နှစ်မျိုးမှာ--

(၁) ဝန္တာသ ပြိတ္တာ၊
(၂) ကုဏပါသ ပြိတ္တာ၊
(၃) ဂူထခါဒက ပြိတ္တာ၊
(၄) အဂ္ဂိဇာလမုခ ပြိတ္တာ၊
(၅) သုစိမုခ ပြိတ္တာ၊
(၆) တဏှဋ္ဋိက ပြိတ္တာ၊
(၇) သုနိဇ္ဈာမက ပြိတ္တာ၊



www.burmeseclassic.com

www.burmeseclassic.com



(၈) သတ္တင်္ဂ ပြိတ္တာ၊
(၉) ပဗ္ဗတင်္ဂ ပြိတ္တာ၊
(၁၀) အဇဂရင်္ဂ ပြိတ္တာ၊
(၁၁) ဝေမာနိက ပြိတ္တာ၊
(၁၂) မဟိဒ္ဓိက ပြိတ္တာတို့ ဖြစ်၏။

(၁) တံတွေး၊ ချွဲအန်ဖတ်ကိုသာ စားရသော ပြိတ္တာကို "ဝန္တာသပြိတ္တာ"ဟု ခေါ်သည်။

(၂) လူကောင်ပုပ်၊ ခွေးကောင်ပုပ် စသော အပုပ်အသိုးကိုသာ စားရသော ပြိတ္တာကို"ကုဏပါသပြိတ္တာ"ဟု ခေါ်သည်။

(၃) သူတစ်ပါးစွန့်ပစ်ထားသော ကျင်ကြီးကိုသာ စားရသော ပြိတ္တာကို "ဂူထခါဒကပြိတ္တာ"ဟု ခေါ်သည်။

(၄) ပါးစပ်အတွင်းမှ ပူပြင်းလှသော မီးလျှံတို့ မပြတ်ထွက်နေသော ပြိတ္တာကို "အဂ္ဂိဇာလမုခပြိတ္တာ"ဟု ခေါ်သည်။

(၅) စားသောက်ချင်တိုင်း မစားမသောက်ရဘဲ အပ်နဖားပေါက်လောက်မျှသာ ရှိသော ပါးစပ်ပေါက်ရှိသော ပြိတ္တာကို "သုစိမုခပြိတ္တာ"ဟု ခေါ်သည်။

(၆) ထမင်းရေစာ စသော အာဟာရတို့ကို ပြေးလွှားရှာ





ဖွေပါသော်လည်း မစားရ၊ မသောက်ရ အမျိုးမျိုးနှိပ်စက်ခြင်း ဒဏ်ကို ခံရသော ပြိတ္တာကို "တဏှိကပြိတ္တာ"ဟု ခေါ်သည်။

(၇) အကြွင်းမဲ့ လောင်ကျွမ်းထားသည့် မီးလောင်ငုတ်တိုကဲ့သို့ ဖြစ်လျက် နေထိုင်ရသော ပြိတ္တာကို"သုနိဈာမကပြိတ္တာ" ဟု ခေါ်သည်။

(၈) ဓား၊ လက်နက် စသည်ကဲ့သို့ ချွန်ထက်သော ခြေသည်း၊လက်သည်းရှိသည့် ပြိတ္တာကို"သတ္တင်္ဂပြိတ္တာ" ဟု ခေါ်သည်။

(၉) ကိုယ်ခန္ဓာတောင်လုံးပမာဏ ကြီးမားစွာရှိသော ပြိတ္တာကို "ပဗ္ဗတင်္ဂပြိတ္တာ"ဟု ခေါ်သည်။

(၁၀) စပါးကြီးမြွေကဲ့သို့ ကိုယ်အင်္ဂါရှိသော ပြိတ္တာကို "အဇဂရင်္ဂ ပြိတ္တာ"ဟု ခေါ်သည်။

(၁၁) နေ့အခါ နတ်တမျှခံစားလျက် ညဉ့်အခါ အကုသိုလ်ကံအားလျော်စွာ အပြစ်ခံရသော ပြိတ္တာကို"ဝေမာနိကပြိတ္တာ "ဟု ခေါ်သည်။

(၁၂) ကြီးကျယ်သော တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ပြိတ္တာကို"မဟိဒ္ဓိကပြိတ္တာ"ဟု ခေါ်သည်။

လောကပညတ္တိကျမ်းနှင့် ဆဂတိဒီပနီကျမ်းတို့၌



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာတစ်ဆယ့်နှစ်မျိုးပြသော်လည်း ပေတအဌကထာလာ လေးမျိုး၌ အကျုံးဝင်ပါသည်။

ယခုဆက်လက်၍ အသူရကာယ်တို့ကို တင်ပြပါမည်။

## အသူရကာယ်သုံးမျိုး

(၁) နတ်အသူရာ၊
(၂) ဝိနိပါတိကအသူရာ၊
(၃) ပြိတ္တာအသုရာ ဟူ၍ သုံးမျိုးရှိ၏။

(၁) မြင်းမိုရ်တောင်အောက် ယူဇနာတစ်သောင်း ကျယ်ဝန်းသော အသုရာပြည်ဝယ်နေကြကုန်သော "ဝေပစိတ္တအသူရာ""ပဟာရာဝ အသူရာ"တို့သည် ကိုယ်ရောင်ကိုယ်ဝါ စည်းစိမ်ချမ်းသာ အစရှိသည်တို့သည် တာဝတိံသာ နတ်တို့နှင့် မခြား၊ စံစားရသော အသူရာကို "နတ်အသူရာ"ဟု ခေါ်သည်။

(၂) ပိယင်္ကရမာတာ၊ ဥတ္တရမာတာ၊ ဖုဿမိတ္တာ အစရှိသည်တို့သည် ဘုံဗိမာန်နှင့် နေကြရသဖြင့် အဆိုပါ အသူရာတို့ကို "ဝိနိပါတိက အသူရာ"ဟု ခေါ်သည်။





(၃) ခန္ဓာကိုယ်မှာ သုံးဂါဝုတ်လောက်ရှိ၍ ပါးစပ်က အပ်နဖားပေါက်မျှလောက်ဖြင့် အဲမြဲတန်း ဆာလောင်ငတ်မွတ်သည့် ဒုက္ခကို ဆင်းရဲကြီးစွာ ခံစားနေရသော ကာလကဉ္စိက ပြိတ္တာတို့ကိုမှင် "ပြိတ္တာ အသူရာ"ဟု ခေါ်သည်။ အရှင်ဇနကာဘိဝံသဆရာတော်ကြီးကမူ သင်္ဂြိုဟ်ဘာသာဋီကာ ဝိထိမုတ်ပိုင်း (အသူရကာယ်အခန်း)၌ ဆင်းရဲကြီးစွာ ခံစားနေရသော ကာလကဉ္စိကပြိတ္တာအပြင် နတ်အမျိုးအစား၌ ပါဝင်သော အသူရကာယ်အမည်ရသော နတ်အမျိုးအစား လေးမျိုး ပြထားသည်ကို တွေ့ရ၏။

သို့သော်လည်း အထက်ပါ "နတ်အသူရာ၊ ဝိနိပါတိကအသူရာ"တို့၌ ပါဝင်ပြီးဖြစ်သောကြောင့် ဤ၌မပြတော့ပါ။ အလိုရှိသူများ ဆရာတော်၏ (သင်္ဂြိုဟ်ဘာသာဋီကာ ဝိထိမုတ်ပိုင်း) ကြည့်ရှုတော်မူကြပါကုန်။

များသောအားဖြင့် အသူရကာယ်ဖြစ်ရသူတို့မှာ လူဖြစ်၍ နေစဉ်က သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံသော လူကြီးသူမများနှင့် ရဟန်းပညာရှိတို့ကို မရိုမသေ မလေးစားခြင်း၊ သီလမရှိသော သူတို့ကို ချီးမြှင့်ထောက်ပံ့ခြင်းစသော မကောင်းမှု အကုသိုလ်ကံတို့ကြောင့် အသူရကာယ်ဘုံ၌ ဖြစ်ကြရသည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(ဤ၌ နတ်အသူရာနှင့် ဝိနိပါတိက အသူရာတို့ကို မယူရပါ၊ ပြိတ္တာအသူရာကိုသာ ယူရပါမည်။)

အဆိုပါ ပြိတ္တာအသူရကာယ်တို့သည် ဘုံဟု ဆိုသော်လည်း စင်စစ်ဘုံသီးခြားမရှိပါ။ သူတို့ ကျင်လည်နေထိုင်ရသော ရေမြေတောတောင် သမုဒ္ဒရာတမ်းစပ်စသည်တို့သည်ပင်လျှင် ပြိတ္တာအသူရကာယ်တို့၏ ဘုံဌာနများ ဖြစ်ကြပါသည်။

အထက်က ဂတိငါးပါး၌ အသုရကာယ်ကို ဘုံတစ်ခုတည်းယူထားကြောင်း ရေးခဲ့ပြီ။

ထို့ကြောင့် ပေတဝတ္ထုတော် အဋ္ဌကထာတို့တွင် ပေတလေးမျိုး ပြထားသော်လည်း အသုရာ သုံးမျိုးနှင့် ပေါင်းယူရမည်ဖြစ်၏။ သို့မှသာ လောကပညတ္တိကျမ်းနှင့် ဆဂတိဒီပနီကျမ်းတို့တွင် ပြထားသော ပေတတစ်ဆယ့်နှစ်မျိုးပါ နံပါတ် (၁၁)ဝေမာနိကပြိတ္တာနှင့် နံပါတ်(၁၂) မဟိဒ္ဓိကပြိတ္တာတို့ အကျုံးဝင်မည် ဖြစ်၏။

ပြခဲ့သော အသသူရာသုံးပါး၌ ဝိနိပါတိက ပြိတ္တာမျိုးဖြစ်၏။ နတ်အသူရာကို နံပါတ်(၁၂)၌ ပြထားသော မဟိဒ္ဓိက ပြိတ္တာမျိုးဖြစ်၏။

ဤ၌ ပေတ ဟူသော သဒ္ဒါသည် မြန်မာလို ပြိတ္တာ





ဟုချည်း ဆိုလိုသည်မဟုတ်ပေ။ ပေတ သဒ္ဒါသည် တမလွန် (ဝါ) ဘဝတစ်ပါးသို့ ပြောင်းသွားကြသော သူကိုလည်း ခေါ်ပါသည်။

ထို့ကြောင့် မဋ္ဌကုဏ္ဍလိ၊ သုလသာကို ခေါ်၍ ပေါင်းဖော်သော ရုက္ခစိုးနတ် စသည်တို့ကို ပေတ၌ သွင်းထားဟန်တူ၏။

ပေတ ခေါ် ပြိတ္တာတို့ကို အရှင်ဇနကာဘိဝံသက သဖြိုးဟ်ဘာသာဋီကာ ဝိထိမုတ်ပိုင်း"ပေတဝိသယ"၌ အောက်ပါအတိုင်း ဝိဂြိုဟ်ပြုထား၏။

သခသမုဿယတော ပကဋ္ဌံ ဧန္တိတိပေတာ၊
ပေတာနံသမူဟောပေတ္တိ၊
ပေတ္တိယာဝိသယောပေတ္တိဝိသယော၊

သုခသမုဿယတော-သုခအပေါင်းမှ ပကဋ္ဌံ-ဝေးသောအရပ်သို့၊ ဧန္တိ-ရောက်ရကုန်၏။ ဣတိ-ထို့ကြောင့် ပေတ-ပေတတို့မည်ကုန်၏။

ပေတာနံ-ပြိတ္တာတို့၏ သမူဟော-အပေါင်းသည် ပေတ္တိ- ပေတ္တိမည်၏။

ပေတ္တိယာ- ပြိတ္တာအပေါင်း၏၊ ဝိသယော -နေရာအရပ်သည်၊ ပေတ္တိဝိသယော - ပေတ္တိဝိသယမည်၏။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ဝိဂြိုဟ်တို့ကို ထောက်သဖြင့် ချမ်းသာကင်းသော အရပ်ကို ရောက်ရသူများ ဟု ဆိုလို၍ ပြိတ္တာအပေါင်းတို့၏ နေရာအရပ်သည်ပင်“ဘုံဟု မှတ်ရမည် ဖြစ်ကြောင်း ထင်ရှား၏။

ယခု လူတို့တွေ့မြင်ကြရသော တစ္ဆေ၊ မြေဘုတ်၊ အစိမ်းသရဲ စသော ပြိတ္တာတို့သည် များသောအားဖြင့် ပြိတ္တာလေးမျိုးတွင် နံပါတ်(၁)၌ ပြထားသော“ပရဒတ္တူပဇီဝိတ” ပြိတ္တာမျိုးဖြစ်နိုင်ပါသည်

ထိုမှတစ်ဆင့် လူတို့က အမျှအတန်းဝေ၍ သာဓုခေါ်ရသဖြင့် ဝေမာနိကပြိတ္တာအမျိုးအစား သို့မဟုတ် ဝိနိပါတ အသုရာအမျိုးအစားဖြစ်သွားခြင်း ဖြစ်ပေမည်။

အဆိုပါ ပြိတ္တာလေးမျိုးတွင် ပရဒတ္တူ ပဇီဝိတ ပြိတ္တာတစ်မျိုးသာ လူတို့က အမျှအတန်းပေးဝေသည်ကို သာဓုခေါ်နိုင်ပါသည်။ ကျန်ပြိတ္တာများကား သာဓုမခေါ်နိုင်ဟု ဆို၏။

ပရဒတ္တူပဇီဝိတပြိတ္တာသည်ပင်လျှင် အမျှအတန်းပေးဝေတိုင်း သာဓုခေါ်၍ ရသည်မဟုတ်ပါ။ အဆိုပါ ပရဒတ္တူပဇီဝိတပြိတ္တာသည် သူအား ရည်ညွှန်း၍ အမျှအတန်းပေးဝေသည်ဟုလည်း ဖြစ်ရပါမည်၊ ကြားနိုင်သော (ဝါ) အမျှ





ဝေသံကို ကြားရသိရပါမည်။ ပေးလှူသော အလှူခံသည်လည်း အကျင့်စာရိတ္တသီလတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်လည်း ဖြစ်ရပါမည်။ သို့မှသာ အမျှအတန်းဝေသော အဖို့ဘာဂကို သာဓုခေါ်မှသာ မုချရနိုင်သည်ဟု ဆိုပါသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

## လူသေလျှင် သရဏဂုံတည်ရခြင်းကိစ္စ

လူတစ်ဦးတစ်ယောက် သေပျောက်သွားသောအခါ ထိုသေပျောက်သွားသော သူသည် ဖြစ်လေရာဘဝ၊ ရောက်လေရာဘဝမှ သတိရလျှင် သရဏဂုံယူပါစေတော့ဟု ရည်ဇူးရည်မှန်း၍ အလောင်းကို တင်ရိုးတင်စင်ပြုကြကုန်သည်ဟု အချို့ဆိုကြသည်။ အလောင်းကိုကား သရဏဂုံတင်သော်လည်း သရဏဂုံကား မတည်နိုင် မရနိုင်တော့ပေဟု ကျမ်းတစ်ကျမ်း၌ ဖတ်လိုက်ရသည်။

ထိုဆရာဆိုလိုသည်မှာ သူ့အယူအဆ မဟုတ်ပါ။ အချို့ဟု ဆိုထားပါသည်။

စာပါအကြောင်းအရာမှာလည်း သေသွားသူသည် သရဏဂုံ အတိအကျ ရမည်ဟု မဆိုလိုပါ။ ဖြစ်လေရာဘဝ ရောက်လေရာဘဝမှာ ဤသရဏဂုံသံကို ကြားကာ သတိရ





ပြီး သရဏဂုံယူပါစေတော့ဟု ရည်စူးသည်ဟု ဆိုထားပါသည်။

ထို့ကြောင့် လူသေလျှင် သရဏဂုံတင်ခြင်းသည် လုပ်ရိုးလုပ်စဉ် မိရိုးဖလာသာ ဖြစ်ကြောင်းဆိုချင်ပါသည်။

ဤသို့ စာရေးသူ ရဟန်းဘဝက တရုတ်အိမ်တစ်အိမ်တွင် ဘုန်းကြီးတစ်ပါးနှင့် ဆွမ်းစားသွားစဉ်က မှတ်တမ်းယင်ရေးသားထားသော ၅-၁၁-၇၄ နေ့ ရေး နေ့စဉ် မှတ်တမ်းစာအုပ်မှ အကြောင်းအရာကို တင်ပြပါမည်။

## လူသေလျှင် သရဏဂုံတင်ရခြင်းအကြောင်း

အထက်ပါ ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း နေ့စဉ်မှတ်တမ်းစာအုပ်တွင် ရေးထားပါသည်။ ဗုဒ္ဓဘာသာ ကိုးကွယ်သော တရုတ်အိမ်တစ်အိမ်သို့ ရက်လည် မုန့်တီဆွမ်းသွားစားကြသည်။ လက်ဖက်ရည်များ ဘုဉ်းပေးသုံးဆောင်ပြီးနောက် အသက်ငါးဆယ်ခန့်ရှိ တရုတ်လူမျိုးတစ်ယောက်သည်-

လူသေလျှင် သရဏဂုံ ဘာကြောင့်တင်ရသနည်း။ ဗုဒ္ဓဘာသာလူမျိုးတစ်ယောက်အနေဖြင့် သရဏဂုံ ယူထားပြီး

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်၍ တင်စရာလိုပါသေးသလား၊ လိုလျှင် ဗုဒ္ဓဘာသာခံယူထားသူအဖို့ ဝမ်းနည်းစရာကောင်းကြောင်း၊ ဗုဒ္ဓဘာသာကိုပင် စွန့်ပစ်ရမလို ဖြစ်ကြောင်း စသည်ဖြင့် သံယာငါးပါး၌ အကြီးဆုံး ဘုန်းကြီးအား လျှောက်ထား၏။

ဘုန်းကြီးလည်း တရုတ်ကြီးအမေးကို ကတ်စွမ်းသမျှ ဖြေရှင်းပြ၏။ သို့သော်လည်း တရုတ်ကြီးသဘောပေါက်အောင် ဖြေရှင်းမပေးနိုင်ပေ။ စာရေးသူ အပါအဝင် ကျန်သံယာများမှာ မိမိတို့ထက် ထေရ်ကြီးဝါကြီးပါနေသဖြင့် မည်သူမှ မဟကြပေ။ နှုတ်ဆိတ်နေကြ၏။

ထိုတရုတ်ကြီးသည် ကပ်လို၍ မေးသလော၊ သိလို၍မေးသလော မပြောတတ်။ သူမေးခွန်းကား မေးသင့်မေးထိုက်သော မေးခွန်းဖြစ်၏။ (ဗုဒ္ဓဘာသာ၌ မေးသင့်မေးထိုက်သော မေးခွန်းတွေ များစွာ ရှိသေး၏။)

ထိုတရုတ်ကြီး အမေးနှင့် ပတ်သက်၍ ကျမ်းကိုးကျမ်းကား ရှုတ်တရက်ပြန်၍ မဖြေဆိုနိုင်သော်လည်း ကြားဖူးနားဝနှင့် ဖတ်မှတ်ထားသည်တို့ဖြင့် ဖြေရမည်ဆိုသော်. . .

သရဏဂုံ တင်ခြင်းသည် သေသူကို အကြောင်းပြု၍ တင်သော်လည်း သရဏဂုံ ဆောက်တည်မှုသည် သေသူနှင့် တိုက်ရိုက်မဆိုင်ပါ။ ကျန်ရစ်သော မိသားစုနှင့်သာဆိုင်ပါလိမ့်





မည်။

သို့သော်လည်း သေသွားသူသည် သေခါနီးအခါ အကုသိုလ် အဇသန္တက်ဇောစောလျက် သေသွားလျှင် အပါယ်ဘုံသို့ ရောက်သွားနိုင်ပါသည်။ (မမ္ဗဂဒ၊ ရေကပတ္တနဂါးမင်း ဝတ္ထုနှင့် တိဿရဟန်းကြီး စသော ဝတ္ထုကိုရှု) ထိုအပါယ်ဘုံ၌လည်း ငရဲ၊ တိရစ္ဆာန်၊ လူ့ဘုံ၊ နတ်ဘုံတို့၌ ရောက်သွားလျှင် အကျိုးမခံစားရပါ။ ပြိတ္တာဘုံရောက်မှသာ ခံစားရ၏။

သို့သော်လည်း ရောက်ရာဘုံဘဝ အတိအကျ မသိရသောကြောင့် အကယ်၍များ ပြိတ္တာဘုံဘဝသို့ ရောက်သွားခဲ့သည်ရှိသော် ကျန်ရစ်သော မိသားစုတို့က သီလရှိသော ရဟန်းတော်တို့ကို ပင့်ဖိတ်၍ ဆွမ်းသင်္ကန်း စသည်တို့ကို သရဏဂုံနှင့် ငါးပါး(ရှစ်ပါး)သီလ ဆောက်တည်၍ လှူဒါန်းပြီး အမျှဝေပါက ပြိတ္တာဘုံ ရောက်သွားသောသူ မုချခံစားရပေလိမ့်မည်။

ဘုန်းကြီးတို့ကိုလှူပြီး ရေစက်သွန်းချ အမျှဝေတိုင်း ခံစားရသည် မဟုတ်ပေ၊ ကျန်ရစ်သော မိသားစုတို့က တရားသဖြင့် ရအပ်သော ဝတ္ထုဖြစ်ခြင်း၊ ရတနာသုံးပါး၏ ဂုဏ်ကို တကယ် သက်ဝင်ယုံကြည်ခြင်း၊ အလှူခံက သီလရှိခြင်း၊ "ပရဒတ္တုပဇီဝိတ၊" ပြိတ္တာဖြစ်ခြင်းတို့နှင့် ညီညွတ်မှသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာဘုံရောက်သောသူ ခံစားစံစားရပေသည်။

ထို့ကြောင့် သရဏဂုံ တင်ခြင်းသည် သေသူ ဂတိမှောက်မှား၍ ပြိတ္တာဘုံသို့ ရောက်သွားအံ့၊ ဤသို့ ရောက်သွားသော် အလှူခံပုဂ္ဂိုလ် စင်ကြယ်မှုသည် အဓိကဟု ဆိုရပေမည်။ (ပေတဝတ္ထုတော်ကြီး၌ စုဠသေဋ္ဌိပေတဝတ္ထု ရှု)

ထို့ထက်ပို၍ အကျိုးကြီးမြတ်ရလေအောင် ကျန်ရစ်သူတို့က သရဏဂုံ သုံးပါးနှင့်တကွ ငါးပါး(ရှစ်ပါး) သီလတော်များကို ဆောက်တည်၍ လှူဒါန်းအမျှဝေသည်ဟု မှတ်သားသင့်ပါသတည်း။ ဤသည်မှာ စားရေးသူ သုံး၊ လေး၊ ဝါ ရဟန်းဘဝက ရေးထားသော နေ့စဉ် မှတ်တမ်းစာအုပ်မှ ဖြစ်ပါသည်။

## သရဏဂုံပျက်ခြင်းအကြောင်း

သရဏဂုံ ပျက်ခြင်းသည် သုံးပါးရှိ၏။ ယင်းတို့ကား

၁။ အခြားဘာသာသို့ ကူးပြောင်းသဖြင့် ပျက်ခြင်း၊

၂။ သရဏဂုံကို မဆည်းကပ် မကိုးကွယ် မဆောက်တည်သဖြင့် ပျက်ခြင်း၊

၃။ ဘဝတစ်ပါးသို့ ပြောင်းသွားသဖြင့် ပျက်ခြင်းတို့ ဖြစ်





ကြပါသည်။

ယနေ့ ဗုဒ္ဓဘာသာဝင်ဆိုသူတို့သည် သေသွားလျှင် အခြားသူများက သဏဂုံတင်ပေးသော်လည်း နောက်ဘဝ၀ယ် လူဖြစ်သော်လည်း သရဏဂုံဆောက်တည်နိုင်သော ဗုဒ္ဓဘာသာဝင် တစ်ယောက်ပြန်ဖြစ်ချင်မှ ဖြစ်နိုင်ပါမည်။

အသေချာဆုံးမှာ မိမိတို့ကိုယ်တိုင် သရဏဂုံထုံနေအောင် (သာကီဝင်မင်းသား သရဏဂမဏိယကဲ့သို့) မပြတ်ဖွားများနေရန် လိုအပ်ပါသည်။ သို့မှသာ သူတစ်ပါးတင်းပေးသော သရဏဂုံထက် မိမိကိုယ်တိုင်စွဲမြဲသော သရဏဂုံသာ (သောတာပန်တို့ကဲ့သို့) နောက်ဘဝလည်း သရဏဂုံတည်သူ ဖြစ်နိုင်ပါလိမ့်မည်။

* * * * *

## ၇ ရက်လည်မှသေသူ အိမ်ကထွက်သလား

တစ်အိမ်အိမ်မှာ လူတစ်ယောက်သေသွားလျှင် ထိုသေသူသည် (သို့မဟုတ်) သေသူ၏ ဝိညာဉ်သည် ၇ ရက်မလည်မချင်း ထွက်ခွာမသွားဘဲ ရှိနေသည်ဟု ဗုဒ္ဓဘာသာဖြစ်သည့် အချို့လူအတော်များများပင် ထင်နေတတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုသို့ အများထင်နေသကဲ့သို့ သေသွားသူသည် ၇ ရက် မလည်မချင်း အိမ်ကထွက်ခွာမသွားဟု ဆိုခြင်းမှာ လုံး ဝ မဟုတ်ပါ။ အချို့တော်တော်များများ ယူထားကြသလို ဝိ ညာဉ်ဆိုသည်ကိုပင် မရှိပါ။ (ဝိညာဉ်)ဆိုသည်မှာ အသက် ရှင်နေသူများ၌ တိုက်ဆိုင်မှ ပေါ်လာခြင်းဖြစ်သည်။

ဝိညာဉ်သည် တစ်ခုတည်းမဟုတ်ပါ။ ခြောက်ပါးရှိ ပါသည်။ (၁) စက္ခုဝိညာဉ်၊ (၂) သောတဝိညာဉ်၊ (၃) ဃာ နဝိညာဉ်၊ (၄) ဇိဝှာဝိညာဉ်၊ (၅) ကာယဝိညာဉ်၊ (၆) မနဝိ ညာဉ် တို့ဖြစ်၏။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုသော အခံ ဓာတ်နှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိ၊ သဘောတရားတို့ပေါင်းဆုံမှ ဝိညာဉ်တို့က ပေါ်လာခြင်းဖြစ် လေသည်။ (ဝါ) မြင်သိစိတ် စသည်ဖြစ်လာသည်။

ထို့ကြောင့် အများသုံး ဝိညာဉ်လောကဟူသော ဝေါ ဟာရသည် (ဝါ)အနောက်နိုင်ငံများ အခေါ် ပရလောကဟူ သော ဝေါဟာရသည် ဗုဒ္ဓဘာသာ၌ မသုံးပါ။ အချို့က ပုဂ္ဂိုလ် သတ္တဝါသေလျှင် ရုပ်ခန္ဓာကြီးကသာ ကျန်ရစ်ပြီး ပုပ်သိုးဆွေး မြည့်သွားသည်။ နာမ်ခန္ဓာကား နောက်ဘဝသစ်တစ်ခုသို့ ကူး





ပြောင်းသွားသည်ဟု အထင်ရှိကြ၏။ ထိုအထင်ကြောင့်ပင် ဝိညာဉ်ခေါ် နာမ်ချည်း သီးခြားနေသည်ဟု ယုံမှတ်ကြခြင်း ဖြစ်၏။

စင်စစ် ရုပ်နာမ်တို့သည် သေသည်ကိုပင် မဆိုထား နှင့် မသေသော်လည်း ရုပ်နာမ်အစဉ်မှာ(ဒိပဇာလဝိယ၊ နဒီ သောတောဝိယ) ဆီမီးလျှံလိုဖြစ်ရေလျဉ်လို တရစပ် ဖြစ်ပျက် ပြောင်းလဲနေပေသည်။ မည်သည့်အခါမှ တည်တံ့မနေပေ။

ဤ၌ လူနှင့် တိရစ္ဆာန်တို့ စုတေသော် ရုပ်ခန္ဓာကြီး ကျန်ရစ်၏။ ပြိတ္တာ အသူရကာယ်တို့က ဖွတ်၊ ပုတတ်၊ သမင်၊ စသော အသွင်ဖြင့် ကျန်ရစ်၏။ နတ်ဗြဟ္မာတို့ စုတေသော် မီးစာတုန် ဆီခန်းသကဲ့သို့ဖြစ်ကြောင်း ဆိုပါသည်။ (သို့သော် ရုတန္တာတို့ကဲ့သို့ ဘဝမပြတ်မယ။ ကံအားလျော်စွာ ဘုံဘဝများ တွင် ဖြစ်ရ၏။

တစ္ဆေသရဲခေါ် ပြိတ္တာအသူရကာယ်တို့နှင့် နတ်ဗြဟ္မာတို့သည် စုတေလျှင်သာ ကွာခြားသော်လည်း နတ် တို့၏ ရုပ်ခန္ဓာကိုယ်တို့သည် နူးညံ့သဖြင့် လူတို့ မမြင်နိုင်ပေ။ နတ်တို့က မြင်စေလိုမှ မြင်ကြရသည်။

တစ်ခါတစ်ရံ အမှတ်မထင် မြင်ရသည်လည်း ရှိနိုင် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အမှတ်မထင် မြင်ရသည်ဆိုသော်လည်း နတ်၊ ဗြဟ္မာများကို ဆိုလိုသည်မဟုတ်ပါ။ တစ္ဆေသရဲခေါ် ပြိတ္တာတို့ကိုသာ ဆိုလိုပါသည်။

အထက်ပါတို့တွင်၊ ဝိညာဉ်လောကမရှိနိုင်ခြင်း၊ တစ္ဆေပြိတ္တာတို့၏ ခန္ဓာကိုယ်သည် သူတို့က မြင်စေလိုမှ မြင်နိုင်ခြင်း(သို့မဟုတ်) တစ်ခါတစ်ရံသာ အမှတ်မထင် မြင်နိုင်ခြင်းတို့ကြောင့် ဝိညာဉ် (ဝါ) နာမ်ချည်းသက်သာရှိသည်ဟု ထင်မြင် ကြရခြင်း ဖြစ်သည်။

အမှန်မှာ သူတို့ ကာရဇရုပ်သည် နူးညံ့သောကြောင့်သာ သာမန်လူတို့ မမြင်နိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် တစ်အိမ်အိမ်မှ လူတစ်ဦးသေလျှင် ဝိညာဉ်ခေါ် နာမ်ချည်းသက်သက်လည်း မဟုတ်သလို၊ ထိုသေသူသည် လူ့ဘဝမှ ရုပ်နာမ်တို့ မဟုတ်ဘဲ ဘဝသစ်ရုပ်နာမ်များ ဖြစ်သွားခြင်းကို သတိပြုရပါမည်။

သို့ဆိုလျှင် အချို့ ၇ ရက်အတွင်း ရက်မလည်မချင်း ခြောက်တတ်ခြင်း၊ ကိုယ်ထင်ပြတတ်ခြင်း စသည်တို့မှာ မည်သို့ ယူဆမည်နည်းဟု မေးစရာရှိပါသည်။

အိမ်တစ်အိမ်မှာ လူသေတိုင်း မခြောက်ခြင်း၊ ကိုယ်ထင်မပြခြင်း စသည်တို့ရှိသလို ခြောက်ခြင်း၊ ကိုယ်ထင်ပြခြင်း





တော့ ရှိချင်လည်းရှိပါလိမ့်မည်။

ထိုသို့ရှိခဲ့သော် အထက်ကဆိုခဲ့သည်အတိုင်း သေသူ၏ ဝိညာဉ်ခေါ် နာမ်ချည်းလည်းမဟုတ်ပါ၊ ရုပ်လည်းပါရှိပါသည်။ သို့သော်လည်း သေသူ၏ ရုပ်နာမ်နှင့် ဘဝခြားသော ရုပ်နာမ်ကား အတူတူမဟုတ်တော့ပါ။ ဘဝခြားသွားသော ပြိတ္တာခေါ် တစ္ဆေသရဲသာ ဖြစ်သွားပါသည်။ သို့သော် ကမ္မသတ္တိကား မကင်းကြောင်း သတိပြုပါ။

ပြိတ္တာတစ္ဆေတို့၏ အသက်သည် အပိုင်းအခြားမရှိသဖြင့် ၇ ရက်လည်း ပြိတ္တာဖြစ်ချင် ဖြစ်ပါလိမ့်မည်၊ ထိုထက်လည်း ကြာချင် ကြာပါလိမ့်မည်။ တိရောကုဍ္ဍပေတဝတ္ထု၌ ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးတို့သည် ဝိပဿီဘုရားရှင်သတ်ထက်ကတည်းက ပြိတ္တာဖြစ်နေပြီး ဂေါတမ ဘုရားရှင်လက်ထက်ဝယ် ဗိမ္ဗိသာရမင်းကြီးက အမျှဝေမှ ကျွတ်လွတ်ရကြောင်း ဆိုပါသည်။

ထို့ကြောင့် အချို့ ၇ ရက် မလည်မီ ခြောက်ခြင်း၊ ကိုယ်ထင်ပြခြင်း စသည်တို့သည် သေသူပြိတ္တာတစ္ဆေ သွားဖြစ်နေသောကြောင့် ဖြစ်ပါလိမ့်မည်။

၇ ရက် လွန်သော် မခြောက်ခြင်း၊ ကိုယ်ထင်မပြခြင်းသည်တို့မရှိပါက သေသူ ကျွတ်သွားသည်ဟု ယူဆရပါ



www.burmeseclassic.com

www.burmeseclassic.com



မည်။

အချို့ရက်လည်ပြီးသော်လည်း ခြောက်ခြင်း၊ ကိုယ်ထင်ပြခြင်း စသည်တို့ ပြုပါက မကျွတ်သေးကြောင်း ယူဆရပါသည်။

အချို့က သင်္ချိုင်းကုန်းမှာ သူတို့မြှုပ်ထားသော ဆွေမျိုးဉာတိ စသည်တို့ ဝိညာဉ်ခေါ် နာမ်တရားများ ရှိသည်ဟုလည်း ထင်တတ်ကြသည်။

စင်စစ် ဖေသသူ၏ အလောင်းကို မည်သည့် သင်္ချိုင်း၌ မြှုပ်မည်ကို သေသွားသောသူသည် မသိနိုင်ပါ။ မသိနိုင်သည့်အတွက် သေလျှင်သေချင်း၊ ဂတိငါးပါးတွင် သူနှင့် ထိုက်တန်သော ဂတိ၌ သွားရမည်ဖြစ်ပါသည်။

အကယ်၍ ဂတိငါးပါးတွင် ပြိတ္တာတစ္ဆေဖြစ်ခဲ့သော်လည်း သူ့အလောင်းရှိရာ သင်္ချိုင်းသို့ လိုက်သွားမည် မဟုတ်ပါ။ တစ်နေရာ၌သာ ကျင်လည်ကျရောက်ပါလိမ့်မည်။(သေသောနေရာနှင့် ပြိတ္တာသွားဖြစ်ရသော နေရာမတူကြောင်း ပေတဝတ္ထုတော်ကြီးတွင် အများကြီး တွေ့နိုင်ပါသည်။)

ထို့ကြောင့် လူသေမြှုပ်တိုင်း ထိုလူသေ၏ ဖြစ်ရာဘဝသည် ထိုသူမြှုပ်ရာ သင်္ချိုင်းမှာ မရှိနိုင်သည်က များပါလိမ့်မည်။





သို့ဖြစ်လျှင် သင်္ချိုင်း၌ အစိမ်းသူရဲ၊ တစ္ဆေ၊ ပြိတ္တာ၊ ဘီလူး စသည်များ မရှိပါသလောဟု မေးခဲ့သော် ရှိပါလိမ့်မည်။

သို့သော်လည်း သင်္ချိုင်းမှာ မြှုပ်သောသူများဟူ၍မူ တစ်ထစ်ချမပြောနိုင်ပါ။ လူသေကောင်ပစ်ချ မြှုပ်ထားအပ်သော သုသာန်သင်္ချိုင်းဖြစ်သည်နှင့်အညီ လူသေကိုစားလိုသော အစိမ်းသရဲ တစ္ဆေပြိတ္တာ၊ ဘီလူးစသည်တို့ကား သင်္ချိုင်းမှန်သမျှ အညစ်အကြေးစွန့်ရာမှန်သမျှ နေရာတို့တွင် ရှိနေမည်သာ ဖြစ်ပါလိမ့်မည်။

ထိုအထက်ပါတို့ကို ထောက်ဆသောအားဖြင့် လူသေလျှင် ၇ ရက်လည်မှ ထွက်သည်ဟူသော အယူအဆနှင့် မိမိတို့သွားမြှုပ်သော သင်္ချိုင်းတို့တွင် ထိုသူ မကျွတ်မလွတ်သည့်တိုင် ရှိနိုင်မရှိနိုင် စဉ်းစားသင့်ကြပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေသရဲရှိပါသည်။ သို့သော်

၁-၂-၂၀၀၀ ပြည့်နှစ်ထုတ် ဓမ္မရတနာမဂ္ဂဇင်းတွင် ကလောင်ရှင် 'ဝေလွင်ဖြိုး'၏ "ကြုံခဲ့ဖူးပါသည်"ဆောင်းပါးကို ဖတ်လိုက်ရ၏။ ယင်းဆောင်းပါးကို အယ်ဒီတာ ထင်မြင်ဝေဖန် အကြံပြုရန်ပါရှိသဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဝေလွင်ဖြိုး၏ဆောင်းပါးအကြောင်း မတင်ပြမီ တစ္ဆေသရဲအကြောင်းနှင့် ပြိတ္တာအကြောင်းများကို တင်ပြပါမည်။

'တစ္ဆေ'ဆိုသည်မှာ ပါဠိစာပေ'တဇ္ဇ'မှ တစ္ဆဖြစ်လာပါသည်။ ပါဠိလို 'တဇ္ဇ' 'တစ္ဆ' မြန်မာလို ခြောက်လှန့်တတ်သည်ဟု ဖြစ်သည်။

သရဲသည် သူရမှ သူရဲ သရဲဖြစ်လာဟန်တူပါသည်။





သူရသည် ပါဠိဖြစ်၍ မြန်မာလိုရဲရင့်သူ၊ ရဲသူဟု အဓိပ္ပါယ်ရ၏။

ဤတွင် တစ္ဆေ၊ သရဲတို့သည် မြန်မာဝေါဟာရ၌တွင် သုံးစွဲနေကြသော်လည်း ပိဋကတ်စာပေ၌မူ တစ္ဆေသရဲဟူ၍ မရှိပေ၊ ပြိတ္တာသာရှိလေသည်။ ထို့ကြောင့် တစ္ဆေသူရဲတို့သည် ပြိတ္တာတွေသာဖြစ်ခြင်းကြောင့် တစ္ဆေသရဲရှိကြောင်း ဆိုခြင်းဖြစ်၏။

အဆိုပါ တစ္ဆေသရဲခေါ် ပြိတ္တာတို့သည် ပေတဝတ္ထုတော်၌ လေးမျိုးပြထားသည်။

(၁) ပရဒတ္တူပဇီဝိတပြိတ္တာ၊ သူတစ်ပါးပေးသော အစာရေစာကိုသာစား၍ အသက်ရှင်ရသောပြိတ္တာများ၊

(၂) ခုပ္ပိပါသိက ပြိတ္တာ၊ ထမင်းရေစာမစားသောက်ရဘဲ ငတ်မွတ်စွာ နေရသော ပြိတ္တာများ၊

(၃) နိဇ္ဈာမတဏှိကပြိတ္တာ၊ အမြဲအားဖြင့် အတွင်းမှ လောင်နေခြင်းကြောင့် ပူပန်ရသောပြိတ္တာများ၊

(၄) ကာလကဉ္စိကပြိတ္တာ၊ အသူရကာယ်ဟု ဆိုအပ်သော အသူရကာယ်ပြိတ္တာများဟူ၍ လေးမျိုးပြထား၏၊

လောကပညတ္တိကျမ်းနှင့် ဆဂတိဒီပနီကျမ်းတို့၌မူ တစ်ဆယ့်နှစ်မျိုး ပြထား၏၊ ယင်းတို့ကား-



www.burmeseclassic.com

www.burmeseclassic.com



(၁) ဝန္တာသပြိတ္တာ။ တံတွေး၊ နှပ်၊ ချွဲ၊ သလိပ်၊ အံဖတ်တို့ကိုသာ စားရသော ပြိတ္တာများ။

(၂) ကုဏပါသပြိတ္တာ။ လူကောင်ပုပ်၊ ခွေးကောင်ပုပ်၊ စသော အပုပ်အသိုးသာ စားရသောပြိတ္တာများ။

(၃) ဂူထခါဒကပြိတ္တာ။ လူတို့စွန့်ပစ်သည့် ကျင်ကြီးကိုသာ စားရသော ပြိတ္တာများ။

(၄) အဂ္ဂိဇာလမုခပြိတ္တာ။ ပါးစပ်တွင်းမှ ပူပြင်းလှစွာသော မီးလျှံတို့ မပြတ်ထွက်နေသော ပြိတ္တာများ။

(၅) သူခိမုခပြိတ္တာ။ စားသောက်ချင်တိုင်း မစားရသည့် အပ်နဖားပေါက်မျှ ပါးစပ်ပေါက်ရှိသောပြိတ္တာများ။

(၆) တဏှာဋ္ဋိကပြိတ္တာ။ ထမင်းရေစာတို့ကို ပြေးလွှားရှာဖွေသော်လည်း မစားရ၊ အမျိုးမျိုးပူပန်နှိပ်စက်ခြင်းခံရသော ပြိတ္တာများ။

(၇) သုနိဇ္ဈာမကပြိတ္တာ။ အကြွင်းမဲ့လောင်မြိုက်သော မီးလောင်ငုတ်ကဲ့သို့ ဖြစ်ပျက်နေထိုင်ရသော ပြိတ္တာများ။

(၈) သတ္တင်္ဂပြိတ္တာ။ ဓားလက်နက်ကဲ့သို့ ခြေသည်းလက်သည်းရှိသော ပြိတ္တာများ။

(၉) ပဗ္ဗတင်္ဂပြိတ္တာ။ တောင်လုံးလောက်ကိုယ်အဂါရှိသော ပြိတ္တာများ။



(၁၀) အဇဂရင်္ဂပြိတ္တာ။ စပါးကြီးမြွေကဲ့သို့ ကိုယ်အဂါရှိသော ပြိတ္တာများ။

(၁၁) ဝေမာနိကပြိတ္တာ။ နေ့၌ နက်တို့ကဲ့သို့ ခံစားရပြီး ညဥ့်အကုသိုလ်အားလျော်စွာ အပြစ်ခံရသော ပြိတ္တာများ။

(၁၂) မဟိဒ္ဓိတပြိတ္တာ။ တောင်းတင်စသည့် ပျံသန်းသွားနိုင်သော တန်ခိုးရှိသည့် ပြိတ္တာများတို့၍ဖြစ်ပါသည်။

ယင်း ပြိတ္တာခေါ် တစ္ဆေ-သရဲတို့သည် အထက်ပါကိုကြည့်ပါက လွန်စွာကြောက်စရာကောင်းလှသည့် အရုပ်ဆိုးအကျည်းတန်များဖြစ်ကြောင်း တွေ့ရှိရပါသည်။

အမှန်မှာ ထိုပြိတ္တာတို့သည် သူတို့ ဘာသာဘာဝ အလျောက် ညနေ နေဝင်ရီတရော အချိန်နှင့် နံနက် ဝေလီဝေလင်း အချိန်တို့တွင် အစာထွက်ရှာတတ်သည်ဟု ဆိုပါသည်။

ထိုအချိန်မျိုးတွင် အချို့လူများနှင့် အမှတ်မထင် တွေ့ခဲ့ကြပါလိမ့်မည်။ (အချို့လည်း ကိုယ်ထင်ပြသည်ဟု ဆို၏) ထိုအခါ ကြောက်တတ်သူများက 'တဆ္ဆ''တဆ္ဆ'(တစ္ဆေ-တစ္ဆေ) "ခြောက်လှန့်ဟယ်၊ ခြောက်လှန့်တယ်"ဟု လန့်အော်ရာမှ "တစ္ဆေ"ဟူသော ဝေါဟာရ ပေါ်လာဟန် တူပါသည်။

ထိုအတူ သရဲမှာလည်း အချို့မကြောက်တတ်သူများ

www.burmeseclassic.com



သည် ပြိတ္တာများနှင့် ရင်ဆိုင်တွေ့ရသောအခါ တစ်ခုခုဖြင့် ပစ်ပေါက်ခြင်း၊ သို့မဟုတ် နပန်းလုံးခြင်း ပြုလုပ်သော်လည်း ပြိတ္တာတို့သည် မကြောက်မလန့်သဖြင့် လူတို့က "သူရ" "သူရဲ" ဖြစ်လာဟန်တူပါသည်။ (ဤကား စာရေးသူ၏ ထင်မြင်ချက် ဖြစ်၏)

ဤသို့ နိဒါန်းသွယ်၍ တင်ပြလိုက်ခြင်းသည် ဝေလွင် ဖြိုး၏ ဆောင်းပါး၌ သချိုင်းမှ အရိုးတောက်ပြီး "အဖော်လိုက် ခဲ့"ဟု ဆိုကာ အဖော်နှင့် စကားပြောသွားခြင်းသည် မဖြစ်နိုင် ဟု ထင်ပါသည်။ အရက်အချိန်ကြောင့် ထင်ရောင်ထင်မှား ဖြစ်ကာ အဖော်နှင့် စကားပြောလာသည်ဟု စိတ်စွဲခြင်းသာ ဖြစ်ပါသည်။

ဒေါက်တာအုန်းမောင်(စိတ္တဇဆေးရုံ)၏ အရက်သ မားတို့ စိတ်ကယောင်ကတမ်းဖြစ်တတ်ပုံ အကြောင်း စာအုပ် တစ်အုပ်ကို ဖတ်ဖူးပါသည်။

နှစ်ကြာနေသဖြင့် စာအုပ်အမည် မမှတ်မိတော့ပါ။ ယင်းစာအုပ်၌ နှစ်ယောက်မဟုတ်သော်လည်း နှစ်ယော ထင်တတ်ခြင်း၊ မည်သူမှ စကားမပြောသောလည်း မိမိအ တစ်ဦးတစ်ယောက်က စကားပြောသည်ဟု ထင်ခြင်း၊ လူ အဆုံး မိမိအား တစ်စုံတစ်ဦးက သတ်မည်၊ ရိုက်နှက်မည်

မိတ်ဆွေ စာပေ



ထင်တတ်ခြင်း စသည်တို့ဖြစ်ကြောင်း ဆိုထားပါသည်။

လက်တွေ့အားဖြင့်လည်း အချို့အရက်သမားများ သည် အရက်သောက်ထားစဉ် တစ်ခုခုလုပ်ခဲ့သော်လည်း နောက်ပြန်စဉ်းစားသောအခါ သတိမရတတ်ကြပါ။ အချို့အ ရက်သမားများသည် "ငါဘယ်ရောက်နေသလဲ၊ ဘာဖြစ်နေ သလဲ"ဟု အခြားလူကို မေးယူကြရပါသည်။

ဝေလွင်ဖြိုး နာရီဝက်ခရီး၌ လေးနာရီခန့် ကြာရခြင်း သည်လည်း တစ်နေရာရာ၌ လဲနေ၍ဖြစ်စေ၊ လမ်းမှားနေ၍ ဖြစ်စေ ကြာရခြင်းဖြစ်ပါလိမ့်မည်။ မမှတ်မိ မသိခြင်းဖြစ်ပါ သည်။

ဝေလွင်ဖြိုးက အချိန်ကြာခြင်း၊ တစ်ကိုယ်လုံး ရွှံ့ပေ ခြင်းတို့သည် လဲခဲ့၍ ဖြစ်နိုင်ပါသည်။ သချိုင်းကုန်းမှ အရိုးယူ ခဲ့သောကြောင့် ယူဆထားဟန်တူပါသည်။ ထို့ကြောင့်လည်း သူ့ဆောင်းပါးနိဂုံး၌ နှုတ်မဆော့ရန်၊ မလုပ်သင့်သည်ကို မလုပ် ရန် တိုက်တွန်းထားပါသည်။

အချို့ လူအရိုးကို အမျိုးမျိုး အသုံးပြုကြသူတွေလည်း ရှိ၏။ မိမိတို့၏ ဘိုးဘွားမိဘ အရိုးကို တရိုတသေ သိမ်းထား သူများလည်းရှိ၏။ မည်သို့ဖြစ်သည်ဟုမှ မကြားသိရပါ။

အမှန်မှာ အဆိုပါအရိုး၌ မည်သည့်ဝိညာဉ် မည်



www.burmeseclassic.com

သည်စိတ်မှ မရှိပါ။

ဤ၌ အချို့လူများ အစွဲများနေမှုကို အခွင့်ကြုံ၍ တင်ပြလိုပါသည်။ (ဤအကြောင်းတင်ပြရင်း ဝေလွှင်ဖြိုး အရိုးယူမှု ရှင်းသွားပါလိမ့်မည်။)

လူတစ်ဦးသေလျှင် ထိုသူမြှုပ်ရာ သုသာန်၌ သူ့ဝိညာဉ် မှီတွယ်ပါသွားသည်ဟု ထင်နေကြခြင်းပင်ဖြစ်သည်။

လူသေရာ သင်္ချိုင်းတုန်းမှန်လျှင် တစ္ဆေ၊ သရဲခေါ် ပြိတ္တာတို့ကား ရှိပါလိမ့်မည်။ အဆိုပါ တစ္ဆေသရဲခေါ် ပြိတ္တာတို့သည် သင်္ချိုင်းသို့လာရောက် မြှုပ်နှံထားသော လူသေအလောင်းများကို စားသောက်ရလို စားသောက်ရငြား လှည့်လည်သွားလာနေသော ပြိတ္တာများသာ ဖြစ်နိုင်ပါသည်။ (ပြိတ္တာဆယ်နှစ်မျိုးနှင့် တိုက်ဆိုင်ပြန်ကြည့်ပါ။)

သို့သော်လည်း အများက ထင်နေကြသည်မှာ သင်္ချိုင်းကုန်းမှ တစ်စုံတစ်ဦးကို မြင်တွေ့ရလျှင် (ဝါ) အခြောက်ခံရလျှင် ဤသုသာန်မှာ မြှုပ်နှံသူဟု တစ်ထစ်ချ တွက်ဆထားကြခြင်းပင် ဖြစ်သည်။ အသေအချာ မပြောနိုင်ပါ။ ဟုတ်ချင်လည်း ဟုတ်မည်၊ အခြားပြိတ္တာများသာ ဖြစ်နိုင်ပါသည်။ အကြောင်းမှာ သေသွားသူသည် ဤသုသာန်သို့ သူ့ရုပ်အလောင်းမြှုပ်နှံသည်ဟု သိချင်မှသိမည်၊ သိသည်ပင်ထားဦး၊





တစ္ဆေသရဲခေါ် ပြိတ္တာဖြစ်သွားသည်ဟု သေချာပေါက် မပြောပါ။ ဂတိငါးမျိုးတွင် အခြား ငရဲ၊ တိရစ္ဆာန်၊ လူ၊ နတ် စသည်တို့၌လည်း ဖြစ်နိုင်သောကြောင့်ဖြစ်၏။

ဤအထက်ပါကို တင်ပြခြင်းဖြင့် ဝေလွှင်ဖြိုးသင်္ချိုင်းမှ အရိုးယူသွားခြင်းကြောင့် တစ်ခုခုဖြစ်သည်မှာ မဟုတ်ဘဲ၊ အရက်ကြောင့်သာ ဖြစ်ရသည်ထင်ပါကြောင်း ရေးသားလိုက်ရပါသတည်း။

အခြားစာရှုသူ မမှမိတ်ဆွေများလည်း စဉ်းစားဝေဖန်ကြပါတုန်။



www.burmeseclassic.com

www.burmeseclassic.com



တွင် အစာအိမ်ရောဂါကြောင့် သေဆုံးသွား၏။ ဇနီး မလှထွေးနှင့် သားသမီးသုံးယောက်ကျန်ရစ်၏။

ကိုကျော်ညွန့်သည် ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း လှူရေး တန်းရေး၌ နှမြောတွန့်တိုတတ်၏။ ရသမျှငွေကြေး ဥစ္စာများကို မလှူမတန်းဘဲ စုဆောင်း၏။

သားနှစ်ယောက် ရှင်ပြုရန်အရွယ်သို့ ရောက်နေသော်လည်း ရှင်မပြုသေးပေ။ မပြုနိုင်၍မဟုတ်ပါ။ ငွေကုန်မည်စိုးသောကြောင့်သာ ဖြစ်ပါသည်။ တစ်နှစ်တစ်နှစ် ပိုလျှံသောငွေများကို ဘဏ်၌သာ အပ်ထားပါသည်။ သိန်းသုံးဆယ်ကျော်ရှိ ဟူ၏။

လှူရေးတန်းရေး၌ အသာထားဦး၊ မိမိအိမ်၌ ဧည့်သည်လာလျှင်ပင် မကြိုက်ပါ။ လာလျှင်လည်း လက်ဖက်တစ်ရှိုးမျှပင် ဧည့်ဝတ်မပြုတတ်၊ ယုတ်စွအဆုံး နှစ်ဖက်ညီအစ်ကိုမောင်နှမများပင် ကျွေးမွေးပေးကမ်းခြင်း မရှိပါ။

ကိုကျော်ညွန့်၏ မိဘနှစ်ပါးမှာ ကိုကျော်ညွန့်ငယ် စဉ်အတည်းက ဆုံးပါသွားကြသည်။ ဇနီးဘက်ကလည်း အမိသာရှိတော့သည်၊ အဖမရှိတော့ပါ။ ထိုယောက္ခမကိုပင် တစ်နှစ်တစ်ကြိမ် ဝါဝင်မှသာ သွားရောက်တန်တော့သည်ဟု သိရှ၏။



# မကျွေးတတ်၍ မစားထိုက်သလော

(၁)

အိပ်မက်မက်ခြင်း သွေးလေချောက်ချား၍ မက်ခြင်းနှင့် မိမိတို့ တွေ့ကြုံခဲ့သမျှ၊ ကြံစည်တွေးတောသမျှ အာရုံနိမိတ်များကို ပြန်လည် မြင်ယောင်မက်ခြင်တို့သာ များပါ၏။ ရှေ့ပြေးဖြစ်လို၍ မက်ခြင်းနှင့် နတ်တို့က မက်စေခြင်းတို့မှာ မများနိုင်ပါ။

သို့သော အိပ်မက်မက်ခြင်းကို အတည်ယူ၍ အမှားလုပ်နေကြသူတွေကတော့ များလှပါသည်။

(၂)

တိုကျော်ညွန့်သည် အသက်လေးဆယ့်ငါးနှစ်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မစားရက်၊ မသောက်ရက် စုဆောင်းတတ်သော၊ နှမြောတွန့်တိုတတ်သော ကိုကျော်ညွန့်သေသည့်အခါ ပစ္စည်းဥစ္စာများကို စွဲ၍ တစ္ဆေသရဲ(ပြိတ္တာ) ဖြစ်နေသည်ဟု အများက ထင်ကြေးပေးပြောဆိုကြ၏။ ကိုကျော်ညွန့်ဇနီး မလှထွေးကလည်း အများအပြောအတိုင်း ယုံကြည်နေ၏။

ယုံကြည်ထားသည့်အတိုင်းပင် မလှထွေးသည် ကိုကျော်ညွန့် တစ္ဆေသရဲဖြစ်နေကြောင်းကို မကြာခဏ အိပ်မက်မြင်မက်တတ်သည်။ သို့သော်လည်း မည်သူ့ကိုမျှ ပြန်ပြောမပြပေ။

တစ်ညတွင်မူ မလှထွေးသည် အိပ်မက်မက်ပြန်သည်။

ကိုကျော်ညွန့်သည် ကြုံလှီပိန်ခြောက်နေသော ရုပ်သွင်ဖြင့် မလှထွေးထံ ရောက်လာသည်။ "သူသည် ရွာမြောက်ဘက် မန်ကျည်းပင်တွင် အငတ်ငတ်အပြတ်ပြတ်ဖြင့် တစ္ဆေသရဲဖြစ်နေကြောင်း၊ တခြား တစ္ဆေသရဲများကလည်း နှိပ်စက်ကြောင်း" စသည်များကို ပြောသွားလေသည်။

ဤတစ်ကြိမ်တွင်မူ မလှထွေးသည် ဒေါ်စောမိအား ပြောပြသည်။ မလှထွေးနှင့် ဒေါ်စောမိသည် နတ်ကို ယုံကြည်ကိုးကွယ်နေကြသူများ ဖြစ်သည်။





ထို့ကြောင့် အိပ်မက်အတိုင်း ဟုတ်-မဟုတ်သိရန် နတ်ကတော်ထံ သွားမေးကြ၏။

နတ်ကတော်က "မောင်ကျော်ညွန့် တစ္ဆေသရဲဖြစ်နေတာ မှန်ကန်ကြောင်း၊ စားစရာမရှိ ငတ်ပြတ်နေကြောင်း၊ အခြား ဘဝတူများကလည်း နှိပ်စက်ကြောင်း" စသည်များကို ပူးပြီးပြောသလိုလို၊ အကြားအမြင်ရ၍ ပြောသလိုလိုဖြင့် မလှထွေးစကားကို သံယောင်လိုက်နင်းကာ အတည်ပေါက်ပြော၏။

"ဒါဖြင့် ကိုကျော်ညွန့် ဒီဘဝကကျွတ်အောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ" ဟု မလှထွေးက အားကိုးတကြီး မေးသည်။

မလှထွေး၏ ဤအမေးကို ဖြေရန်ကား နတ်က တော်အတွက် စဉ်းစားဖို့ မလိုတော့ပြီ။

"နတ်ပွဲပူဇော်၊ နတ်ပူဇော်ပွဲကျင်းပလိုက်ရင် ကိုကျော်ညွန့် ဒီဘဝက လွတ်မြောက်သွားမှာပါ"

နတ်ကတော်ခိုင်းသည့်အတိုင်း မလှထွေးအိမ်၌ နတ်ပွဲကျင်းပပါသည်။

သို့သော် ကိုကျော်ညွန့် တစ္ဆေသရဲ(ပြိတ္တာ)အမှန်ဖြစ်ခဲ့လျှင်ပင် မလှထွေးပေးသော နတ်ပွဲကြောင့် မကျွတ်မည်တ



www.burmeseclassic.com

www.burmeseclassic.com



သေချာလှ၏။ နတ်ပွဲကြောင့် မလှထွေးမှာ ငွေငါးသိန်းခန့် ချောသွား၏။

ဤငွေဖြင့် သားများကို ရှင်ပြုပေးကာ အမျှဝေသော် . . . ။

(၃)

အိပ်မက်ဟူသည် စွဲလမ်းသောစိတ်ကြောင့်လည်း မက်တတ်ပါသည်။

များသောအားဖြင့် ကျန်ရစ်သူ မိသားစုများက သေသွားသူကို အောက်မေ့ သတိရနေတတ်ကြ၏။ သတိရနေသဖြင့် သေသူကိုစွဲ၍ ထင်ရာမြင်ရာ အိပ်မက်မက်တတ်လေသည်။

ဥပမာ. . . မနီသည် သေသွားသော ခင်ပွန်းဖြစ်သူ မောင်ဖြူအား စွဲလမ်းနေ၏။ ထိုစွဲလမ်းစိတ်သည် သိစိတ်၌ ပျောက်ကွယ်နေသောလည်း မသိစိတ်၌ ပျောက်ကွယ်မသွားပေ၊ သုံးလေးနှစ်အကြာမှာ မနီသည် မောင်ဖြူအား အိပ်မက်မက်၏။

"ညက ကိုဖြူကို အိပ်မက်မက်တယ်။ သူကိုလဲ ငါ သတိမရပါဘူးဟယ်"ဟု မနီက ပြောပေသည်။





ဤ၌ စိတ်ပညာဆရာတို့၏ အလိုအရ အသိစိတ်က မေ့နေသော်လည်း မသိစိတ်က မမေ့သောကြောင့် အိပ်မက်မက်ခြင်း ဖြစ်သည်ဟု ဆိုပါသည်၊ အဘိဓမ္မာသဘောအရ ဘဝင်စိတ်သည် အိပ်မက်၌ စွဲလမ်းရာအာရုံကို ကျက်စားသည်ဟု ဆိုရပေမည်။

မလှထွေး အိပ်မက်မက်ခြင်းမှာလည်း သူ့ခင်ပွန်း ကိုကျော်ညွန့်အား စွဲလမ်းစိတ်ဖြင့် မသိစိတ်က အာရုံ၌ အိပ်မက်အသွင် ပေါ်လာခြင်း ဖြစ်ပေလိမ့်မည်။ ကိုကျော်ညွန့်ကိုယ်တိုင်က ရွှက်ဖြောက်ဘက် မန်ကျည်းပင်၌ တစ္ဆေဖြစ်၍ လာရောက်အိပ်မက်ပေးခြင်း ဖြစ်သည်ဟု အတိအကျ မဆိုနိုင်ပါ။

စင်စစ် သေသူအား အိပ်မက်မက်လျှင် လုံးဝအစွဲမထားသင့်ပါ။ ဗေဒင်လည်း မမေးပါနှင့်၊ နတ်လည်းမမေးပါနှင့်၊ ဘိုးတော် ဘွားတော်များကိုလည်း အားမကိုးပါနှင့်၊ အိပ်မက်အတိုင်း မက်သလို မမှန်နိုင်ပါ။ အိပ်မက်သည် စွဲလမ်းလေလေ မက်တတ်လေလေ ဖြစ်ပါသည်။

တစ္ဆေခြောက်သူတစ်ဦးအား ညအိပ်ရာဝင်ခါနီး၌ တစ္ဆေအကြောင်း ပြောကြည့်ပါ။ ထိုညတွင် တစ္ဆေသရဲများက သူ့အား လိုက်လံခြောက်လှန့်ကြောင်း အိပ်မက်မည်မှာ



www.burmeseclassic.com

www.burmeseclassic.com



သေချာပေါက်ဖြစ်သည်။

(၄)

သေသွားသူတစ်ဦးဦး တစ္ဆေသရဲ(ပြိတ္တာ) ဖြစ်ခဲ့သော် ကျန်ရစ်သူတို့က နတ်ပွဲကျွေးပပေးခြင်းကြောင့် ပြိတ္တာဘဝမှ ကျွတ်လွတ်မည် မဟုတ်ပါ။

တစ္ဆေသရဲအား "ရော့. . . အင့်. . . စား. ." ဟူ၍ ပြောပြီး အမဲသား ဝက်သားတို့ဖြင့် ခေါ်စာပစ်သော်လည်း စားရမည် မဟုတ်ပါ။

သေသွားသူ ပြိတ္တာဘဝ ရောက်သွား၍ မိမိက ကျွေးကျွေးချင်သဖြင့် ခေါ်သော်လည်း ခေါ်တိုင်းမလာနိုင်ပါ။

အကယ်၍ ဒသေသွားသူသည် ပြိတ္တာဖြစ်ကြောင်း သိရှိပါက မြတ်စွာဘုရား အမှူးရှိသည့် သံဃာတော်များကို ဆွမ်း၊ သင်္ကန်း စသည်များ ဆက်ကပ်ပြီးသာ အမျှဝေပါ။ ကျွတ်ထိုက်လျှင် ကျွတ်ပါလိမ့်မည်။

ကျွတ်ထိုက်သော စကားနှင့် ပတ်သက်၍ ပြောလိုပါသေးသည်။

အချို့က ပြိတ္တာဖြစ်နေသူများအတွက် လှူဒါန်း အမျှဝေလျှင် ပြိတ္တာက သာဓုခေါ်သော် ကျွတ်သွားမည်ဟု တထစ်





ချ ယုံကြည်ထားကြ၏။ ကျွတ်ထိုက်မှ ကျွတ်ပါသည်။ မကျွတ်ထိုက်က မကျွတ်ပါ။

သာဓုခေါ်ရသဖြင့် ကောင်းကောင်းမွန်မွန် စားသောက် နေထိုင်ရသော်လည်း ခံရမည့်ကံ မကုန်သေးတ ပြိတ္တာဘဝသာ နေရပါမည်။ မကျွတ်ပါ။

သာဓုခေါ်ဆိုရာ၌လည်း ပြိတ္တာလေးမျိုး၊ သို့မဟုတ် တစ်ဆယ့်နှစ်မျိုး ရှိရာတွင် ပရဒတ္တူပဇီဝိတ ပြိတ္တာတစ်မျိုးသာ သာဓုခေါ်လျှင် စားသောက် ဝတ်ရပါသည်။ ကျန်ပြိတ္တာများကား သူတို့အား ရည်စူး၍ အမျှပေးဝေသော်လည်း သာဓုမခေါ်နိုင်၊ သူတို့အား ရည်စူး၍ အမျှဝေကြောင်း သိလည်း သိမည် မဟုတ်ပါ။

ဤသို့ဆိုသော် သေလျှင် သေသူအားရည်းစူး၍ ဘာကြောင့် လုပ်နေကြသနည်းဟု မေးနိုင်၏။ ရေစက်ချတွင် သေချာ ပါရှိပါသည်။

"ဝတိမှောက်များ၌ ပြိတ္တာဘဝ ဘုံဌာနသို့ ရောက်သွားသည်ရှိသော်" စကားပင် ဖြစ်သည်။ ပြိတ္တာဖြစ်လျှင်လည်း ပရဒတ္တူပဇီဝိတ ပြိတ္တာဖြစ်သွားမှသာ သာဓုခေါ်၍ အကျိုးခံစားနိုင်ပါသည်။

တစ်နည်းမှာ သေသူ ကုသိုလ်အကျိုး မခံစားရသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျန်ရစ်သူများမှာ ထိုသေသူအား အကြောင်းပြု လှူဒါန်းရသော ကောင်းမှုကြောင့် ကုသိုလ်အကျိုးရပါသည်။

အချို့သူတို့သည် မိဘများ မသေခင် မိဘများအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှု ပြုမပေးကြပါ။ သေသွားမှ အမေ့အတွက်၊ အဖေ့အတွက် ရည်စူး၍ ကောင်းမှုပြုတတ်ကြပါသည်။ ထိုသို့ပြုခြင်းသည် သေသူ ရမည်၊ မရမည်မှာ မသေချာပါ။

အဌကထာဆရာက "ရေထဲ ခဲပစ်သလို ငါးကို ထိချင်လည်း ထိမည်၊ မထိချင်လည်း မထိနိုင်"ဟု ဆိုပါသည်။

ဤ၌ အလျဉ်းသင့်၍ တင်ပြချင်ပါသေးသည်။ အချို့ ငွေကြေးဥစ္စာရှိကြသော သားသမီးတို့သည် မိဘရှိစဉ်က သိပ်ဂရုမစိုက်ကြ။ သေသွားမှ သူတို့၏ ဂုဏ်သိက္ခာကို ထောက်၍ သို့မဟုတ်၊ ဂုဏ်ပကာသနကို ငဲ့၍ မိဘများကို နောက်ဆုံး ပူဇော်ကန်တော့သောအားဖြင့် ခမည်းတော်ပျံ၊ မယ်တော်ပျံဟု ပြုလုပ်ပြီး ဆိုင်းဝိုင်း၊ အငြိမ့်၊ ဇာတ် စသည်တို့ဖြင့် မြိမ့်မြိမ့်သဲ ကျင်းပကြသည်ကို တွေ့ရ၏။ အကျိုးမရှိနိုင်ပါ။ အကျိုးဆုတ်ယုတ်ဖွယ်ရာသာ ရှိပါသည်။





(၅)

ကိုကျော်ညွန့်သည် မစားရက် မသောက်ရက် မလှူရက် စုခဲ့သည့်ငွေများကို ကျောခိုင်းကာ တမလွန်သို့ လားခဲ့ရလေသည်။ သူလားရာ တမလွန်အရပ်ကို မည်သူ တပ်အပ်သိနိုင်ချေအံ့နည်း။

ကျန်ရစ်သူ ဇနီးသည် အလှထွေးကမူ သူ့အိပ်မက်ကို နတ်ကတော် အတည်ပြုချက်ဖြင့် ကိုကျော်ညွန့် တစ္ဆေသရဲဖြစ်သည်ဟု မှတ်ယူခဲ့လေသည်။ ကိုကျော်ညွန့် စုထားခဲ့သည့် ငွေများဖြင့် ကိုကျော်ညွန့်ကို ရည်စူးပြီး နတ်ပွဲကြီးကခဲ့လေသည်။

အကယ်၍များ ကိုကျော်ညွန့်သည် တမလွန်က သာဓုခေါ်ရန် တကယ်စောင့်နေခဲ့သူ ဖြစ်ခဲ့လေသော်. . .။

ကိုကျော်ညွန့်သည် ငွေကြေးချမ်းသာသူကား ဖြစ်ပါ၏။ သို့သော် ယခုဘဝမှာလည်း မစားရက်၍ ငတ်ခဲ့သည်၊ တမလွန်ဘဝမှာလည်း ကျန်ရစ်သည့်ဇနီးသည်က အကျွေးမတတ်သဖြင့် ငတ်ပေဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

# ထေရဝါဒနှင့် စွန်း နတ်ဗေဒင်

မြို့နယ်တစ်ခုတွင် လူငယ်များက ထေရဝါဒပြန့်ပွားရေးအသင်းဖွဲ့၍ တရားပွဲများ ကျင်းပ ပြုလုပ်ကြ၏။ လာရောက်တရားဟောကြသော ဓမ္မကထိကများကလည်း ထေရဝါဒနှင့် ဆန့်ကျင်သော ဘိုးတော် ဝိဇ္ဇာဗေဒင်နတ် စသည်တို့ကို ရှင်းလင်းဟောကြားကြ၏။

သို့ရာတွင် မြို့ခံဆရာတော်တစ်ပါးက "ထေရဝါဒ ထေရဝါဒနှင့်ပြောကြ လုပ်ကြတယ်၊ တို့ကတော့ ဒါယိကာမများကို ပြောကြားသည်ဆို၏။

ထို့ပြင် သူတို့က (ဓမ္မကထိက များကို ဆိုလိုသည်) ၃၇ မင်း မကိုးကွယ်ရဘူး၊ ထေရဝါဒနှင့် ဆန့်ကျင်တယ်လို့ တွင်တွင်ဟောနေပေမယ့် အဲဒီနတ်တွေ အကိုင်ခံရ အပြုစား





ခံရရင် သူတို့ခံရမှာ မဟုတ်ဘူး၊ ဒကာ ဒကာမတွေပဲ ခံရမှာ ဟု ပြောသည်ဆို၏။ အထက်ပါဆရာတော်၏ စကားကိုကြားရသောအားဖြင့် လူတွေ စွဲနေသည်ပင် အသာထားဦး၊ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ထိုကိုယ်တော်အား စွဲခဲ့သော ၃၇ မင်းကား ရင်ထဲမှ ဆွဲချွတ်ရန် မလွယ်ကူပေ။

ခက်နေသည်မှာ ရဟန်းလောက၌ပင် စုန်း နတ်ကဝေ ဗေဒင်စသည်တို့က နေရာယူနေကြ၏။ (အချို့ဘုန်းကြီးတွေကိုယ်တိုင် ပယောဂ ဆရာ၊ ဗေဒင်ဆရာဖြစ်နေကြ၏)

တောရကျောင်းတစ်ကျောင်းတွင် ပဋ္ဌာန်းရွတ်ရန်အတွက် နေ့ရက် ရွေးခြင်း၊ ပဋ္ဌာန်းရွတ်ရန် နေရာ ဆောက်ရာတွင် အချိန်နာရီစောင့်၍ ပန္နက်ရိုက်ခြင်း စသည်ပြုလုပ်ကြောင်း သိရ၏။

အခြားကျောင်းတစ်ကျောင်းမှ ဘုန်းကြီးတစ်ပါးသည် စုန်းပြုစားထား၍ နတ်ကတော်ခေါ်၍မေးပြီး စုန်းစာကျွေးသည်ဆို၏။

အခြားကိုယ်တော်တစ်ပါးကမူ ဤကျောင်းထိုင်ကတည်းက မကြာခဏဖျားနာနေသည်ဆို၏။ ထိုအခါ ဗေဒင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကို ခေါ်၍မေး၏။ ကျောင်းလှေကားကို ပြန်လှည့်တပ်ဆင်ပါဟု ပြောသည်ဆို၏။

ထို့ကြောင့် အစဉ်အဆက်က တပ်ဆင်ထားခဲ့သော လှေကားကိုပြောင်းရွှေ့တပ်ဆင်လိုက်ပါသတဲ့။ ထိုအခါမှ နေကောင်းသွားသည်ဆို၏။ ဤကား စိတ်ကြောင့် ဥပါဒါန်ဖြစ်၍သာ ဥပဒ်ရောက်ခြင်းဖြစ်၏။

အခြားကိုယ်တော်လေးတစ်ပါးမှာ ဓမ္မကထိကဖြစ်ခါစရှိသေး၏။ ထိုကိုယ်တော်လေးသည် ရှေးဦးစွာ ပလ္လင်ပေါ်တက်ပြီးနောက်ရက်တွင် ဝမ်းလျှောသည်ဆို၏။ ထိုသို့ ဖြစ်ခြင်းသည် ရိုးရိုးမဟုတ်၊ ပယောဂဟု ဆိုကာ ပယောဂဆရာကို ခေါ်မေး၏။

ထိုအခါ ပယောဂဆရာသည် မိန်းမတစ်တစ်ဦးအား (ပြုစားထားသောမိန်းမကို) ဝင်ပူးစေသည်။ ဘာကြောင့်ပြုစားသနည်းဟု မေးကြည့်သော် ဤကိုယ်တော်လေးပလ္လင်ပေါ်မတက်စေလို ပြုစားသည်ဟု ဆို၏။

အခြားကိုယ်တော်တစ်ပါးမှာ အစာထဲတွင် ဆံချည်ထွေးတွေ ကျွေးထား၍ ပယောဂဆရာက သူ့နည်းဖြင့် ထုတ်ယူပေးရသည်ဆို၏။

အထက်ပါတို့ကိုကြည့်ပါ ထေရဝါဒ ဆိုသော ရဟန်း





တော်များထံဝယ် စုန်း၊ နတ်၊ ပယောဂ ဗေဒင်ဆရာတို့ အဘယ်မျှ စိုးမိုးနေပါသနည်း။

အထက်ပါတို့ကား စာရေးသူလက်လှမ်းမီသလောက်သာ တက်ပြခြင်းဖြစ်၏။ စာရေးသူမသိသော လက်လှမ်းမမီသော ဖြစ်ရပ်တွေကား များစွာရှိမည်ဖြစ်၏။

အချို့က ဆင်ခြေပေးကြလေ့ရှိ၏၊ ရိုးမှိုသာမန် ပုထုဇဉ်ရဟန်းမဆိုထားနှင့် အရှင်မဟာမောဂ္ဂလာန် ကိုတော်မြတ်ကြီးပင် မာရ်နတ်က ဝမ်းထဲဝင်၍ နှောင့်ယှက်ခံရကြောင်းပင်ဖြစ်၏။

မှန်ပါသည်။ ထိုကဲ့သို့ဖြစ်ခြင်းသည် ရှားပါးလှ၏။ ယခုခေတ်၌ ဘာမဆို ထစ်ခနဲဆို စုန်း၊ နတ်၊ ထစ်ခနဲဆို စုန်း၊ နတ် စသည်တို့အပေါ် ယုံကြည်လွန်း၍ ပြောနေကြခြင်းဖြစ်၏။

နေရာတကာမှ စုန်း နတ်၊ တစေ ပယောဂတို့က ရှေ့တန်းရောက်နေကြ၏။ ထို့ကြောင့် အချို့ရောဂါရှင်များ မသေသင့်တဲ့ သေကြရသည်လည်း ရှိသေး၏။

သာဓကတွေများစွာရှိသော်လည်း ထုတ်မပြတော့ပါ။ ဆေးရုံသွားသင့်ပါလျက် ဆေးရုံမသွားသဖြင့် နတ်လုပ်၍ လိုလို စုန်းပြုစား၍လိုလိုဖြင့် သေရသူပေါင်းကား မနည်းလှတော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။

ထို့ကြောင့် အရာရာတိုင်း စဉ်းစားနှိုင်းချိန်သင့်ကြပါသည်။ သူ့ခေတ်နှင့် သူ့အခါသည် ရှိကောင်းရှိပါလိမ့်မည် (သေချာရှိလိမ့်မည်ဟု မဆိုလိုပါ)

သို့သော်လည်း ခေတ်တွေ စနစ်တွေ အမျိုးမျိုး ပြောင်းလဲနေပါပြီ။ ဘယ်အရာမှ တည်မြဲနေမည်မဟုတ်ပါ။ ယခင်က အင်းအတတ်၊ ဆေးအတတ် စသည်ဖြင့် ကောင်းကင်သို့ ပျံတက်နိုင်ကြကြောင်း ဇာတကတွေမှာ ထင်းရှားရှိသည့် အတိုင်း ယခုခေတ်၌ကား ထိုအတတ်များ ပျောက်ကွယ်နေပြီဟု ထင်မိ၏။

ထို့အတူ ယခင်က စုန်း၊ နတ်၊ ပယောဂ စသည်တို့ ရှိမည်ဖြစ်သော်လည်း ယခုခေတ်၌ကား ရှိမည်မထင်တော့ပါ။

ယခု ၃၇မင်းခေါ် နတ်တု အများသမုတ်ထားကြသော ပြိတ္တာအနွယ်ဝင်များလည်း ရှိကောင်းရှိပါလိမ့်မည်။ ရှိသည့်တိုင် နေရာအနှံ့အပြား သွားရောက်နိုင်မည် မဟုတ်ဟု ထင်မိ၏။

မည်သည့်အရာမဆို "လှေနံဓားထစ်" မှတ်ထား၍ မရပါ။ အရာရာတိုင်း ပြောင်းလဲနေခြင်းဖြစ်ပါသည်။ တစ်သမတ်တည်းတား လုံးဝ မရှိနိုင်ပေ။





အထူးသဖြင့် "သိုက်ကလာသည်" ဆိုသော စကားမှာ အလွန်ခေတ်စားလျက် ရှိ၏။ သိုက်ဆိုသည်မှာ အဘယ်ပါနည်း။ ဥစ္စာစောင့်ခေါ် ပြိတ္တာတွေကို ခေါ်ခြင်းဖြစ်၏။ အချို့ ပြိတ္တာများသည် လူ့ဘဝက တစ်ဝက်ကောင်း တစ်ဝက်ဆိုးခဲ့သဖြင့်(နေ့စံ-ညခံ -ညစံ-နေ့ခံ)ဆိုသော ပြိတ္တာများဖြစ်ကြရ၏။

ထေရဝါဒတရားဟောအရ သိုက်ကလာသည်၊ သိုက်သို့ပြန်သွားသည်ဆိုခြင်းမှာ သူတို့ယုတ္တိမရှိပါ။ ပြိတ္တာဘဝမှ လူ့ဘဝသို့ သူတို့ ကုသိုလ်ကံ မကုန်မချင်း မလာနိုင်သလို လူ့ဘဝလည်း ပြိတ္တာဘုံ(သိုက်)သို့ သွားချင်တိုင်း သွားမရ။ ကံအားလျော်စွာ ဂတိငါးပါးသို့ ရောက်ရမည်ဖြစ်ပါသည်။

ယခုအခါ အချို့မြို့နယ်များတွင် ထေရဝါဒ ပြန့်ပွားရေးအသင်းအဖွဲ့များ၌ ထေရဝါဒလမ်းကြောင်းပေါ် ရောက်ရန် ဓမ္မကထိကများကို ပင့်၍ ဟောပြောစေခြင်းသည် မှန်ကန်သော လုပ်ရပ်များသာဖြစ်၏။ အချို့မှာ ထေရဝါဒဆိုပြီး ယောင်ဝါးဝါးတွေဖြစ်နေကြပါသည်။

အချုပ်အားဖြင့် စုန်း၊ နတ်၊ ကဝေ ဗေဒင် ယတြာ စသည်ယုံကြည်ခြင်းနှင့် ထေရဝါဒသည် လုံးဝ မပတ်သက်ပါ။ ပတ်သက်နေသော အချို့ဘုန်းကြီးများရှိခဲ့သော် မိမိတို့၏



www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒဘုရားဟော ဒေသနာတော်များကို နှစ်နှစ်ကာကာ မယုံကြည်သေး၍သာဖြစ်ကြောင်း ပြောရတော့မည်ဖြစ်၏။

အကြောင်းကား စုန်း၊ နတ် စသည်ဖမ်းသည်ဆိုစေဦး ထေရဝါဒနှင့်အညီ ပရိတ်ရွတ်ဖတ်ခြင်း၊ ကမ္မဝါစာရွက်ဖတ်ခြင်းပြုနိုင်ပါသည်။ ပရိတ်ရွတ်နည်းအကျယ်သိလိုက (အရှင်ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် ပဉ္စမတွဲ၊ ဗုဒ္ဓရတနာ၊ အာဋာနာဋိယသုတ် ဟောတော်မူခြင်း)ကို ကြည့်ရှု၍လုပ်နိုင်ပါကြောင်း တင်ပြအပ်ပါသတည်း။



# ယမမင်းနှင့် တွေ့ဆုံပါသလော

၂၀၀၆-ခုနှစ်၊ ဧပြီလထုတ် ဓမ္မရံသီမဂ္ဂဇင်း၌ ဦးသန်းစိုး(ချောင်းနက်)၏" ယမမင်းနှင့်တွေ့ဆုံခြင်း"ဆောင်းပါးတစ်ပုဒ် ပါရှိလာပါသည်။ ယင်းဆောင်းပါးနှင့်ပတ်သက်၍ ပို့နိုင်ကြောင်း ဆိုသဖြင့် ကျွန်တော်၏ ထင်မြင်ချက်ကို တင်ပြလိုက်ရပါသည်။

လောက၌ တစ္ဆေသူရဲစသော ပြိတ္တာအနွယ်ဝင် နာနာဘာဝ ဝိနာဘာဝများ ရှိကြမည်မှာ မလွဲပါ။ သို့သော်လည်း ဓရလောကသား၊ နာမ်လောကသားဟု မခေါ်ဆိုနိုင်ပါ။ သတ္တဝါတို့၌ ဂတိငါးမျိုးသာ ရှိပါသည်။ ယင်းဂတိငါးမျိုးမှ လွဲ၍ အခြားမရှိပေ။ ဂတိငါးမျိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



၁။ ဒေဝဂတိ- နတ်ဘုံ(ဗြဟ္မာလည်းပါ၏)

၂။ မနုဿဂတိ- လူ့ဘုံ

၃။ တိရစ္ဆာနဂတိ-တိရစ္ဆာန်ဘုံ

၄။ ပေတဂတိ-ပြိတ္တာဘုံ(အသူရကာယ်လည်းပါ၏)

၅။ နိရယဂတိ- ငရဲဘုံတို့ ဖြစ်ကြပါသည်။

ယနေ့လူအများခေါ်နေကြသော ပရလောက နာမ်လောကဆိုသည်မှာလည်း တွဲနေပါသည်။ (အရူပလေးဘုံ၌ နာမ်သာရှိ၏။ အသညသတ်ဘုံ၌ ရုပ်သာရှိ၏။ ဤဘုံများမှ လွဲလျှင် အခြားဘုံများမှာ ရုပ်ရော နာမ်ရော ရှိသည်ဟုလို)

တစ်ခါတစ်ရံ၌ အချို့ပြိတ္တာတို့၏ ကိုယ်ကောင်အတ္တဘောကြီးကို မမြင်ရဘဲ ပြောသံဆိုသံများကိုသာ ကြားရတတ်၍ နာမ်သာရှိသည်ဟု ထင်နေကြခြင်းဖြစ်တန်ရာ၏။ ဤသို့ ပြောသံဆိုသံသည်ပင် နာမ်မဟုတ်ပါ။ အသံသည်လည်း ရုပ်သာဖြစ်ပါသည်။ သို့သော်လည်း ယနေ့ခေတ်ကား ပရလောကနာမ်လောကဟု မှားယွင်းသုံးနှုန်းနေကြသည်။

လူနှင့် တိရစ္ဆာန်မှအပ ပြိတ္တာ-နတ်-စသော ဘုံသားတို့၏ အတ္တဘောကိုယ်များကို လူသာမန်တို့ ပကတိမျက်စိဖြင့် မြင်ရန် မလွယ်ပေ။ ထို့ကြောင့် ပရလောက နာမ်လောကဟု သုံးနှုန်းခေါ်ဆိုနေကြဟန်တူပါသည်။ သို့သော်လည်း





ထေရဝါဒမူနှင့် ကိုက်ညီမှုမရှိပါ။

ဤ၌ ဦးသန်းစိုး၏ ဆောင်းပါးပါ ဒေါ်မြတင်၏ ပြောစကားသည် မဟုတ်မမှန်ကြောင်း ဆိုလိုသည်မဟုတ်ပါ။ သူမ သတိမေ့မြောနေစဉ်ဝယ် တကယ်တွေ့ကြုံခံစားရသည်တို့ကို ရိုးသားစွာပြောသည်ဟု လက်ခံပါသည်။

သို့သော် ဒေါ်မြတင်သာ မဟုတ်ပါ။ အခြားသူများလည်း ဒေါ်မြတင်မေ့မြောနေလျှင် အဆိုပါအတွေ့အကြုံများ တွေ့ရတတ်ပါသည်။ ယင်းသို့ တွေ့ကြုံရသူများကို အများက“ သေရွာပြန်များ”ဟု သတ်မှတ်တတ်ကြသည်။ မဂ္ဂဇင်းအချို့၌လည်း သေရွာပြန်ဆိုသူများအကြောင်း ရေးနေကြသည်။ လုံးချင်းစာအုပ်များလည်း ထုတ်ဝေနေကြသည်မဟုတ်လော။

စင်စစ် သေရွာပြန်မှု၌ လုံးဝ မရှိနိုင်ပါ။ သေပြီးက အသက်ပြန်လည်ရှင်ရိုး မရှိပါ။(ဤ၌ကျားသေကို အသက်သွင်းသော ဇာတကဖြင့် စေဒကတက်နိုင်သော်လည်း ထိုတိစ္ဆမျိုးကား တစ်ခါတစ်ရံဖြစ်ခြင်းမျိုးသာတည်း။)

တစ်ဖန် ဒေဝဒူတသုတ်၌ ငရဲရောက်လာသူအား သူအိုမတွေ့ခဲ့သလော. . .၊ သူနာမတွေ့ခဲ့သလော. . . စသည်ဖြင့် ယမမင်းကြီးက စစ်ဆေးမေးမြန်းကြောင်း ရှိသည်မဟုတ်လောဟု ဆိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မေးခြင်းသည် ငရဲရောက်လာသူတိုင်းကို မေးခြင်းမဟုတ်။ အပြစ်မထင်ရှားလျှင် ချက်ချင်း ငရဲခံစားရပါသည်။ အပြစ်မထင်ရှားလျှင်သာ စစ်ဆေးမေးမြန်းခြင်းဖြစ်သည်။ (ငရဲသို့ရောက်လာသူများလည်း သေပြီးမှ ရောက်လာကြခြင်း ဖြစ်သည်။)

(ဤ၌ ရေဝတီနှင့် ဆင်ခြေမပေးပါနှင့်၊ ဤကိစ္စမျိုး တစ်ခါတစ်ရံသာ ဖြစ်ကြောင်း ဆိုခဲ့ပြီ။) ထိုသို့ စစ်ဆေးပြီး ကံအားလျော်စွာ သုဂတိဘုံပြန်ရောက်သည်။ (ကံအားလျော်စွာကို သတိပြုပါ။)

လူသေသည်ဆိုသည်မှာ (အာယုဥသ္မာ စဝိညာဏံ) ဟူသော ဒေသနာအတိုင်း အသက်၊ အပူငွေ့၊ ဝိညာဉ်တို့ မရှိခြင်းဖြစ်သည်။ ထို့ကြောင့် သေ- မသေကို လူ၏လက်ခြေများအေးစက်နေသလော. . . ၊ အပူငွေ့ရှိသေးသလော. . . ဟု စမ်းကြည့်တတ်ကြလေသည်။ အပူငွေ့ရှိနေလျှင် မေ့မြောနေသော်လည်း အသက်မသေသေးပေ။

မသေသေးသောကြောင့်လည်း သတိမေ့နေစဉ် အိပ်မက်မက်သလို အာရုံများ ပေါ်လာတတ်ပါသည်။ ငရဲပြည်သို့ ရောက်သွားခြင်း၊ ငရဲသား-ငရဲထိန်း စသည်တို့နှင့် တွေ့ခြင်းတို့သည် ဂတိနိမိတ်များ ထင်လာခြင်းသာ ဖြစ်ဖွယ်ရှိပါသည်။





တကယ်တွေ့သည်ဟု မဆိုနိုင်ပါ။

ထင်ရှားအောင် ပြောပြပါဦးမည်။ လူတိုင်းသတိမေ့ ဖူးကြမည် မဟုတ်သော်လည်း အိပ်မက်ကား မက်ဖူးကြပါလိမ့်မည်။ ယင်းသို့မက်သော် အိပ်မက်ကောင်းဆိုးများ ကြုံတွေ့ရပါမည်။ အကောင်းများမက်သော် ဝမ်းသာပီတိဖြစ်ရ၏။ အဆိုးများမက်သော် (ဝါ) ဘီလူးစသော ကြောက်မက်ဖွယ် အကောင်များက လိုက်၍ ပြေးရသည်ဟု မက်သော် မောလည်းမော ဖောချွေးလည်းပြန်နေတတ်ပါသည်။ အချို့လန့်ပြီး အော်ပင်အော်ကြသည်။

သတိမေ့မြောနေသူတို့ တကယ် ငရဲပြည်ရောက်သွားသလို ခံစားရခြင်းမျိုးမှာလည်း ဤသို့ အိပ်မက်မက်၍ တွေ့ကြုံခံစားရသလိုမျိုးသာ ဖြစ်နိုင်ပါသည်။ ထိုသို့ ဘာကြောင့်ဖြစ်ရသနည်းဟု မေးဖွယ်ရှိ၏။ အထက်ကပြောခဲ့သလို ဂတိနိမိတ်ထင်ခြင်းလည်း ဖြစ်နိုင်၏။

တစ်နည်းလည်း စာပေများ၌ ငရဲသား၊ ပြိတ္တာ၊ အသူရကာယ်တို့၏ စက်ဆုပ်၊ ရွံရှာ၊ ကြောက်စရာများကို ဖော်ပြခဲ့ကြ၏။ ပန်းချီဆရာတို့က ပုံရိပ်ဖော်ရေးသားကြသည်။ ရုပ်ရှင်-ဇာတ်သဘင်တို့၌လည်း ငရဲသား၊ ပြိတ္တာဘုံသားတို့၏ ပုံဖော်၍ ချိုကားယား၊ ဆံပင်ဖားလျား စသည်ဝတ်စားကာ



www.burmeseclassic.com

www.burmeseclassic.com



တပြသရုပ်ဆောင်ကြသည်။ ထိုပုံရိပ် ကြောက်စရာသွင်ပြင်များကို မြန်မာတိုင်းရင်းသားများ ရင်းနှီးနေကြသည်။ ထို့ကြောင့် အိပ်မက်၌ဖြစ်စေ၊ မေ့မြောနေစဉ်ဖြစ်စေ မိမိတို့တွေ့ကြုံခဲ့ဖူးသော ပုံရိပ်များ ပေါ်လာခြင်းသာဖြစ်နိုင်ပါသည်။

ထို့ကြောင့် သေရွာပြန်ဆိုသူနှင့် ဦးသန်းစိုး ဆောင်းပါးပါ ဒေါ်မြတင်တို့သည်လည်း ငရဲသို့ ရောက်သွားခြင်း မဟုတ်ပါ။ အထူးသဖြင့် ဆောင်းပါးပါ ဒေါ်မြတင်တွေ့ခဲ့ရသော သချိုင်းကုန်းမှ အဆောက်အဦး အခန်းကျယ်ကြီး၊ အခန်းထိပ်မှာ စားပွဲရှည်ဖြင့် လူဝဝကြီးတစ်ယောက် ထိုင်နေပုံတို့ကို တွေ့ခြင်း၊ ထိုလူဝဝကြီးက မေးမြန်းခြင်း စသည်တို့သည်လည်း တကယ်မဟုတ်။ အိပ်မက်မက်သလိုသာ အာရုံများ ပေါ်လာနေခြင်းဖြစ်ပါလိမ့်မည်။ (ဒေါ်မြတင် ဥတုဇရုပ် မလှုပ်မယှက် ဖြစ်နေသည်ကို မှန်းကြည့်ပါ။)

ထိုသို့ဆိုသော် ဒေါ်မြတင် ခင်ပွန်း ဦးဘရင်သည် လူဝကြီးက မှာလိုက်သေးတယ်၊ နင်ပြန်တော့၊ မကြာမီ နင့်ယောက်ျားကို ခေါ်လိုက်မယ်၊ နင်မသေချင်နဲ့ဦး”ဟု ဒေါ်မြတင် ပြန်ပြောပြသလို ခုနစ်ရက်အတွင်း ပိုးထိသေဆုံးသည်ကို မည်သို့ပြောမည်နည်းဟု မေးနိုင်၏။

ဤဦးဘရင် သေဆုံးသွားခြင်းသည်လည်း တိုက်ဆိုင်ခြင်းသာ ဖြစ်ပါလိမ့်မည်။

သမထများများလုပ်ထားသူ အချို့နှင့် အနောက်တိုင်း စိတ်ပညာရှင်အချို့ စသူတို့သည် တစ်ခါတစ်ရံ မည်သူက မည်သည့်အန္တရာယ်နှင့် တွေ့ကြုံမည်၊ မည်သည့် ဥပစ္ဆေဒကံဖြင့် သေဆုံးမည် စသည်များကို ထိုသူတို့၏ အာရုံ၌ ပေါ်ပေါက်သည့်အတိုင်း ပြောတတ်ပါသည်။ မှန်သည့်အခါလည်း မှန်သည်၊ မမှန်သည့်အခါလည်း ရှိသည်။ ယခုဒေါ်မြတင်ကြုံတွေ့ရ၍ ပြောကြသူများမှာလည်း မှန်သောအခါမှန်သည်၊ မှားသောအခါမှားကြပါသည်။

ပုံသေဖြစ်မည်ဟု မဆိုနိုင်ပါ။ ပရမတ္ထသစ္စာတရားများ မဟုတ်သောကြောင့် တိတိကျကျ ယူဆထား၍ မရပါ။ (လောကသစ္စာန သစ္စာ) ဆိုသကဲ့သို့ လောကဖြစ်စဉ်တို့သည် တစ်ခါတစ်ရံမှန်သည်လည်းရှိနိုင်၏။ တစ်ခါတစ်ရံ မှားသည်လည်းရှိနိုင်၏။၏

အချုပ်ကား “အဲဒီသုသာန်မှာ အခြားအဆောက်အအုံတွေ ရှိသေးတယ်၊ တို့ဆီက နွားတင်းကုပ်ကြီးတွေလိုပဲ” ဆိုသည်များ၊ လူဝဝကြီး၊ မိန်းမကြီးနှစ်ဦး စသည်ဖြင့် ဒေါ်မြတင် တွေ့-ဆုံ-မြင်-ကြား-ခံစားရခြင်းများသည် တကယ်ငရဲပြည်လည်း မရောက်၊ တကယ်ယမမင်းနှင့် တွေ့ဆုံခဲ့ရခြင်း







www.burmeseclassic.com

www.burmeseclassic.com



မေ့မြောနေစဉ် ဂတိနိမိတ်ထင်ခြင်းနှင့် အိပ်မက်မက်သလို အာရုံပုံရိပ်များ ပေါ်ပေါက်လာခြင်းသာ ဖြစ်နိုင်ပါသတည်း။



## မေ့မြောနေချိန်မှာ

မဂ္ဂဇင်းကဏ္ဍာ စကားဝိုင်းတစ်ခုတွင် အောက်ပါပုစ္ဆာ တစ်ရပ် မေးခွန်းထုတ်လာဖါသည်။

ယခုအခါ ဆေးပညာသည် အလွန်တိုးတက်နေ၏။ လူအများကို မေ့ဆေးဖြင့် သုံးနာရီ မေ့အောင်ပြု၍ ဆရာဝန်များက ခွဲစိတ်ကုသကြ၏။ ထိုကဲ့သို့ခွဲစိတ်နေခိုက် လူနာ၏ စိတ်သည် ဘယ်ရောက်နေပါသနည်း-ဟူသော အမေးပုစ္ဆာ ပြဿနာဖြစ်ပါသည်။

အမေးပုစ္ဆာပြဿနာသည် သာမန်လူတို့ဖြေဆိုခြင်းငှာ မတတ်နိုင်ပါ။ တကယ် ပညာပါရမီထူးချွန်သည့် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးများသာ ဖြေဆိုနိုင်မည့် အမေးပုစ္ဆာဖြစ်ပါသည်။

ကျွန်တော်တို့၏ စကားဝိုင်းတွင် ကျွန်တော်အပါအဝင် သာမန်လူတွေချည်းသာ ဖြစ်သောကြောင့် မေးခွန်းရှင်၏ အမေးကို ကျမ်းကိုးကျမ်းကား အထောက်အထား ဝေဝေဆာဆာဖြင့် ဖြေဆိုရန်မလွယ်ကူပါ။

သို့ရာတွင် အကြောင်းရှိလျှင် အကျိုးရှိသည် ဆိုသကဲ့သို့ အမေးရှိလာသောကြောင့် အဖြေကား ပေးရပါတော့သည်။ 'မပြေးသော်လည်း ကန်ရာရှိ' ဟူသကဲ့သို့ မှားချင်လည်း မှားမည်။ မှန်ချင်လည်း မှန်မည်။ ကျွန်တော်ဖြေကြားခဲ့သော အကြောင်းအရာကို စာဖတ်သူမိတ်ဆွေတို့အား တစ်ဆင့်ဖောက်သည်ချပါမည်။

(ကျွန်တော့်အဖြေကို မှားနေပါက ဤမဂ္ဂဇင်းမှ ထောက်ပြဝေဖန် အကြံပြုကြရန်လည်း ဖိတ်ခေါ်ပါသည်။)

အထက်ပါမေးခွန်းများသည် မေးသင့် မေးထိုက်သိသင့်သိထိုက်သော မေးခွန်းဖြစ်၍ လမ်းမမှားစေလို၍ ဖြစ်ပါသည်။

ကောင်းပြီ။ ဆိုခဲ့သည်အတိုင်း လူနာမေ့နေချိန်၌ ထိုသူ၏စိတ် ဘယ်ရောက်နေပါသနည်း-ဟူသော အမေးကို ဖြေကြည့်ကြပါစို့။





အဘိဓမ္မာ သဘောအရ (သတ္တဝါအားလုံး)တို့တွင် အခြေခံစိတ်သုံးမျိုးရှိ၏။ ယင်းတို့ကား-

(၁) ပဋိသန္ဓေစိတ်

(၂) ဘဝင်စိတ်(ဝါ) ပဝတ္တိစိတ်

(၃) စုတိစိတ်တို့ဖြစ်ကြ၏။

(၁) ပဋိသန္ဓေစိတ်ဟူသည် ပဋိသန္ဓေနေစဉ်အခါ ဖြစ်သောစိတ်ကို ဆို၏။

(၂) ဘဝင်စိတ်(ဝါ) ပဝတ္တိစိတ်သည် မသေမချင်း ရှိနေသော စိတ်ကိုဆို၏။

(၃) စုတိစိတ်ဟူသည် သေခါနီးအခါ ဖြစ်သောစိတ်ကို ဆို၏။

အဆိုပါစိတ်သုံးမျိုးတွင် မွေးသည်မှ နောက် မသေမချင်း တည်ရှိသော နံပါတ်(၂) ဘဝင်စိတ်(ဝါ)ပဝတ္တိစိတ်ကား ရှိနေကြရပါသည်။ ထို့ကြောင့် ခွဲစိတ်ကုသနေချိန်၌ မေ့ဆေးကြောင့် မေ့နေသော လူနာသည် နံပါတ်(၂) ဘဝင်စိတ် ရှိနေပါသည်။ မည်သည့်နေရာမှ ရောက်မသွားပါ။

ထို့အတူ အိပ်နေချိန်၌လည်း ဘဝင်စိတ်ရှိနေပါသည်။ အခြားအကြောင်းတစ်ခုခုကြောင့် မေ့မြောနေလျှင်လည်း ဘဝင်စိတ် ရှိနေပါသည်။ ထိုဘဝင်စိတ် မရှိတော့လျှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသေသွားပါသည်။

ထိုသို့ သေရာတွင် သုံးချက်ဆုံမှ သေပါသည်။ 'အာယု ဥသ္မာစ ဝိညာဏံ'ဆိုသော (သုတ်မဟာဝါ၊ ပါယာသိရာဇညသုတ်) ကျန်းဝန်လာအတိုင်း(၁)အာယု၊ အသက်ဟူသော ရုပ်ဇီဝိတ၊ နာမ်ဇီဝိတချုပ်ခြင်း (၂) ဥသ္မာ၊ အပူငွေ့ဟူသော ကံသတ္တိချုပ်ခြင်း (၃) ဝိညာဏံ ဟူသောဝိညာဉ်စိတ်ချုပ်ခြင်း- သုံးခုမရှိတော့လျှင် ထိုလူနာသေပါသည်။

နံပါတ်(၁) အာယုနှင့် နံပါတ်(၃) ဝိညာဏံတို့သည် ကိုင်တွယ်စမ်းသပ်ခြင်းငှာ မတတ်နိုင်ကောင်းသောကြောင့် မသိနိုင်ကြပါ။ အပူငွေ့ကား စမ်းသပ်၍ ရကောင်းသဖြင့် 'လူသေခါနီးတွင် ဟဲ့-ဟဲ့၊ ကြည့်ကြပါအုံးဟာ၊ အသက်မှ ရှိသေးရဲ့လား၊ အပူငွေ့ရှိ မရှိ စမ်းကြည့်ကြစမ်းပါ'ဟု ရှေးလူကြီးများ ပြောဆိုကြ၏။

လူနာကို စမ်းသပ်ကြည့်သောအခါ အပူငွေ့ရှိသေးရှိသေးလျှင် မသေသေးပါ။ အပူငွေ့မတွေ့ဘဲ တစ်ကိုယ်လုံး ဘယ်နေရာစမ်းစမ်း အေးစက်တောင့်တင်းနေလျှင် လူနာသေပြီဟု ယူဆပါမည်။

ထို့ကြောင့် ဆရာဝန်ခွဲစိတ်နေစဉ်ဝယ် လူနာမေ့မြောနေသော်လည်း အပူငွေ့လည်း ရှိနေခြင်း၊ ဘဝင်စိတ်လည်း





ရှိနေခြင်း၊ ရုပ်နာမ်တို့ကို ထောက်ပံ့ခိုင်စေတတ်သော ရုပ်ဇီဝိတ၊ နာမ်ဇီဝိတလည်း ရှိနေခြင်းတို့ကြောင့် အသက်မသေပါ။ စိတ်ကလည်း ဘယ်မှ ရောက်မသွားပါ။ ဘဝင်စိတ် မှုချရှိနေပါသည်။

သို့သော ယနေ့ အများပြောဆိုနေကြသည်မှာ

"စိတ်တွေက မတည်မြဲဘူးကွာ၊ ငါ့စိတ်က ဟိုရောက် သည်ရောက်လိုက် ဖြစ်နေတယ်" စသည်တို့ဖြစ်၏။

ထိုသို့ပြောရာတွင် မိမိတို့၏ ခန္ဓာရုပ်ကောင်ကြီးမှ စိတ်က တခြားသို့ ထွက်ခွာသွားခြင်းမဟုတ်ပါ။ ရုပ်နှင့် နာမ်သည်( အရူပဘုံနှင့် အသညသတ်ဘုံမှ တပါး) ခွဲခွာ၍ မနေပါ။ အမြဲတမ်း တွဲနေပါသည်။ အာရုံ၏ ကျက်စားရာစိတ်ကသာ ပျံ့လွင့်နေခြင်းဖြစ်ပါသည်။ (ဝါ) အာရုံများပြား စိတ်ထွေပြားခြင်း ဖြစ်သည်။

သို့ဖြစ်၍ ထိုကဲ့သို့မေ့မြောချိန်ဝယ် ထိုလူနာသည် ကုသိုလ်စိတ်ဖြင့် နေသလား၊ အကုသိုလ်စိတ်ဖြင့် နေသလား- ဟူ၍ အမေးပုစ္ဆာရှင်က ထပ်မံ၍ မေးခွန်းထုတ်လာပါသည်။

အဖြေကား မေ့မြောနေခိုက်တွင် ဘဝင်စိတ်ဖြင့်နေသောကြောင့် ကုသိုလ်စိတ်လည်း မရှိပါ။ အကုသိုလ်စိတ်လည်း မရှိပါ။ အိပ်ပျော်နေချိန်နှင့် အလားတူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတွင် ရုပ်ဖြစ်ခြင်း အကြောင်းလေးပါး၊ နာမ်ဖြစ်ခြင်း အကြောင်းတရား နှစ်ပါးကို ရှင်းပြလျှင် သဘောပေါက်နိုင်ပါသည်။ ဤ၌ ရုပ်ဖြစ်ကြောင်းကား လိုရင်းမဟုတ်သော်လည်း ပြည့်စုံသွားရန် တင်ပြခြင်းဖြစ်၏။

ရုပ်ဖြစ်ကြောင်း လေးပါးကား၊ ကံ-စိတ်-ဥတု- အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ဖြစ်၏။

နာမ်ဖြစ်ကြောင်း နှစ်ပါးကား အာရုံနှင့် ဒွါရတို့ဖြစ်၏။ အာရုံနှင့် ဒွါရတိုက်ဆိုင်လျှင် နာမ်ဖြစ်ပါသည်။ ဆိုပါစို့။ မျက်စိတည်းဟူသော ဒွါရနှင့် အဆင်းဟူသော အာရုံတို့ ပေါင်းဆုံတိုက်ဆိုင်သဖြင့် မြင်စိတ်ပေါ်မည်။ ထိုမြင်စိတ်ကို အမှီပြု၍ လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်တရားများ ဖြစ်ချင်ဖြစ်မည်၊ အလောဘ၊ အဒေါသ၊ အမောဟ စသော ကုသိုလ်တရားများ ဖြစ်ချင်ဖြစ်မည်။

အလားတူ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့၌လည်း အာရုံဒွါရနှစ်ခု တိုက်ဆိုင်လျှင် ကုသိုလ်စိတ် အကုသိုလ်စိတ်များ ပေါ်မည်ဖြစ်၏။ ထိုသို့ အာရုံဒွါရ မတိုက်ဆိုင်လျှင် ကျန်အချိန်များ၌ကား ဘဝင်စိတ်သာဖြစ်၏။

သို့ရာတွင် အိပ်နေချိန်၊ မေ့မြောနေချိန်များတွင် ယေဘုယျအားဖြင့် အာရုံ ဒွါရ မတိုက်ဆိုင်ဘဲ နေသည်ဟူ၍





မရှိနိုင်သောကြောင့် ကုသိုလ်စိတ်ဖြစ်လျှင်ဖြစ်၊ အကုသိုလ်စိတ်ဖြစ်လျှင်ဖြစ်၊ တစ်ခုခုတော့ ဖြစ်နေပါလိမ့်မည်။ သို့သော် ပုထုဇဉ်တို့သည် ကုသိုလ်စိတ်က အဖြစ်နည်း၍ အကုသိုလ်စိတ်က အဖြစ်များနိုင်ပါသည်။

အို-မမှမိတ်ဆွေအပေါင်းတို့ ကျွန်တော့်အဖြေကို မည်သို့ထင်မြင်ကြပါသနည်း။ စဉ်းစားဝေဖန်အကြံပြုကြပါကုန်လော့။



www.burmeseclassic.com

www.burmeseclassic.com

# ပစ္စုပ္ပန်သံသရာ မနစ်နာကြစေဖို့

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို အများစုကိုးကွယ်သည့်နိုင်ငံဟု ဆိုသော်လည်း နတ်ကိုးကွယ်သူများမှာ အတော်များများရှိနေပါသည်။ ထိုသို့ နတ်ကိုးကွယ်သူတို့သည် ဗုဒ္ဓဘာသာဝင်အမည်ခံ ဆင်းရဲနွမ်းပါးသူ၊ ပညာနည်းသူတို့ အများစုဖြစ်ကြောင်း တွေ့ရှိရ၏။

အဆိုပါ ဆင်းရဲနွမ်းပါးသူ၊ ပညာနည်းသူတို့သည် ကျန်းမာရေးဗဟုသုတနှင့် ငွေကြေးဥစ္စာကလည်း ခေါင်းပါးကြသည့်အတိုင်း ရောဂါဘယ ထူပြောကြ၏။ ရောဂါဖြစ်လာလျှင် ငွေရေးကြေးရေး အခက်အခဲကြောင့် ဆေးရုံဆေးခန်း





မသွားနိုင်ကြပါ။ ကြုံရာဆေးမြီးတိုများဖြင့်သာ ကုသကြရ၏။

အချို့ရောဂါသက်သာပျောက်ကင်းသွားကြ၏။ အချို့ ရောဂါတိုးလာကြ၏။ ထိုသို့ ရောဂါတိုးလာသူတို့သည် ဆေးရုံဆေးခန်းအစား ရမ်းကုသူနှင့် ကုကြ၏။ သိပ်မတတ်ကျွမ်းနားမလည်သော ဗိန္ဓောဆေးဆရာတို့နှင့် ကုသကြ၏။ အဆင်ပြေပြီး ရောဂါသက်သာသွားသူများ ရှိ၏။ အဆင်မပြေဘဲ ရောဂါပိုတိုးလာသူများလည်း ရှိ၏။

ထိုအခါ ဗေဒင်မေးခြင်း၊ နတ်မေးခြင်း လုပ်ကြပြန်၏။ များသောအားဖြင့် အချို့ဗေဒင်ဆရာတို့ကလည်း ယတြာသာ အချေခိုင်းတတ်ကြ၏။ နတ်ကတော်များကလည်း နတ်အကခိုင်းကြ၏။ ငွေရေးကြေးရေးကြောင့် ဆေးရုံဆေးခန်းရှောင်ကြသော်လည်း ယတြာချေရန်၊ နတ်ကရန် ငွေကိုမူ မရရအောင် ရှာကြ၏။ လုံးဝ ရှာမရလျှင် အိမ်ပေါင် ယာပေါင် စသည်လုပ်ကြ၏။ အပ်ဖြင့် ထွင်းရမည့်အရေးသည် ပေါက်ဆိန်ဖြင့် ပေါက်ရမည့်အရေး ဖြစ်လာရလေသည်။

အထူးသဖြင့် ရုပ်ဝေဒနာရောဂါထက် စိတ်ဝေဒနာရောဂါက အဖြစ်များသည်ကို တွေ့ရှိရ၏။ ဤတွင် စိတ်ရောဂါအကြောင်းကိုသာ တင်ပြပါမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝေဒနာရောဂါသည် အမျိုးသားထက် အမျိုးသမီးများက ပို၍အဖြစ်များကြ၏။ ဖြစ်တတ်သည့်အရွယ်မှာ အပျိုဖော်ဝင်စ သွေးပေါ်ချိန်အရွယ်နှင့် သွေးဆုံးချိန် အသက် ၄၀-ကျော်အရွယ်တို့ အများဆုံးတွေ့ရတတ်၏။

ထိုရောဂါခံစားနေရသည့် လူနာများအား မတတ်တတ် ဗိန္ဒောဆရာတို့က ပေါက်ကရဆေးများကျွေးကြ၏။ ပယောဂဆရာတို့က ဟိုရွက် သည်ရွက် ကြိမ်မောင်းမာန်မဲ ရိုက်နှက်ခြင်းလုပ်ကြ၏။ နတ်ကတော်တို့က "သိုက်ကလာသည်၊ ဥစ္စာစောင့်ဖြစ်သည်၊ သိုက်ကပြန်ခေါ်ခြင်းဖြစ်သည်၊ သိုက်ကပြန်မခေါ်နိုင်ရန် သိုက်ကြိုးဖြတ်ရမည်၊ ပျော်ပွဲပေးရမည်"စသည်ပြောကြ၏။ ပျော်ပွဲပေးခြင်းသည် နတ်ပွဲ ကခြင်းပေတည်း။

နတ်ပွဲလုပ်၍ နတ်ကသည်။ ကံ ၅-ပါးစလုံးဖြစ်စေ၊ တစ်ပါးနှစ်ပါးဖြစ်စေ မုချကျူးလွန်ကြတော့သည်။ ကာမေသုမိစ္ဆာစာရနှင့် အဒိန္နာဒါနသည် မထင်ရှားသော်လည်း ပါဏာတိပါတ သူ့အသက်သတ်ခြင်းကံ၊ သုရာမေရယ-အရက်သောက်ခြင်းကံ၊ မုသာဝါဒ-လိမ်လည်ပြောခြင်းကံတို့ကို သေချာပေါက်ကျူးလွန်ကြ၏။

မှန်၏။ လူနာရှင်သည် ကြက်ကြော်ရန် ပုံ့သကူသား





ကို ဝယ်မည်မဟုတ်ပါ။ နတ်ကတော်ကလည်း ကြက်အရှင်သာ ခိုင်းတတ်ပါသည်။ ထိုအခါ လူနာရှင်သည် ကိုယ်တိုင်လည်း သတ်ရမည်၊ ကိုယ်တိုင်မသတ်ဝံ့လျှင် သူတစ်ပါးအား အသတ်ခိုင်းရမည်။ မိမိမသတ်လည်း သူတစ်ပါးအသတ်ခိုင်းပါက ပါဏာတိပါတကံမှ မလွတ်ပါ။

နတ်ပွဲမှန်လျှင် အရက်က ပါစမြဲဖြစ်၏။ သုရာမေရယ အရက်သောက်ခြင်းသည် ပြောစရာပင်မလို။ မုသာဝါဒ-လိမ်လည်ညာဝါးပြောခြင်းမှာမူ ကာယကံရှင်နတ်ကတော်များသာ အသိဆုံးပါဖြစ်ပေလိမ့်မည်။ နတ်ကတော်တို့သည် မုသာဝါဒကို အရည်ကျိုသောက်နေသူများဖြစ်ကြောင်း ထင်ရှား၏။

မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသော ထုံးကို လက်ကိုင်ထားကာ မရှိဆင်းရဲသား၊ ပညာနည်းပါးသူတို့အပေါ် လှည့်စားလိမ်လည်အမြတ်ထုတ် ငွေရှာနေကြသူတွေ ဖြစ်ကြလေသည်။

* * *

နတ်ကတော်တို့က "သိုက်ကလာသည်၊ ဥစ္စာစောင့်ဖြစ်သည်" စသည်ပြောပြီ နတ်ကခိုင်းငွေ တောင်းခြင်းက အကြောင်းမဟုတ်ပါ။ လူနာရှင်မှာကား ပစ္စုပ္ပန်အတွက်လည်း နစ်နာဆုံးရှုံးရပါသည်။ အချို့လူနာရှင်များ ရောဂါမပျောက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးသွားကြ၏။ ငွေကုန်လူပန်းစိတ်မောလူမော ဖြစ်ရရှာသည်။ အချို့ရောဂါသည်များဆိုလျှင် အသက်ပင် ဆုံးရှုံးရရှာပါသည်။ ဤကား ပစ္စုပ္ပန်နစ်နာခြင်း ဖြစ်၏။

ထိုသို့ အသက်ဆုံးရှုံးသွားသော လူနာရှင်များကို နတ်ကတော်တို့က ကွယ်ရာမှာ ပြောကြသည်မှာ"လွန်သွားပြီ၊ သိုက်ကပြန်ခေါ်သွားပြီ"ဟူသတည်း။ မည်သို့ပင်နတ်ကတော်တို့က သူတို့ဘက်က ကာကွယ်ပြောဆိုနေသော်လည်း လူနာရှင်တို့သည် သံသရာအတွက်ပါ ဆုံးရှုံးမှုဖြစ်တတ်ကြရပါသည်။

အချို့လူနာတို့သည် နတ်ကတော်ပြောသောစကားကြောင့် သူတို့ကိုယ်သူတို့ တကယ်သိုက်ကလာသည်ဟု ထင်နေတတ်ကြပါသည်။ ထို့အတူ ပြန်လျှင်လည်း သိုက်သို့ပြန်ရမည်ဟု စိတ်ထဲစွဲမှတ် ယုံကြည်နေကြပါသည်။

နတ်ကတော်၏ လိမ်လည်လှည့်စားမှုကြောင့် တကယ်သိုက်ခေါ်၊ ဥစ္စာစောင့်နေရာခေါ်၊ ပြိတ္တာဘုံသို့ ရောက်ရှိသွားနိုင်ပါသည်။ လူနာရှင်တို့သည် ပြိတ္တာဘုံသို့ မည်သူမျှရောက်ချင်ကြမည်မဟုတ်ပါ။ သို့သော် စွဲလမ်းခြင်းဟူသည် ချစ်ခင်နှစ်သက်မှ စွဲလမ်းနေသည်မဟုတ်ပါ။ ကြောက်လန့်နေပါကလည်း စွဲလမ်းတတ်ပါသည်။





ဤတွင် ဖတ်ဖူးသောအကြောင်းသာဓကတစ်ခုကို ပြောချင်ပါသည်။ အမေရိကန်ရှိ လူဖြူလင်မယားနှစ်ယောက်တွင် ခင်ပွန်းသည်က ဒေါက်တာဖြစ်၏။ ဒေါက်တာခင်ပွန်းသည်သည် ပန်းပုရုပ်ကြွများကို နှစ်သက်မြတ်နိုး၏။ တစ်ခါသော် ဒေါက်တာခင်ပွန်းသည်က လူအရွယ်ရှိသည့် ကပ္ပလီရုပ်ထုတစ်ခုကို ဝယ်လာ၏။ ထိုကပ္ပလီရုပ်ကြီးကို သူတို့အိပ်ခန်းထောင့်တွင် ထားလိုက်၏။

ဇနီးသည်သည် ထိုကပ္ပလီရုပ်ကြီးကို မနှစ်သက်ဘဲကြောက်လန့်နေ၏။ သို့သော်လည်း ခင်ပွန်းသည်အား ချစ်ခင်သဖြင့် ကန့်ကွက်ခြင်းမပြုခဲ့ပေ။ ထိုဇနီးသည်သည် ကပ္ပလီရုပ်ကြီးအပေါ်သာ ကြောက်လန့်မှုအာရုံရောက်နေလေသည်။

ပြောရမည်ဆိုလျှင် အချိန်ရတိုင်း သည်အရုပ်ကြီးကိုသာမြင်ပြီး ကြောက်ရွံ့နေရှာလေသည်။ ထို့နောက် တစ်နှစ်ကျော်ခန့်အကြာတွင် ဒေါက်တာလူဖြူ၏ဇနီး လူဖြူအမျိုးသမီးသည် သားတစ်ယောက်ဖွားမြင်၏။ ထိုသားသည် လူဖြူဖြစ်သော အဖေအမေတို့နှင့်လည်း မတူဘဲ အသားမည်းကြုတ် ကပ္ပလီရုပ် တူနေသောဟူ၏။

အမျိုးသမီးသည် ချစ်၍စွဲလန်းခြင်းမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့၍ စွဲလမ်းနေခြင်းဖြစ်သည်။ ကြောက်ရွံ့ခြင်းသည် ဒေါသပင်မဟုတ်ပါလား။

ယခုလည်း သေချာစွာမသိဘဲ သိုက်(ပြိတ္တာဘုံ) ကလာသည်ဟု မပြောသင့်ကြပါ။ နတ်ကတော်သည် မိမိအတွက် လိမ်ညာငွေရှာသော်လည်း လူနာအတွက်မှာ သံသရာ၌ ပြိတ္တာဘုံ၊ သို့မဟုတ် သူတို့နက်ကတော်တွေပြောနေသော သိုက်သို့ သွားဖြစ်နိုင်ပါသည်။

ဆိုခဲ့သည့်အတိုင်း ပြိတ္တာဘုံမရောက်ချင်သော်လည်း အထက်ပါသာဓကက လူဖြူအမျိုးသမီးလို စိတ်စွဲလမ်းပြီး လူမည်းကလေးမွေးတတ်သလို လူနာသည် ကြောက်ရွံ့စွဲလမ်းမှုကြောင့် ပြိတ္တာဘုံရောက်သွားနိုင်ပါသည်။

နတ်ပြည်က သူတော်ကောင်းနတ်၊ လူပြည်က သူတော်ကောင်းစသူတို့သည် သူတို့စိတ်ညွတ်လိုက်ရာ(နတ်သတ်ကြွေပြီး၊ လူအသက်သေပြီး) သွားဖြစ်တတ်သည်ဟု ဆိုပါသည်။ ဘုရားလောင်းနတ်သား၊ မမွကာဥပါသကာစသည့်သာဓကများကို ရှုကြည့်နိုင်ပါသည်။

ထို့အတူ ကုသိုလ်၊ အကုသိုလ်ကံ မထင်ရှားလှသော အိပ်ရာပေါ်မှ သေခါနီးလူနာများသည်း ကြောက်ရွံ့စွဲလမ်းသော အာသန္နကံစိတ်ဖြင့် သိုက်ကလာသည်ဟု ကထစ်ချယုံကြည်





သေလျှင် မုချပြိတ္တာဘုံ ရောက်သွားနိုင်ပါသည်။

ထို့ကြောင့် မဟုတ်မမှန်လုပ်ကြံ၍ မပြောဘဲ လူနာရှင်အား စိတ်ကျန်းမာရေးဆေးရုံသို့သာ တက်ရောက်ကုသခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ သို့မဟုတ်ပါက လူနာရှင်သည် ပစ္စုပ္ပန်ယခုဘဝမှာလည်း နစ်နာဆုံးရှုံး၍ သံသရာပါ ဆက်လက်ဆုံးရှုံးနိုင်ပါကြောင်း တင်ပြအပ်ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# လက်စွပ်လေးတစ်ကွင်း

ဦးသန်းကြွယ်နှင့် ဒေါ်ထားကြီးတို့တွင် သမီးနှစ်ယောက်ရှိသည်။ အကြီးက ပတင်ကြွယ်၊ အငယ်က မတင်မယ်ဖြစ်သည်။ ဦးကြွယ်နှင့် ဒေါ်ထားကြီးသည် သား ယောကျ်ားမထွန်းကားရှာ၊ သည်သမီးနှစ်ယောက်သာ ထွန်းကားသည်။ ဦးသန်းကြွယ်တို့ လင်မယားသည် ကံလှကျေးရွာတွင် အချမ်းသာဆုံး မြေဧကများစွာ ပိုင်ဆိုင်သောသူများဖြစ်သည်။

အချိန်ကား- ၁၉၂၀ ကျော်ဝန်းကျင် လွတ်လပ်ရေး မရသေးသောကာလဖြစ်သည်။ ဦးသန်းကြွယ်သည် မျိုးချစ်စိတ်ဓာတ်ရှိသူ တစ်ဦးဖြစ်သည်။ 'ချစ်တီးကုလားတွေဘာကြောင့်ကြီးပွားသနည်း။ အတိုးပေး၊ အတိုးချ၍ ကြီးပွားသည်။ ချစ်တီးများသည် အိန္ဒိယနိုင်ငံမှ လာတုန်းက လက်





ကွတ်တီးမျှသာပါသည်။ သို့သော်လည်း မြန်မာပြည်ရောက်သောအခါ နှစ်များမကြာမီ ကြီးပွားချမ်းသာကုန်ကြသည်။

သူတို့က တိုင်းတစ်ပါးမှ လက်ချည်းလာပြီး ချမ်းသာသေးလျှင် ငါတို့က ကိုယ့်မြေ ကိုယ်ယာနေပြီး အဘယ်ကြောင့် မကြီးပွားရမည်နည်း'ဟု ထက်သန်သော လုံ့လဝီရိယဖြစ်ကြိုးစားရာ လယ်ဧကများစွာ ပိုင်ဆိုင်လာခဲ့သည်။ လူငှားတွေ နွားတွေနှင့် သူကိုယ်တိုင် ကြိုးကြပ်လုပ်သည်။

စပါးပေါ်ချိန်စပါး ပဲပေါ်ချိန်ပဲ စသည် လှောင်တန်သာလှောင်၊ ရောင်းဝယ်လုပ်တန်လုပ်သဖြင့် မကြာမီ ချမ်းသာလာခဲ့သည်။ ရွာထဲက ငွေချေးလိုသူများကိုလည်း ချစ်တီးတို့ထံမှ မယူစေဘဲ သူ့ထံက ယူစေသည်။ ဒေါ်ထားကြီးကလည်း အလကားမနေ အိမ်မှာကုန်စုံဆိုင်ဖွင့်သည်။ အကူရောင်းသူတွေပါ ထားရသည်။ ရွာကလည်း အိမ်ခြေရှစ်ရာကျော်သောရွာကြီးဖြစ်သည်။

ထို့ကြောင့် ဒေါ်ထားကြီးဆိုင်မှာ အလွန်ရောင်းကောင်းသည်။ ထိုစဉ်က ယခုခေတ်လို ဥဒဟိုသွားလာနိုင်သော လမ်းပမ်းအဆက်အသွယ်မကောင်းပါ။ မြို့သွားရာဝယ်နွေမိုးဆောင်း ခြေလျင်ကုန်းကြောင်းအားကိုးကာ သွားရသည်။ နွေအခါ လှည်းလမ်းပေါက်လျှင် လှည်းနှင့်သွားကြသူတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိ၏။ လူတိုင်းလှည်းနွားရှိကြသည်မဟုတ်ပါ၊ ကားဆိုတာ ဝေလာဝေးဖြစ်၏၊ စက်ဘီးတောင် တောသားတိုင်း မမြင်ဖူးကြပါ၊ ရွာမှာစက်ဘီးဆိုလျှင် မရှိသလောက်ရှားသည်။ ဆိုင်ကယ်ဆိုတာ ဘယ်မှန်းမသိ၊ တိုးတက်သောခေတ်မဟုတ်ပေ၊ သူတစ်ပါးအောက်ရောက်နေသော ကျွန်ခေတ်အချိန်ဖြစ်သည်။ ထို့ကြောင့် မြို့မသွားကြ၊ ဒေါ်ထားကြီးဆိုင်သာ လာဝယ်ကြသည်။

ဆိုခဲ့သည့်အတိုင်း ဦးသန်းကြွယ်သည်လည်း မျိုးချစ်စိတ်တစ်ဦးဖြစ်သည်ကြောင့် အင်္ဂလိပ်တော်လှန်ရေးသမားများကို တတ်နိုင်သလောက်ထောက်ပံ့သည်။ ဦးသန်းကြွယ်တို့ကြီးပွားခြင်းသည် မျိုးချစ်စိတ်ကြောင့်လည်းပါသည်။ အချို့တော်လှန်ရေးသမားများက ဦးသန်းကြွယ်၏ မျိုးချစ်စိတ်ရှိပုံအကြောင်းပြောပြီး စပါးနှမ်း စသည် ရောင်းစရာဝယ်စရာရှိလျှင် ကိုယ်အမျိုးသားဖြစ်သည့် ဦးသန်းကြွယ်ထံ၌သာ ရောင်းရန်ဝယ်ရန် ဆန် ဆီ စား စသည့် မီးဖိုချောင်ကုန်ပစ္စည်းများကိုလည်း ဒေါ်ထားကြီးဆိုင်၌သာ ဝယ်ကြရန် ဟောပြောစည်းရုံးကြသည်။

ဦးသန်းကြွယ်တို့ဇနီးမောင်နှံသည် အမျိုးဘာသာ သာသနာ ရပ်ရွာရှိ သာရေးနာရေး စသည်တို့၌ ရှေးဆုံးမှ





လူအား ငွေအားကူညီယိုင်းပင်းကြသည်။ ပေးကမ်းခြင်းသည် ချစ်ဆေးမဟုတ်ပါလော။ မတင်ကြွယ် မတင်မယ်တို့ညီမနှစ်ယောက်ကလည်း မိဘများနည်းတူ ပေးကမ်းစွန့်ကြရာ၌ လက်မနှေးကြပါ၊ အလုပ်သမားများကို ထိုက်ထိုက်တန်တန် ချီးမွမ်းပေးတမ်းပါသည်။

သို့ရာတွင် မတင်ကြွယ် မတင်မယ်တို့သည် အပေးအကမ်းသာ ရက်ရောသော်လည်း မာနကြီးသည်၊ မာနကြီးမည်ဆိုကလည်း ကြီးလောက်ပါသည်။

ရုပ်ရည်တွေကလှပသည်။ အသားအရေကဖြူဖွေးနုနယ်သည်။ အရွယ်တွေမှာ မတင်ကြွယ်အကြီးက နှစ်ဆယ့်နှစ်နှစ် မတင်မယ်အငယ်က နှစ်ဆယ်ဝန်းကျင် ဥစ္စာပစ္စည်းကလည်း တောရွာအဖို့ သူဌေးစားရင်းဝင်သူတွေ ထို့ကြောင့် မာနကြီးသည်မှာ မဆန်း။ ရွာရှိကာလသားတွေက နှစ်သက်ကြသူတွေ မြတ်နိုးကြသူတွေရှိ၏။ သို့သော် သူတို့အနား မည်သူမှ မကပ်ရဲကြ၊ မတင်ကြွယ်တို့ညီအမကလည်း ဤရွာဝယ် သူတို့တန်သည့် အိမ်ထောင်ဖက်ဖူးစာရှင် မရှိကြောင်း ခံယူထားသည်။

စာလည်းမတတ်ပါဟု မထင်လေနှင့် ညီမနှစ်ယောက်စလုံး လေးတန်းတော့အောင်ပြီးသူတွေဖြစ်သည်။ မိ



www.burmeseclassic.com

www.burmeseclassic.com



ဘများသည် ထိုခေတ်အခါကပညာမျက်စိတွေ့ကလည်း နည်းပါးကြကာ အမြင်မကျယ်သည်တစ်ကြောင်း မိန်းကလေးများဖြစ်သည်ကတစ်ကြောင်း အိမ်မှာလည်း သူတို့မရှိလျှင် မဖြစ်၍ ကျောင်းမထားတော့ခြင်းဖြစ်သည်။

* * *

မတင်ကြွယ် မတင်မယ် ညီအစ်မနှစ်ဦးသည် အပျိုကြီးတစ်ကိုယ်တည်းနေလာခဲ့ကြရာ ရက်ကိုလစား လကို နှစ်စား၍ တဖြည်းဖြည်းအသက်တွေကြီးရင့်လာကြသည်။ မတင်ကြွယ် အသက်သည် ငါးဆယ်ရှစ်နှစ် မတင်မယ်အသက်သည် ငါးဆယ်ခြောက်နှစ်ထဲရောက်နေလေပြီ မိဘများဖြစ်ကြသော ဦးသန်းကြွယ် ဒေါ်ထားကြီးတို့သည်လည်း သမီးငယ် မတင်မယ် အသက်သုံးဆယ်ခြောက်အရွယ်ကပင် သူတို့၏ချစ်လှစွာသော သမီးနှစ်ယောက်နှစ်အတူ လယ်ယာခြံမြေရွှေငွေဥစ္စာ ကျွန်နွား စသည်မကျန် သက်ရှိသက်မဲ့ပိုင်ဆိုင်သမျှ ဘာတစ်ခုမှ ယူငင်မသွားနိုင်ဘဲ သေမင်းခေါ်ရာ မလိုက်လိုပါသော်လည်း မနေသာတဲ့ ဓမ္မတာသဘောမို့ ဆင်ခြေပြော၍မရ အမောတကောလိုက်ပါသွားရခြေပြီ။

မတင်ကြွယ် မတင်မယ်တို့ထံ၌လည်း သေမင်းသည်





တံခါး မကြာမကြာ လာရောက်ခေါက်တတ်၏။

မတင်ကြွယ်မတင်မယ်တို့သည် အသက်လေးဆယ်ကျော်လာကတည်းက ရောဂါထူလာကြသည်။ မတင်ကြွယ်က မကြာခဏမူး၍ အသက်ရှူမဝ မောနေတတ်သည်။ မတင်မယ်က ခြေလက်တွေ မသယ်ချင်သလိုဖြစ်ကာ တစ်ကိုယ်လုံးကိုက်ခဲနေတတ်သည်။ ထိုခေတ်က အင်္ဂလိပ်ဆေးဆရာဝန်ဆိုတာ မြို့မှာပဲရှိသည်။ တောမှာ ဝမ်းဆွဲဆရာမပင်မရှိ၊ ကလေးမွေးတော့ တောလက်သည်မိန်းမကြီးတွေနှင့် မွေးရသည်။ ရောဂါဖြစ်ကြလျှင်လည်း တတ်ကျွမ်းခြင်းရှိမရှိ မသိရသော ဗိန္ဒောဆေးဆရာတွေနှင့်သာ ပြီးရသည်။

မတင်ကြွယ်တို့ညီအစ်မနှစ်ယောက်သည် မိဘတွေကလည်းမရှိ အသက်တွေကလည်း ကြီးလာ၊ ကြောင်အိုတော့ ကြွက်မလေးဆိုသလို အခိုင်းအစေအလုပ်သမားတွေကလည်း သူတို့ညီအစ်မကို မကြောက်ကြ မရိုသေကြတော့ပါ။ ထို့ကြောင့် တဖြည်းဖြည်းနှင့် စီးပွားရေးက ကျဆင်းလာသည်။ အိမ်ဈေးဆိုင်လည်း ဖြုတ်လိုက်ရသည်။ အရွယ်ငယ်စဉ်က နေပူမိုးရွာမရှောင် လောဘတကြီး ရှာခဲ့သော ဖဏ်တို့သည် ကြီးလာတော့ ခန္ဓာကိုယ်အား ထိခိုက်လာသည်။ ထို့ကြောင့်လည်း ရောဂါတွေစွဲ၍ သေမင်းက ခဏခဏတံခါးလာ



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ခြင်းခံနေရလေသည်။

မိဘတွေထားခဲ့သော လယ်ယာကျွဲနွားတွေလည်း အကုန်ရောင်းပစ်လိုက်ရသည်။ အခုချိန်မှာ ညီအစ်မနှစ်ယောက်သည် ရှိတာလေးဖြင့် ငွေတိုးပေးစားနေရ၏။ ငွေတိုးပေးစားရသည်ကလည်း ရွှေ အပေါင်ခံသလိုမျိုးမဟုတ်ပါ။ ရွှေ အပေါင်ခံသည်က ပိုင်ရှင်ကလာရွေးလည်း ရွှေပြန်ရောင်း၍ရသည်။ ငွေတိုးချေးခြင်းမှာ မည်သည့်အပေါင်မှ မပါဘဲ လူယုံကြည်ပြီး ပေးလိုက်ရသည်။ အတိုးမှန်မှန်ပေးသူလည်းရှိသည်။ မပေးသူလည်း ရှိသည်။ အချို့အတိုးရော အရင်းပါဆုံးသည်။ အချို့က ပေးနိုင်လျက်မပေး၊ အချို့က လုံးဝပေးစရာမရှိ၍ မပေးကြခြင်း ဖြစ်သည်။ သည်တော့ ဘာတတ်နိုင်မည်နည်း။ တိုင်တော လျှင်ရ၏။ သို့ပေမယ့် ရုံးဂတ်အစားခံရခြင်း၊ မိမိအလုပ်ပျက် ခြင်းသာရှိပေလိမ့်မည်။ တိုင်တောခြင်းလည်း ထိုခေတ်က သိပ်မရှိကြ။ ရုံးပြင်ကနားသွားရမည်ကို တောသူတောင်သားတို့အဖို့ သေမလောက်ကြောက်ကြလေသည်။

* * *

"ဒေါ်ကြီးရယ် ကျုပ်သိပ်အရေးကြီးလို့ပါ၊ တစ်ဆယ်လောက်ပဲချေးပါ"





ဟု တတွတ်တွတ်ပြောပြီး အသနားခံငွေချေးသည်။ ဒေါ်တင်ကြွယ်ကား ခေါင်းသာတွင်တွင်ရမ်းနေသည်။

"လုပ်ပါ ဒေါ်ကြီးရယ် ဒေါ်ကြီးငွေတစ်လထက် မကြာစေရပါဘူး" ဟု ငွေချေးသည့် အမျိုးသမီးက ငိုမဲ့မဲ့ပြောရှာသည်။

(ယခုခေတ်အမြင်ဖြင့်ကြည့်မည်ဆိုလျှင် ငွေတစ်ဆယ်သည် ဘာမျှတန်ဖိုးရှိမည်မဟုတ်ပါ။ ယခုခေတ်ကလေးအချို့လည်း ငွေတစ်ဆယ်ကျပ်တန်ကိုပင် မြင်ဖူးကြတော့မည်မထင်ပေ။)

သို့သော် ၁၉၅၆-ခုနှစ်ဝန်းကျင်က ရွှေတစ်ကျပ်သားသည် ငွေတစ်ရာကျော်တော့်ခန့်သာရှိသေးသည်။ လူလိအစရှိသည် အလုပ်သမား တိုင်းတစ်ပါးသားတို့သည် တစ်နေ့မှ နှစ်ကျပ် သုံးကျပ်သာရကြသည်ဆို၏။ ငွေကြေး၏တန်ဖိုးမှာ လွန်စွာမြင့်လျက်ရှိသည်။ ဘူးသီးကျော်ညောင်ရွက်ကြီးကြီးတစ်ရွက်စာ ၂-ခုမှ တစ်ပြားပေးရသည်ဟုကြားဖူး၏။ ဆန်တစ်တင်းတောင် တစ်ကျပ်နှစ်ကျပ်ခေတ်ဖြစ်သည်။ ထို့ကြောင့် ငွေတစ်ဆယ်ဆိုသည်မှာ လွန်စွာတန်ဖိုးရှိသည်။

"ဟဲ့ မိပြား ညည်းကိုကျုပ်မချေးနိုင်ဘူးလို့ပြောထားပြီးပြီလေ ညည်းက အတိုးလဲ မှန်မှန်ပေးချင်တာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မှာလဲ နည်းနည်းပဲရှိတော့တာ နောက်လာသူတွေ အတွက်ချန်ထားရအုံးမှာ"

ဒေါ်တင်ကြွယ်သည် မိပြွားက မျက်ရည်ခံထိုး၍ အမျိုးမျိုးတောင်းပန်တိုးလျှိုးပြောသည့်တိုင် လုံးဝမသနား၊ မြန်မြန်အိမ်ပေါ်က ဆင်းသွားရန်သာ နှင်လွှတ်နေသည်။

မိပြွားလည်း ဒေါ်တင်ကြွယ်အား မည်သို့မှ ပြော၍ ရမည်မထင်တော့သဖြင့် မရွှင်မလန်း မျက်နှာညိုးငိုစွာ ထ၍ မပြန်ချင်ပြန်ချင် နှေးကွေးသော ခြေလှမ်းတစ်လှမ်းချင်း လှမ်းကာ ဒေါ်တင်ကြွယ်တို့အိမ်ပေါ်မှ ဆင်းလာခဲ့လေသည်။

မိပြွားသည် ငွေတစ်ဆယ် ဘယ်ကရနိုင်မည်လဲဟု အကြိမ်ကြိမ်စဉ်းစားသည်။ စဉ်းစားသော်လည်း အဖြေက ထွက်မလာ၊ ခေါင်းငိုက်စိုက်ချ အိမ်ပြန်လာရသည်။

"ဟဲ့ မိပြွား မျက်နှာလဲမကောင်းပါလား နင်ဘယ်က ပြန်လာတာလဲ" ဟု မိပြွားအိမ်၌ ရောက်နေသော အစ်မတစ်ဝမ်းကွဲတော်သူ သန်းစိန်မက မေးလိုက်သည်။

"ကျုပ်ဒေါ်တင်ကြွယ်ဆီကပြန်လာတာပါတော်၊ အဲဒီ အပျိုကြီးက ကျုပ်ကိုမယုံတော့ဘူးတော့" ဟု သန်းစိန်မ၏ အမေးကို မိပြွားက စိတ်ဆိုးမာန်ဆိုးပြန်ဖြေလိုက်သည်။

"နင်ငွေသွားချေးတာမဟုတ်လား"ဟု သန်းစိန်မက





အတပ်မေးလိုက်သည်။

"ဟုတ်ပါတယ် အစ်မ"ဟု မိပြွားက တုံးတိတိ ဖြေလိုက်သည်။

"နင်ကလဲ နင်ပဲ ချေးပြီးပြန်ပေးပေါ့ဟယ် ဒါနဲ့ နင်က ဘယ်လောက်တောင်ချေးတာလဲ"ဟု သန်းစိန်မက မေးလိုက်ပြန်သည်။

"တစ်ဆယ်ပါတော်" မိပြွားက ပြန်ပြောလိုက်သည်။

"ဒါဆို ငါချေးပေးမယ် လာ ငါနဲ့လိုက်ခဲ့" ဟုဆိုကာ မိပြွားလက်ကို ဆွဲ၍ သန်းစိန်မသည် ဒေါ်တင်ကြွယ်တို့အိမ်ခေါ်သွားလေသည်။

* * *

သန်းစိန်မကိုတော့ ဒေါ်တင်ကြွယ်ယုံသည်။ သန်းစိန်မသည် ကတိတည်သူ သစ္စာရှိသူဖြစ်သည်၊ ဒေါ်တင်ကြွယ်ကလည်း သန်းစိန်မကို ချစ်သည်။ သန်းစိတ်မကိုလည်း သံယောဇဉ်ရှိသည်။

မှန်ပါသည်၊ သန်းစိန်မသည် အသက်ဆယ့်တစ်နှစ်သမီးထဲက ဒေါ်ထားကြီးက ခေါ်၍ ဈေးအကူရောင်းခိုင်းသည်၊ သန်းစိန်မကို ဒေါ်တင်ကြွယ်သာမဟုတ်ပါ၊ ဦးသန်း

www.burmeseclassic.com



ကြွယ် ဒေါ်ထားကြီးနှင့် သမီးငယ်ဒေါ်တင်မယ်တို့ကပါ မျက်နှာသာပေး ချစ်ခင်ကြပါသည်။ ထို့ကြောင့် သန်းစိန်မသည် သူ၏ ညီမတစ်ဝမ်းကွဲ မိပြားကို ရဲရဲခေါ် သွားခြင်းဖြစ်၏။

"ဟဲ့ သန်းစိန်မ ဘာကိစ္စလဲ" ဟု မျက်စိက မိပြားအား တစ်ချက်စောင်းငဲ့ကြည့်ကာ သန်းစိန်မအား ဒေါ်တင်ကြွယ်က လှမ်းမေးလိုက်သည်။

သန်းစိန်မသည် ဒေါ်တင်ကြွယ်ထံသို့ တဖြည်းဖြည်းလှမ်းလာသည်။ သို့သော် နောက်မှ လိုက်လာသော မိပြားသည် လိုက်မလာဘဲ ရပ်နေသည်။ မျက်နှာကလည်း စိတ်ပျက်ဝမ်းနည်းအားငယ်ဟန်ဆောင်နေသည်။ သန်းစိန်မက ပြန်လှည့်ကြည့်လိုက်ရာ မိပြား အဖြစ်ကိုကြည့်ပြီး အားမလိုအားမရဖြစ်နေသည်။

"မိပြား လာလေ၊ ဘာကြောင့်ရပ်နေတာလဲ" ဟု သန်းစိန်မက ခေါက်ဆတ်ဆတ်အသံဖြင့် လှမ်းခေါ်လိုက်သည်။ ထိုအခါမှ မိပြား မရွှံ့မရဲ တစ်လှမ်းချင်း လှမ်းလာသည်။

ဒေါ်တင်ကြွယ်သည် ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်လျက် ပုတီးစိပ်နေသည်။ သန်းစိန်မနှင့် မိပြားတို့သည် ဒေါ်တင်ကြွယ်၏ ခြေရင်း၌ ကျုံ့ကျုံ့လေး ထိုင်လိုက်ကြ





သည်။

"ညည်း ဘာကိစ္စလဲ ပြောပါဦး သန်းစိန်မ" ဟု သန်းစိန်မကိုလာရင်းအကြောင်းကို သိလျှက်နှင့် မေးခြင်းဖြစ်သည်။ သန်းစိန်မလည်း ဒေါ်တင်ကြွယ်စိတ်ထဲ ဘယ်လိုရှိသည်ဆိုခြင်းကို သိပြီးပါ။

"မမကြီးကလဲ. . . မမကြီးဆီလာမှတော့ ငွေချေးချင်လို့ပေါ့" ဟု သန်းစိန်မသည် ရယ်ရွှင်းပတ်ရွှင်းဖြင့် ဒေါ်တင်ကြွယ်အား ချိုသာစွာ ပြောလိုက်သည်။ မိပြားတို့ကသာ ဒေါ်တင်ကြွယ်နှင့် ဒေါ်တင်မယ်ညီမနှစ်ယောက်ကို ဒေါ်ကြီး ဒေါ်လေး ခေါ်ကြသော်လည်း သန်းစိန်မသည် ဒေါ်တင်ကြွယ်နှင့် ဒေါ်တင်မယ်တို့ညီမနှစ်ယောက်နှင့် ဆယ်နှစ်ကျော်ကျော်ကွာသည်က တစ်ကြောင်း ငယ်စဉ်က နွတ်ကျိုးနေသည်တတစ်ကြောင်းတို့ကြောင့် သန်းစိန်မသည် ဒေါ်တင်ကြွယ်အား မမကြီးခေါ်၍ ဒေါ်တင်မယ်အား မမလေးဟု ခေါ်လာသည့်အတိုင်း ယခုလည်း ဒေါ်တင်ကြွယ်အား မမကြီးဟု ခေါ်လိုက်ခြင်းဖြစ်သည်။

"ဒါနဲ့ မမကြီး၊ မမလေးကော" ဟု သန်းစိန်မသည် ဟိုသည်လှည့်ပတ်ကြည့်ရင်း မေးလိုက်သည်။

"ရွာတောင်ပိုင်း အကြွေးသွားတောင်းတယ်၊ ညည်း



www.burmeseclassic.com

www.burmeseclassic.com



အခုငွေချေးမှာက ညည်းအတွက်လား၊ မိပြားအတွက်လား” ဟု တိုက်ရိုက်မေးလိုက်သည်။

“ကျုပ်ညီမ မိပြားအတွက်ပါတော်၊ သူ တကယ်အခက်အခဲတွေ့နေလို့ ကျုပ်ကိုယ်တိုင် လိုက်ချေးပေးတာပါ” ဟု သန်းစိန်မက ပြောလိုက်သည်။

“ခုနက ငါဆိုလာပြီး ချေးတယ်၊ သူ့ကိုတော့ ငါလုံးဝမချေးနိုင်ဘူး၊ ညည်းအတွက်မဟုတ်ရင် ညည်းဘယ်လောက် အာမခံခံ မပေးနိုင်ပါဘူး” ဟု ဒေါ်တင်ကြွယ်က ခပ်ပြတ်ပြတ်ပြောလိုက်သည်။

“မမကြီးကလဲ သူ့ကတကယ်ငွေလိုနေလို့ပါတော်၊ ကျုပ်ကိုယုံပါတော်၊ မမကြီးငွေကို ပြန်ပေးစေရပါ့မယ်” ဟု သန်းစိန်မကပြော၏။

သို့သော်လည်း မည်သို့ပြောပြော မည်သို့အာသနားခံခံ မမကြီးသည် ဘူးဆိုလျှင် ဖရုံမသီးသည့်ပုံမျိုးပင်။

“ညည်းတို့ကလဲအေ စိတ်ရှုပ်လိုက်တာ မချေးနိုင်ဘူးလို့ ငါပြောပြီးပြီ မဟုတ်လား ကဲ ပြန်ကြတော့ ပြန်ကြတော့” အတင်း နှင်လွှတ်နေသည်။ သန်းစိန်မလည်း ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ သူ့အနီးမှ မျက်နှာလေးအောက်ချလျက် မျက်ရည်ကျနေသော ညီမလေးမိပြားကို အလွန်သနား





နေမိသည်။

သန်းစိန်မသည် လာစဉ်က သူပြောလျှင် ရလိမ့်မည်ဟု ထင်ထားခဲ့သူ၊ ယခုအထင်နှင့် အမြင်က တစ်ခြားစီ၊ မိပြားမျက်နှာမထောက်တောင် သူ့မျက်နှာကိုတော့ ထောက်သင့်သည်။ သန်းစိန်မသည် ဒေါ်တင်ကြွယ်တို့အိမ်တွင် ဆယ်နှစ်ဆယ်မိုးမက အလုပ်အကျွေးပြုခဲ့သည်။ ပြောရလျှင် သန်းစိန်မ အိမ်ထောင်ကျမှ ခွဲလာခဲ့ခြင်းဖြစ်သည်။ အခုတော့ စိမ်းကားရက်စက်လွန်းသည်ဟု သန်းစိန်မထင်မိသည်။

သန်းစိန်မသည် စိတ်ထဲဒေါ်သဖြစ်ကာ အလွန်မကျေမနပ်ဖြစ်ပြီး မပြောမဆိုနှင့် မိပြားလက်ကိုဆွဲ၍ ဝုန်းခနဲမတ်တတ်ထရပ်လိုက်သည်။

ဒေါ်တင်ကြွယ်ပင်လန့်သွားသည်။ သန်းစိန်မသည် သူ့လက်ဖြင့် မိပြားလက်ကိုဆွဲလိုက်ချိန် သူ့ဘယ်လက်သူကြွယ်၌ ဝတ်ထားသည့် လက်စွပ်ကို သတိရ၍ အတွေးတစ်ခုပေါ်လာသည် ချက်ချင်းပြန်ထိုင်လိုက်သည်။ မိပြားလည်း သူ့အပြုအမူကိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်သွားသည်။ သန်းစိန်မထိုင်လိုက်သဖြင့် မိပြားလည်း ထိုင်လိုက်မိသည်။

“ဟဲ. . . သန်းစိန်မ၊ ညည်းဘာပြောအုံးမလို့လဲ” ဟု



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်ကြွယ်က မေးလိုက်သည်။

"ကျုပ်တို့ငွေချေးတာကို မမကြီးက မယုံဘူးလေ၊ မိပြားမယုံရင်တောင်၊ ကျုပ်ကိုတော့ ယုံသင့်တာပေါ့၊ ကျုပ်အခု ပြန်ထိုင်တာက ဟောဒီမှာ (သန်းစိန်မ ဘယ်လက်သူကြွယ်၌ ဝတ်ထားသော လက်စွပ်လေးကို ညာလက်ဖြင့် ဆွဲဖြုတ်တာ) ကျုပ်လက်စွပ်ကို အပေါင်ထားမယ်။ မမကြီး ကျုပ်တို့ကို တစ်ဆယ်ပေးပါ၊ ကျုပ်တို့ မကြာခင်ပြန်ရွေးမယ်"ဟု သန်းစိန်မက ပြောလိုက်သည်။

ဒေါ်တင်ကြွယ်သည် သန်းစိန်မလှမ်းပေးသော ရွှေလက်စွပ်လေးကို ယူကာ သေချာကြည့်နေ၏။

"ကျုပ်လက်စွပ် က ရွှေအစစ်ပါ မမကြီး ကြေးတို့ မိုးကြိုးတို့ မဟုတ်ဘူး" ဟု သန်းစိန်မက ခပ်မာမာပြောပြီး အာမခံလိုက်သည်။

ဒေါ်တင်ကြွယ်တို့ ရွှေအပေါင်မခံခြင်းမှာ ရွှေတုဖြစ်မည်စိုးခြင်းနှင့် ငွေချေးသူကွေ့မှာ ရွှေအပေါင်မယားနိုင်ခြင်းတို့ကြောင့် လူယုံကြည်ပြီး ငွေတိုးသာပေး၏။ ထို့ကြောင့် လက်စွပ်ကို သေချာကြည့်ခြင်း ဖြစ်သည်။ သန်းစိန်မ အာမခံလိုက်မှ ငွေတစ်ဆယ်ကို ရှောရှော ရှုရှုပေးလိုက်လေသည်။

သန်းစိန်မတို့ ညီအစ်မနှစ်ယောက်လည်း ငွေရသည်





နှင့် တစ်ပြိုင်နက် ဒေါ်တင်ကြွယ်အိမ်မှ အမြန်ထွက်ခွါလာခဲ့ကြ၏။

* * *

သန်းစိန်မသည် အရဲစွန့်ပြီး ဒေါ်တင်ကြွယ်တို့အိမ်ရောက်လာသည်။

"သန်းစိန်မ ဘာကိစ္စလဲ" ဟု ဒေါ်တင်ကြွယ်က မေးလိုက်သည်။

ဒေါ်တင်ကြွယ်နှင့် ဒေါ်တင်မယ် ညီအစ်မနှစ်ယောက်သည် ရေနွေးကြမ်းသောက်နေကြသည်။

"ကျုပ်ဟိုတစ်နေ့က ပေါင်ခဲ့တဲ့လက်စွပ်ကလေး" သန်းစိန်မသည်စကား ဖြောင့်ဖြောင့်ဖြူးဖြူး မပြောနိုင်ဘဲ ယစ်ငေါ့နေသည်။

"ဘာလဲ ညည်းပြန်ရွေးမလို့လား" ဟု ဒေါ်တင်ကြွယ်က မေးလိုက်သည်။

"ဒီ. . . ဒီလိုပါ မမကြီး၊ ကျုပ်တို့လင်မယား ဟို တစ်ခြားရွာက ဘုရားပွဲသွားမလို့ပါ။ ကျုပ်ယောက်ျားက ကျုပ်လက်မှာ လက်စွပ်မတွေ့ရင် မေးမှာဆိုးလို့ ဒီတစ်ရက် ခဏပြန်ငှားပါလို့ ပြောမလို့ပါ" ဟု မရဲတရဲ သန်းစိန်မက ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အို . . . အေ ရှုပ်ရှုပ်ယှက်ယှက် မပေးနိုင်ပါဘူး"ဟု ဒေါ်တင်ကြွယ်က ခပ်ပြတ်ပြတ်ပြောလိုက်သည်။ သန်းစိန်မ ငိုင်ကျသွားသည်။ ဒေါ်တင်မယ်သည် သန်းစိန်မကို ကြည့်ကာ သနားသွားပုံရသည်။

"မမကြီး နင်ဘာလုပ်ထားတာလဲ" ဟု ဒေါ်တင်ကြွယ်အား ဒေါ်တင်မယ်က မေးလိုက်သည်။ ဒေါ်တင်ကြွယ်သည် သန်းစိန်မနှင့် မိပြားတို့လာခြင်းအကြောင်းကို အစအဆုံး ပြောပြလိုက်သည်။

"သန်းစိန်မဆိုတာ သူများလဲမဟုတ်ဘူးမမကြီးရယ် ကိုယ့်အိမ်မှာနေသွားတာပဲ။ ကူညီစရာရှိ အလကားတောင် ကူညီရအုံးမှာ ခကာငှားတာပဲ ပေးလိုက်ပါ" ဟု ညီမ ဒေါ်တင်မယ်က ဝင်ပြောသည် သို့သော်လည်း ဒေါ်တင်ကြွယ်သည် အတန့်တန့်ငြင်းနေ၏။

နောက် ဒေါ်တင်မယ်က သန်းစိန်မ၏ သစ္စာရှိပုံ ကတိတည်ပုံ ကျေးဇူးတရားသိပုံ အလုပ်ကြိုးစားပုံ စသည်တို့ကို အကြောင်းနှင့် အကျိုးပြောပြမှ ဒေါ်တင်ကြွယ်သည် သန်းစိန်မအား မပေးချင် ပေးချင်နှင့် လက်စွပ်ကို ထုတ်ပေးလိုက်သည်။ ပြီးတော့ နှုတ်ကလည်း "မနက်ဖြန်ညနေတော့ ညည်း





ဆက်ဆက်လာပေးနော်" ဟု မှာလိုက်သေးသည်။

သန်းစိန်မလည်း လက်စွပ်လေးကိုယူကာ ပြေးထွက်သွားသည်။ မိုးစပ်ကလည်း "ဟုတ်ကဲ့ပါမမကြီး" ဟု အပြေးအလွှား ပြောသွားသည်။

သန်းစိန်မသည် အိမ်ရောက်သော် ရေချိုး၊ သနပ်ခါးလိမ်း၊ ခေါင်းဖီး အဝတ်အစားလဲ၊ ပန်းပန်ကာ ယောက်ျားဖြစ်သူနှင့် အတူ တစ်ခြားရွာဘုရားပွဲသို့ ထွက်လာကြသည်။

တစ်ခြားရွာမှ အသိမိတ်ဆွေအိမ်၌ ညစာစားကြပြီး အငြိမ့်ပွဲကြည့်ရန် ပွဲခင်းဆီ အိမ်ရှင်များနှင့်အတူပျော်ပျော် ရွှင်ရွှင်လာခဲ့ကြသည်။ အငြိမ့်က လူခေါ်ဆိုင်းပင် တီးနေလေပြီ ပွဲခင်းသည် လယ်ကွင်းတစ်ခုထဲမှာ ဖြစ်သည်။ ထိုလယ်ကွင်း အနီးမှာ ယခုဘုရားပွဲလုပ်သော စေတီတော်နှင့် ဘုန်းကြီးကျောင်းရှိသည်။ ရွာနှင့်ကျောင်းက တစ်ဖာလုံဝေးမည်။ အချိန်ကား ညနေ ခြောက်နာရီ ခုနစ်နာရီလောက်ရှိနေပြီ။ နွေအခါနေ့တာရှည်သဖြင့် မှောင်ရီပျိုးစသာရှိသေးသည်

"ဟင်း . . . မမကြီး" သန်းစိန်မသည် အမြင်မှာ အသံထွက်မလာဘဲ စိတ်ထဲမှ ရေရွတ်လိုက်ခြင်းဖြစ်သည်။ သန်းစိန်မသည် ကိုယ့်မျက်စိကိုပင် မယုံနိုင်၊ ကာကယ်မြင်တာမှ ဟုတ်ရဲ့လားဟု မျက်စိကိုသေချာပွတ်ကြည့်ပြန်သည်။ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



တင့်ကြွယ် မိမိနောက်မှ လိုက်လာသည်ကို သေချာမြင်ရနေရသည်။

သန်းစိန်မသည် သူယောက်ျားအား လက်ကုပ်၍ အခြားသူများ မသိအောင် တိုးတိုးတိတ်တိတ်ပြောပြလိုက်သည်။

"ဟာ. . . မဖြစ်နိုင်တာ၊ သူက ဒီအရွယ်ကြီးမှပွဲလာကြည့်မတဲ့လား၊ ပြီးတော့ သိပ်လဲနေကောင်းတာမဟုတ်ဘူး၊ ငါတော့ မမြင်ပါဘူးဟ" ဟု သန်းစိန်းမအား ထွန်းကျော်က ပြန်ပြောလိုက်သည်။

"ကိုထွန်းကျော်ကလဲ ကျုပ်မျက်စိနဲ့ သေချာမြင်နေရတာ၊ အခုလဲ နောက်ကလိုက်လာနေတာတော်" ဟု သန်းစိန်မက ပြောပြန်သည်။

အမှန်မှာ သန်းစိန်မသည် လိမ်ညာနေသည်မဟုတ်ပါ။ ဒေါ်တင်ကြွယ်နောက်က လိုက်လာသည်ကို တကယ်မြင်နေခြင်းပင်။

သို့သော် သန်းစိန်မတစ်ယောက်တည်းသာ မြင်သည် အခြားသူများ မမြင်ကြပေ။

* * *

ဘာကြောင့် သန်းစိန်မသည် ညနေစောင်းမှာ ဒေါ်





တင်ကြွယ်အား မြင်ရပါသနည်း၊ အကြောင်းကား. . .

သန်းစိန်မတစ်ယောက် ဒေါ်တင်ကြွယ်တို့အိမ်မှ အပြန် ဒေါ်တင်ကြွယ်တို့ညီအစ်မနှစ်ယောက်သည် ဝက်သားချက်နှင့် ထမင်းစားကြသည်၊ ငပိကြော်လည်းပါသည်။ ညနေ သန်းစိန်မတို့ ပွဲထွက်လာချိန်နှင့် ဒေါ်တင်ကြွယ်ရောဂါဖြစ်နေချိန်မှာ တိုက်ဆိုင်နေသည်။ ဝက်သားချက် ငပိကြော်နှင့် ထမင်းစားပြီးကတည်းက ဒေါ်တင်ကြွယ်သည် ဝမ်းဗိုက်လေးကွေးနေသည်။

ခေါင်းလည်း မကြည်မသာဖြစ်နေသည်၊ နောက်တဖြည်းဖြည်းနှင့် မူးလာသည်၊

ဒေါ်တင်မယ်သည် အစ်မကြီးက တစ်ခါတရံ၌သို့ဖြစ်နေကျမို့ အိပ်ရာသို့တွဲပို့ပေးသည်။ ဒေါ်တင်ကြွယ်လည်း အိပ်ရာပေါ် လှဲအိပ်လိုက်သည်။ ညနေသုံးနာရီထဲက ဝင်သွားရာ ညခြောက်နာရီကျော်သည်အထိ မထ၍ ဒေါ်တင်မယ်သွားကြည့်သည် မမကြီး ဒေါ်တင်ကြွယ် သေဆုံးနေကြောင်း တွေ့ရသည် ညနေသုံးနာရီနှင့် ခြောက်နာရီအကြား မည်သည့်အချိန်က သေဆုံးနေမှန်းမသိရပါ။

ထို့ကြောင့် သန်းစိန်မနောက်က လိုက်လာသည်ဟု မြင်သည့်အချိန်သည် ညနေခြောက်နာရီကျော် ခုနစ်နာရီခန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သန်းစိန်မတို့ကား ဘာမှမသိကြသေး၊ အငြိမ့်ပွဲကို တစ်ညလုံးကြည့်ကြသည်။ မနက်မိုးလင်း၍ ရွာပြန်လာမှ ဒေါ်တင်ကြွယ်သေဆုံးကြောင်းသိကြသည်။

သန်းစိန်မသည် ထိုအခါမှ မနေ့ညနေက မြင်ခဲ့ရသော အကြောင်းကို နားလည်သွားသည်။

သန်းစိန်မသည် ဒေါ်တင်ကြွယ်အိမ်၌ လုပ်ပေးစရာရှိသည်များကို လုပ်ပေးသည် ညတ ပွဲကြည့်ထား၍ နောက်မှလာအိပ်မည်ဟု ဒေါ်တင်မယ်အား အကျိုးအကြောင်း ပြော အိမ်ပြန်လာခဲ့သည် အိမ်ရောက်သော် ညရှစ်နာရီလောက်မှာ အိပ်ရာဝင်ခဲ့သည်။ မနေ့က ပွဲကြည့်ထားသဖြင့် ချက်ချင်းဆိုသလို အိပ်ပျော်သွားသည်။

"သန်းစိန်မ ငါ့လက်စွပ်ကိုပြန်ပေး၊ နင်မရွေးဘဲယူသွားဘာယ်" ဟု ဒေါ်တင်ကြွယ်က ပြောသည်။

"ပေးပါ့မယ်မမကြီးရယ်"ဟု သန်းစိန်မက ပြောသည်။

"မရဘူး၊ မရဘူး ငါ့လက်စွပ်ကို အခုချွတ်"ဟု ဆိုကာ သန်းစိန်မလက်မှ ဝတ်ထားသော လက်စွပ်ကို အတင်းဆွဲချွတ်သည်။

"မမကြီး ပေးပါ့မယ်၊ ကျုပ်ကိုလွှတ်ပါ"ဟု သန်းစိန်မကတောင်းပန်သည်။





ဒေါ်တင်ကြွယ်ကား သန်းစိန်မ စကားကို အမှတ်မထား၊ သန်းစိန်မအား ခွစီး၍ သန်းစိန်မလက်မှ လက်စွပ်ကိုယူသည်။ သန်းစိန်မကိုလည်း နှစ်ချက်သုံးချက်ပါးရိုက်လိုက်သည်။

သန်းစိန်မသည် ကြောက်အားလန့်အားဖြင့် မမကြီး မလုပ်ပါနဲ့၊ မမကြီး မလုပ်ပါနဲ့ ဟု အော်ရင်း နိုးလာသည်။ သန်းစိန်မတစ်ကိုယ်လုံးမှာ ချွေးတွေရွှဲနေသည်။ သန်းစိန်မသည် အိပ်မက်လား တကယ်လား ဝေခွဲမရဖြစ်နေသည်။ သို့သော် ထိုကိစ္စကို ယောကျ်ားကိုထွန်းကျော်မှ အစ မည်သူ့မှ မပြောဘဲ ရင်ထဲမှာထားလိုက်သည်။

ဒေါ်တင်ကြွယ် အသုဘချသောနေ့က အလုပ်တွေရှုပ်နေသဖြင့် လက်စွပ်ကို ဒေါ်တင်မယ်အား ပေးရန်မေ့သွားသည်၊ ထို့ကြောင့်လား မသိ ညမှာ ဟိုတစ်နေ့ကအိပ်မက်မျိုးမြင်မက်ပြန်သည်။

ဒေါ်တင်ကြွယ်သည် ကျွတ်မှ ကျွတ်ပါလေစေဟု သန်းစိန်မ သံသယရှိလာသည်။

မိုးလင်းသော် ဒေါ်တင်ကြွယ်ထံက ယူခဲ့သော လက်စွပ်ကို သန်းစိန်မသည် ဒေါ်တင်မယ်အား လာပေးသည့် ဒေါ်တင်မယ်က လက်မခံ။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းလက်စွပ်ကို ညည်းပဲယူသွားပါ။ ညည်းချေးသွားတဲ့ငွေတစ်ဆယ်သာ ငါ့ကို ပြန်ပေးပါအေ"ဟု ဒေါ်တင်မယ်က ပြောသည်။

သန်းစိန်မသည် သူဖြစ်ပုံကို ဒေါ်တင်မယ်အား ပြောပြလိုက်သည်။

"ညည်းဖြစ်ခဲ့တာ အိပ်မက်ပါအေ. . . တကယ်မဖြစ်နိုင်ပါဘူး"ဟု ဒေါ်တင်မယ်က သန်းစိန်မအား ပြောလိုက်သည်။

သန်းစိန်မပြောတာကို ဒေါ်တင်မယ်သည် ယုံကြည်ပုံမရပေ ထို့ကြောင့် သန်းစိန်မသည် ဒေါ်တင်မယ်အား ပြန်လည် ငြင်းမနေတော့ဘဲ အိမ်ပြန်လာခဲ့သည်။ သန်းစိန်မသည် မိမိလက်စွပ်ကလေး ပြန်ပေးလိုက်ခြင်းကိုပင် ဒေါ်တင်မယ်အား သန်းစိန်မ ကျေးဇူးတင်နေမိသေးသည်။ သို့သော် မိပြားအတွက် ချေးပေးထားသော ငွေတစ်ဆယ်ကို ပြန်ပေးနိုင်ရန် မိပြားအား နှိုးဆော်ရဦးမည်။

* * *

"ညည်း ငါ့လက်စွပ်ကို ခုထိ ပြန်မပေးသေးဘူးလား" ဟု ဆိုတာ ဒေါ်တင်ကြွယ်သည် သန်းစိန်မအား တွန်းထိုး





ရိုက်ပုတ်လေသည်။

"မမလေးကို ကျုပ်ပေးပါတယ်တော်၊ မမလေးက ညည်းလက်စွပ်ကို ညည်းဘာသာ ပြန်ယူသွား၊ မမကြီးဆီက ယူသွားတဲ့ ငွေတစ်ဆယ်ကိုသာ ပြန်ပေးဆိုလို့ပါ"ဟု သန်းစိန်းမက ပြောပြသည်။ သို့သော် ဒေါ်တင်ကြွယ်က လက်မခံ။ သန်းစိန်မကို ကိုယ်ပေါ် ခွစီးပြီး လည်ပင်းညှစ်ပါတော့သည်။ သန်းစိန်မ ရုန်းလည်း မရုန်းနိုင်၊ အော်လည်း မအော်နိုင်ပေ။

ထိုအချိန်မှာ ကိုထွန်းကျော်သည် သန်းစိန်မအား လှုပ်နှိုးလိုက်သည်။ သန်းစိန်မလည်း လန့်နိုးလာသည်။

"ဟဲ့ သန်းစိန်မ၊ နင် ဝရှုးဝရှားနဲ့ ဘာတွေဖြစ်နေတာလဲ၊ ဒါကြောင့် ငါနှိုးလိုက်တာ"ဟု ကိုထွန်းကျော်က ပြောသည်။

ကိုထွန်းကျော်ကိုလည်း သန်းစိန်မက သူ့အိပ်မက်အကြောင်းကို ပြောပြလိုက်သည်။ သို့သော် ကိုထွန်းကျော်ကလည်း -

"နင့်ဟာ ကယောင်ကတမ်းမက်တဲ့ အိပ်မက်နေမှာပါဟာ၊ မဖြစ်နိုင်ပါဘူး"ဟု ကိုထွန်းကျော်လည်း မယုံကြည်ပေ၊

ကိုထွန်းကျော်က မယုံကြည်သော်လည်း သန်းစိန်မ



www.burmeseclassic.com

www.burmeseclassic.com



သည် သည်လက်စွပ်ကိုတော့ လက်ဝယ်မထားချင်တော့။ ကိုထွန်းကျော် မယုံချင်နေပါ။ သည်လက်စွပ်ကိုတော့ ဒေါ်တင်မယ်အား အပြတ်ရောင်းရန် ကိုထွန်းကျော်ကို ပြောပြလိုက်သည်။ ကိုထွန်းကျော်ကလည်း လက်ခံပါသည်။

နံနက်လင်းသော် သန်းစိန်မသည် ဒေါ်တင်မယ့်ထံ လက်စွပ် အပြတ်ဝယ်ရန် ပြောရသည်။ ဒေါ်တင်မယ်က အံ့မိုးမိုးတားသည်။ သို့သော်လည်း သန်းစိန်မက ဒေါ်တင်မယ်အား အပြတ်အယူခိုင်းလိုက်သည်။ ဒေါ်တင်မယ်သည် သန်းစိန်မ ယူထားသည့် အရင်းတစ်ဆယ်နှင့် အတိုးကို နုတ်၍ လက်စွပ်ကို ယူထားပြီး ပိုငွေများ ရှင်းပေးလိုက်သည်။

ထိုလက်စွပ် မရှိသည့်နေ့မှစ၍ သန်းစိန်မသည် ဒေါ်တင်ကြွယ်က သူ့အား လာရောက်၍ လက်စွပ်တောင်းခြင်း၊ နှိပ်စက်ခြင်း စသော အိမ်မက်များ မမက်တော့ပေ။ အမြဲတမ်း ထမင်းလုံးတစ္ဆေလို အခြောက်ခံရသော အိပ်မက်ဆိုးသည် ထွက်ခွာသွားပါတော့သည်။

သန်းစိန်မ၏ အိပ်မက်သည်၊ လက်စွပ်ရှိနေသမျှ တစ်ညမဟုတ်တစ်ည သို့မဟုတ် ညတိုင်းဆိုသလို မက်နေတတ်သည်။ သန်းစိန်မ အိပ်မက်သည် သူ့စိတ်စွဲ၍ မက်နေသလော၊ တကယ်ပင် ဒေါ်တင်ကြွယ်သည် တစ္ဆေပြိတ္တာဖြစ်၍





ညည့်၌ ရောက်လာပြီး သန်းစိန်မအား လယ်ပင်းညှစ် နှိပ်စက်လေသလော၊ မည်သူမှ တပ်အပ်သေချာ မပြောနိုင်ပါ။

အမှန်ပြောနိုင်သည်မှာ အကယ်၍ ဒေါ်တင်ကြွယ်သည် သေခါနီးဝယ် သူ့အား ပေါင်းထားသော လက်စွပ်ကို သန်းစိန်မက ခဏယူသွားသော်လည်း သန်းစိန်မတို့ ချေးယူထားသော ငွေသည် ဆုံးရှုံးပြီဟု စိတ်ထဲစွဲလမ်းသေသွားသော်ကား "လောဘကြောင့်သေ၊ ပြိတ္တာပြေ"ဆိုသည့်အတိုင်း တစ္ဆေခေါ် သရဲခေါ် ပြိတ္တာဖြစ်မည်မှာ သေချာပါကြောင်း တင်ပြလိုက်ရပါသည်။

၈

အောင်ထိုက်(ရွှေဘို)

www.burmeseclassic.com